မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက် ၂၀၁၅ ခုနှစ်၊ မေ ၅ ရက်၊ အင်္ဂါနေ့ အတွဲ [၅၄]၊ အမှတ် [၂၁၂]

အေးစေ မြဲစေ မေတ္တာရေ

- နှစ်ရွာတစ်ရွာ၊ ဆက်ဆံရာ၊ မေတ္တာလိုရင်းသုံး၊
- မိတ်ဆွေချင်းသာ၊ ပေါင်းသင်းရာ၊ မေတ္တာအမြတ်ဆုံး၊
- အေးစေမြဲစေ၊ မေတ္တာရေ၊ သုံးလေ ရပ်ရွာသုံး၊
- မေတ္တာစိတ်ဓာတ်၊ လွန်မြင့်မြတ်၊ လူနတ်အချစ်ဆုံး၊
- မေတ္တာရနံ့၊ ကြိုင်လှိုင်နံ့၊ သင်းပျံ့နယ်မဆုံး၊
- မေတ္တာပန်းခိုင်၊ ကိုယ်စီကိုင်၊ ဖက်ပြိုင်သူတို့ရှုံး၊
- တစ်ဦးမေတ္တာ၊ တစ်ဦးမှာ၊ ရှည်ကြာရှုံမမုန်း၊
- တရားပျောက်ကွယ်၊ မေတ္တာပြယ်၊ ကြီးငယ်အများမုန်း၊
- မေတ္တာနတ်ပန်း၊ ပန်ဆင်မြန်း၊ ရှင်လန်းစိတ်နှလုံး။

(စံကင်းဆရာတော်ဘုရားကြီး)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြန်မာ့လေကြောင်းအကယ်ဒမီသင်တန်းကျောင်းသို့ ရောက်ရှိ

သင်တန်းသားသင်တန်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပုသိမ်လေဆိပ်တွင် ဖွင့်လှစ်ထားရှိသည့် မြန်မာ့လေကြောင်းအကယ်ဒမီသင်တန်းကျောင်းရှိ လေ့ကျင့်ရေးလေယာဉ်ငယ်များကို ကြည့်ရှုစစ်ဆေးစဉ်။ သတင်း စာမျက်နှာ-၃၊ ဓာတ်ပုံ-(မြန်/ဆက်)

ဘက်စုံထူးချွန်လူငယ်များဖြင့် အနာဂတ်နိုင်ငံတော်သစ်ဆီသို့

ဆောင်းပါး စာမျက်နှာ-၁၀

E-mail : greatpaper.myanmar@gmail.com

GREAT INTERNATIONAL CO., LTD.

Paper One A4 (70 gsm) များကို ဝယ်ယူသုံးစွဲခြင်းဖြင့် ဂုဏ်ယူပါ. . .

09-73106111
09-73106222
09-73160002
09-73160003

OFFICE USE:

ဂုဏ်ပြုလေးစားထိုက်သော မီးသတ်သမား

လူတို့အနေဖြင့် မီးလောင်မှုဖြစ်ပြီဆိုလျှင် ပထမဆုံး သတိရလိုက်သူများသည် မီးသတ်တပ်ဖွဲ့ဝင်များ ဖြစ်ပါသည်။ မီးသတ်ဦးစီးဌာနသို့ အမြန်ဆုံးဆက်သွယ်အကြောင်းကြားရပါသည်။ မီးသတ်တပ်ဖွဲ့ဝင်တိုင်းသည် မည်သည့်မီးလောင်မှုမဆို မီးငြိမ်းသတ်ပေးရန် အသင့်ရှိနေကြပါသည်။ မီးလောင်မှုတိုင်းကို စွန့်စွန့်စားစား၊ ရဲရဲဝံ့ဝံ့လုပ်ကိုင်ပေးကြရပါသည်။ မီးငြိမ်းသတ်စဉ်အတွင်း မီးသတ်တပ်ဖွဲ့ဝင်များမှာ ဒဏ်ရာရမှုမှစ၍အသက်စွန့်လွှတ်သွားရသည်အထိ ဖြစ်စဉ်အများအပြားရှိပါသည်။

ဝါသနာ၊ စေတနာ၊ အနစ်နာ၊ 'နာ'သုံးနာနှင့်လုပ်သောလုပ်ငန်းတိုင်းသည် အမွန်မြတ်ဆုံးသော အလုပ်ဖြစ်ပါသည်။ အသက်ကိုပေးဆပ်၍လုပ်သောအလုပ်တို့သည် အာဇာနည်သူရဲကောင်းတို့၏အလုပ်ပင် ဖြစ်ပါသည်။ မီးငြိမ်းသတ်ခြင်းအလုပ်သည် စွန့်လွှတ်စွန့်စားလုပ်ကိုင်ရသည့် အလုပ်ဖြစ်သည့်အတွက် မွန်မြတ်သော အလုပ်ဖြစ်ပါသည်။

ထို့ကြောင့်လည်း နှစ်စဉ်နှစ်တိုင်း မေလ ၅ ရက်နေ့ကို မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့အဖြစ် သတ်မှတ်ထားပါသည်။ အများအကျိုးအတွက် အသက်ကိုပင်ပဓာနမထားဘဲ စွန့်လွှတ်စွန့်စားစွာလုပ်ကိုင်တတ်သော မီးသတ်တပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်တိုင်းအား ချီးကျူးဂုဏ်ပြုသောနေ့တစ်နေ့ ဖြစ်ပါသည်။ ယခုအခါ မီးသတ်တပ်ဖွဲ့နေ့သည် (၆၉)နှစ် ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါသည်။

ဤသို့ မီးသတ်တပ်ဖွဲ့နေ့ရောက်တိုင်း မြို့ရွာအသီးသီးတို့ရှိ မီးသတ်ဦးစီးဌာနများ၌ မီးသတ်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုပွဲများပြုလုပ်ပေးလေ့ရှိပါသည်။ ရဲဝံ့ပြောင်မြောက်စွာ မီးငြိမ်းသတ်ရေးလုပ်ငန်းတွင်ပါဝင်ခဲ့ကြသော မီးသတ်တပ်ဖွဲ့ဝင်များအား "ရဲသူရိန်"၊ "ရဲဗလ"၊ "ရဲကျော်စွာ" အစရှိသဖြင့် ဘွဲ့ထူး ဂုဏ်ထူး ပေးအပ်ကာ ချီးမြှောက်လေ့ရှိပါသည်။ ဤမီးသတ်စွမ်းရည်များ ပြသခြင်းသည် ပြည်သူ့အတွက် မီးဘေးအန္တရာယ်မှ ကယ်တင်ပေးရန်အသင့်ရှိနေကြောင်း ပြသလိုက်ခြင်းပင် ဖြစ်ပါသည်။

မီးသတ်တပ်ဖွဲ့ဝင်များသည် မီးငြိမ်းသတ်ရေး မီးဘေးလုံခြုံရေးတာဝန်အပြင် သဘာဝဘေးအန္တရာယ်များ ကြုံကြိုက်သည့်အခါ ရှေ့တန်းမှ မားမားမတ်မတ်ရပ်တည်ပြီး ကယ်ဆယ်ရေးအလုပ်ကိုလည်း လုပ်ကိုင်ပေးကြရသူများ ဖြစ်ကြပါသည်။ ရပ်ရေးရွာရေး ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်သည့်အခါတွင်လည်း မီးသတ်တပ်ဖွဲ့ဝင်များ ပါဝင်ကြရပါသည်။ မီးငြိမ်းသတ်ခြင်း၊ မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ခြင်း အလုပ်သည် တာဝန်တစ်ရပ်ထက် ပရဟိတစိတ်ဓာတ်ဖြင့် လုပ်ကိုင်ပေးရခြင်းက ပို၍များပါသည်။ မြန်မာနိုင်ငံတွင် သန္နေမီးသတ်တပ်ဖွဲ့ဝင်များသာမက ရပ်ရွာအခြေပြု အရန်မီးသတ်တပ်ဖွဲ့များလည်း အများအပြားရှိပါသည်။ မည်သည့်မီးသတ်တပ်ဖွဲ့ဝင်မဆို အများအကျိုးဆောင်ရွက်ကြသူများဖြစ်ကြ၍ ဂုဏ်ပြုထိုက်သောသူများ ဖြစ်ကြပါသည်။

သို့ပါ၍ ပြည်သူတို့အနေဖြင့် အများအကျိုးအတွက် အသက်ကိုပင် စွန့်လွှတ်လုပ်ကိုင်တတ်ကြသော မီးသတ်တပ်ဖွဲ့ဝင်များအား ချီးကျူးဂုဏ်ပြုလေးစားထိုက်သူများအဖြစ် မှတ်ယူအပ်ပေကြောင်း။ ။

ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားပြပွဲဖွင့်

ရန်ကုန် မေ ၄

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ကုလသမဂ္ဂကမ္ဘာလုံးဆိုင်ရာ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု ပြပွဲဖွင့်ပွဲအခမ်းအနားကို မေ ၄ ရက်က ပဲခူးမြို့ ရွှေမော်ဓောဘုရားလမ်းရှိ သီရိဟံသာခန်းမ၌ ကျင်းပသည်။ အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းနှင့်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းတင်၊ ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးမောင်မောင်ရွှေ၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်ဦးအေးဝင်း၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါ်ခင်စပယ်၊ တိုင်း/ခရိုင်/မြို့နယ်အဆင့်တာဝန်ရှိသူများနှင့် မြို့နေပြည်သူများ တက်ရောက်ခဲ့ကြသည်။ ဆက်လက်၍ တိုင်းဒေသကြီးဦးစီးမှူးက ကုလသမဂ္ဂကမ္ဘာလုံးဆိုင်ရာ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုပြပွဲ ဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားခဲ့ပြီး ဝန်ကြီးချုပ်က ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ **သန့်စင်(ပဲခူး)**

အနော်ရထာလမ်းခရီးသည် ယာဉ်တင်ယာဉ်ကြောအတွင်း ပြုပြင်ပေးရန်လိုအပ်

ထင်သာမြင်သာပြုပြင်စရာ

ရန်ကုန် မေ ၄

ရန်ကုန်မြို့တွင်း အနော်ရထာလမ်းပေါ်ရှိ ခရီးသည်တင်ယာဉ်ကြောလမ်းသားများနှင့် ဘုရင့်နောင်ခုံးကျော်တံတား ဒုတိယလွှာ သီရိမွန်ပလာဇာဘက်ခြမ်း လမ်းသားများ စစ်ဆေး၍ပြုပြင်ပေးရန် လိုအပ်နေသည်ဟု လိုင်းကားစီးခရီးသည်များ၊ အငှားတက္ကစီ ယာဉ်မောင်းများနှင့် ပွဲရုံလုပ်ငန်းရှင်အချို့က ပြောကြားသည်။

ယခုရက်ပိုင်းအတွင်း လမ်းသားမညီညာမှုကို သက်ဆိုင်ရာက စက်ယန္တရားကြီးဖြင့် လာရောက်ခြစ်ညှိထားရာ လမ်းတားတုံးများဖယ်ပြီး လုပ်ဆောင်ခြင်းမရှိ၍ လမ်းတားတုံးတစ်လျှောက် လမ်းသားကတ္တရာအတန်းများ မြင်တွေ့ရဆဲဖြစ်သည်။ ယခုအနော်ရထာလမ်းတွင်မူ လမ်းတားတုံးမဖယ်ဘဲ ခြစ်ညှိရုံသာလုပ်သဖြင့် ယင်းနေရာတစ်ဝိုက်တွင် ခြစ်ညှိထားသည့် အစင်းကြောင်းမြင်တွေ့နေရသည်ဟု အငှားယာဉ်မောင်း ဦးမောင်ကိုနှင့်ဦးတိုးဝင်းတို့က ပြောသည်။

ဖွင့်လှစ်အသုံးပြုနေသည်မှာ တစ်နှစ်ခွဲကျော် ကြာမြင့်ပြီဖြစ်သော ဘုရင့်နောင်ခုံးကျော်တံတား ဒုတိယ(အောက်လွှာ)၏ သီရိမွန်ဘက်ခြမ်း တံတားအဆက်များနေရာတွင် လမ်းသားခင်းကျင်းရာ၌ ပြေပြစ်မှုမရှိသည့်အတွက် အထူးသဖြင့် ရန်ကုန်မြို့ဘက်အဆင်းဘက် ယာဉ်ကြောတွင် သုံးနေရာဆက်တိုက် အခက်အခဲနှင့်တွေ့ကြုံနေရသည်ဟု ဘုရင့်နောင်ပွဲရုံ ပိုင်ရှင်အချို့နှင့် ကံ့ကော်လမ်းသွယ်ငါးရှိ ကားဂိတ်ပိုင်ရှင်တို့က ပြောသည်။

ယာဉ်ကြောပိတ်ဆို့မှု နာရီရှည်ဖြစ်တတ်သော ဘုရင့်နောင်ပွဲရုံဝန်းကျင်တွင် အဆိုပါခုံးကျော် ဒုတိယလွှာပေါ်တွင်လည်း ကုန်သေတ္တာယာဉ်ကြီးများအပါအဝင် ယာဉ်မျိုးစုံ စီတန်းစောင့်ဆိုင်းခြင်းများ ရှိနေတတ်သည်။ သို့ဖြစ်ရာ ယာဉ်မောင်းရာတွင်အဆင်ပြေရန် ဒုတိယလွှာ ခုံးကျော်တံတား သီရိမွန်ဘက်ခြမ်းကို ပြုပြင်ပေးစေလိုသည်ဟု ယင်းတံတားပေါ်မှ ဖြတ်သန်းသွားလာသူများက ပြောကြသည်။ **ခင်ဆိုင်**

မြို့နယ်မူလတန်းဆရာအတတ်သင် အထူးသင်တန်းဖွင့်

တန့်ယန်း မေ ၄

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ်တွင် မြို့နယ်အခြေပြု မူလတန်းဆရာအတတ်ပညာအထူးသင်တန်း သင်တန်းအမှတ်စဉ်(၂/၂၀၁၅) ဖွင့်ပွဲအခမ်းအနားကို မေ ၄ ရက်က အမှတ်(၁) အခြေခံအထက်တန်းကျောင်း၌ ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်ပညာရေးကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများက သင်တန်းဖွင့်အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းကို မြို့နယ်အတွင်းရှိ ဆရာ ဆရာမစုစုပေါင်း ၂၁၆ ဦး တက်ရောက်ကြပြီး နည်းပြ ဆရာ ၁၃ ဦးတို့က ဇွန် ၈ ရက်အထိ တစ်လကြာ လေ့ကျင့်သင်ကြားပေးကြမည်ဖြစ်ကြောင်း သိရသည်။

(ပြန်/ဆက်)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၄-၅-၂၀၁၅

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၈၅၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၄၄၈၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၈၅၀၀၀

စက်သုံးဆီဈေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၁၅
ဒီဇယ်	တစ်လီတာ	ကျပ် ၆၈၀
အောက်တိန်း ၉၂	တစ်လီတာ	ကျပ် ၆၄၀
အောက်တိန်း ၉၅	တစ်လီတာ	ကျပ် ၉၀၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၁၀

သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၄၀၀၀-၄၈၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၃၅၀၀-၃၇၀၀
၃။	ငါးရံ့	တစ်ပိဿာ	၄၅၀၀-၆၈၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၁၂၀၀၀-၁၄၀၀၀
၅။	ပုစွန် (ကျော့)	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၇၀၀၀-၃၃၀၀၀
၇။	ငါးသလောက်	တစ်ပိဿာ	၆၅၀၀-၁၄၅၀၀
၈။	ကြက်	တစ်ပိဿာ	၄၅၀၀-၁၅၀၀၀
၉။	ဝက်	တစ်ပိဿာ	၇၀၀၀-၈၅၀၀
၁၀။	အမဲ	တစ်ပိဿာ	၈၀၀၀-၁၂၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၁၃၀၀၀-၁၈၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၄၂၀၀-၉၅၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၁၀၈၈-၁၀၉၃
ဥရောပ	တစ်ယူရို	၁၁၆၂-၁၁၇၀
စင်ကာပူ	တစ်ဒေါ်လာ	၇၉၆-၈၀၀
ထိုင်း	တစ်ဘတ်	၃၀.၂၅-၃၃.၅
အိန္ဒိယ	တစ်ရူပီး	၁၆.၅-၁၇
တရုတ်	တစ်ယွမ်	၁၇၁-၁၇၃
မလေးရှား	တစ်ရင်းဂစ်	၂၉၀-၂၉၆

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

နှမ်းဆန် (အသစ်)	တစ်အိတ်	၁၇၅၀၀-၁၈၀၀၀
ပေါ်ကျွဲ	တစ်အိတ်	၂၆၅၀၀-၂၈၀၀၀
ပေါ်ဆန်း (အသစ်)	တစ်အိတ်	၃၀၀၀၀-၃၅၀၀၀
မြေပဲဆီ	တစ်ပိဿာ	၄၇၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၃၂၅
ဆိပ်ဖြူကြက်သွန်နီ (အသစ်)	တစ်ပိဿာ	၂၇၅-၄၂၅
ရှမ်းကြက်သွန်ဖြူ (အသစ်)	တစ်ပိဿာ	၁၁၅၀-၁၅၅၀
ကြက်သွန်ဖြူ(ကြုံကုတ်)	တစ်ပိဿာ	၂၀၀၀
အာလူး(ဆင်ဖြူကျွန်း)	တစ်ပိဿာ	၅၀၀-၆၅၀
ငရုတ်ရှည် (မိုးထောင်)	တစ်ပိဿာ	၃၀၅၀-၃၁၅၀
ငရုတ်ပွ (မြစ်ဝ)	တစ်ပိဿာ	၅၀၀၀-၆၈၀၀
သကြား	တစ်ပိဿာ	၁၀၀၀-၁၀၃၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-စေ့ငုတင်ပြသည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန် မြန်မာ့လေကြောင်းအကယ်ဒမီ သင်တန်းသား သင်တန်းသူများအား ရင်းနှီးစွာတွေ့ဆုံ

နေပြည်တော် မေ ၄

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးတင်နိုင်သိန်း၊ ဦးငွေအောင်၊ ဦးရဲထွဋ်နှင့် ဒေါက်တာ ဒေါ်ခင်စန်းရီ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၊ ပုသိမ်လေဆိပ်သို့ ရောက်ရှိသည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်စိုးနှင့် တာဝန်ရှိသူများက ပုသိမ်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ပုသိမ်လေဆိပ်တွင် ဖွင့်လှစ်ထားရှိသည့် မြန်မာ့လေကြောင်း အကယ်ဒမီ သင်တန်းကျောင်းသို့ရောက်ရှိပြီး သင်တန်းသား၊ သင်တန်းသူများနှင့် ရင်းနှီးစွာတွေ့ဆုံနှုတ်ဆက်သည်။

နိုင်ငံတော်သမ္မတအား မြန်မာ့လေကြောင်း အကယ်ဒမီ၏ အမှုဆောင်အရာရှိချုပ် ဦးထွန်းမြင့်က မြန်မာ့လေကြောင်း အကယ်ဒမီ သင်တန်းကျောင်း၏ မူလ(ပင်မ)အဆောက်အအုံနှင့် ယာယီအသုံးပြုလျက်ရှိသည့် သင်တန်းကျောင်းဆောင် အခြေအနေ၊ သင်တန်းသားများ သင်တန်းတက်ရောက်နေမှုအခြေအနေများကို လိုက်လံရှင်းလင်းပြသသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပုသိမ်လေဆိပ်တွင် ဖွင့်လှစ်ထားရှိသည့် မြန်မာ့လေကြောင်း အကယ်ဒမီ သင်တန်းကျောင်းရှိ သင်တန်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(ဓာတ်ပုံ-ပြန်/ဆက်)

ထို့နောက် နိုင်ငံတော်သမ္မတသည် မြန်မာ့လေကြောင်း အကယ်ဒမီ သင်တန်းသား၊ သင်တန်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

သို့မှတစ်ဆင့် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ငွေဆောင်ဘက်စုံပညာထူးချွန် အပန်းဖြေစခန်းသို့ ရောက်ရှိပြီး ဘက်စုံပညာထူးချွန်ကျောင်းသား၊ ကျောင်းသူလူငယ်များနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ငွေဆောင်ဘက်စုံပညာထူးချွန်အပန်းဖြေစခန်းရှိ ဘက်စုံပညာထူးချွန် ကျောင်းသား ကျောင်းသူ လူငယ်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(ဓာတ်ပုံ-ပြန်/ဆက်)

ကမ္ဘာ့ဘဏ်အုပ်စုဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံသို့ လေးရက်ကြာ လာရောက်လည်ပတ်မည်

နေပြည်တော် မေ ၄

၂၀၁၁ ခုနှစ်ကတည်းက မြန်မာပြည်သူများ အောင်မြင်ရရှိခဲ့သည့် သိသာထင်ရှားသော စီးပွားရေးနှင့် နိုင်ငံရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို အသိအမှတ်ပြုသောအားဖြင့် အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ကမ္ဘာ့ဘဏ်ဒုတိယဥက္ကဋ္ဌ အက်ဇယ်ဗန်ထရော့တ်ဆန်ဘက်**(ယာပုံ)**သည် ဆင်းရဲမွဲတေမှုလျှော့ချရန်နှင့် ပြည်သူများ အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်များကို မြှင့်တင်ပေးရန် မြန်မာနိုင်ငံ၏ မူဝါဒများ၊ အစီအစဉ်များနှင့် ရင်းနှီးမြှုပ်နှံမှုများကို ထောက်ပံ့သောအားဖြင့် ကမ္ဘာ့ဘဏ်အုပ်စု၏ Country Partnership Framework ဖွင့်လှစ်ရန် ယခုရက်သတ္တပတ်အတွင်း မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်မည်ဖြစ်ကြောင်း သိရသည်။

ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းအားထုတ်မှုမှာ မြန်မာပြည်သူများ လက်ဝယ်ရှိသော်လည်း နိုင်ငံတကာအသိုင်းအဝိုင်းက အရေးပါသောထောက်ပံ့မှုအခန်းကဏ္ဍမှ ပါဝင်နိုင်ကြောင်း ထရော့တ်ဆန်ဘက်က ပြောကြားသည်။ မကြာသေးမီက ကမ္ဘာ့ဘဏ်အုပ်စုမှ ထောက်ခံပေးထားသည့် ၂၀၁၅-၂၀၁၇ Myanmar Country Partnership Framework အရ မြန်မာနိုင်ငံသည် ချေးငွေနှင့် ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံအပြင် နိုင်ငံတကာဖွံ့ဖြိုးရေးအသင်း (IDA)ထံမှ နည်းပညာအကူအညီများ၊ ဗဟုသုတများ ရရှိမည်ဖြစ်သည်။ မြန်မာနိုင်ငံသည် ကမ္ဘာ့ဘဏ်အုပ်စု၏ ပုဂ္ဂလိကကဏ္ဍလက်ရုံးဖြစ်သော နိုင်ငံတကာဘဏ္ဍာရေးကော်ပိုရေးရှင်းထံမှ အမေရိကန်ဒေါ်လာ ၁ ဘီလီယံ ရင်းနှီးမြှုပ်နှံမှုနှင့် အမေရိကန်ဒေါ်လာသန်း ၂၀ တန် နည်းပညာအကူအညီလက်ခံ ရရှိမည်ဖြစ်သည်။

"ဒီအစီအစဉ်က မြန်မာပြည်သူ သန်းပေါင်းများစွာကို အကျိုးကျေးဇူးဖြစ်ထွန်းစေမှာပါ။ ကျွန်တော်တို့ ဆင်းရဲမှုလျှော့ချရေး၊ ပြည်သူများ အကျိုးကျေးဇူးဖြစ်ထွန်းရေးနဲ့ အလုပ်အကိုင်ဖန်တီးရေးဆိုတဲ့အရေးပါတဲ့ နယ်ပယ်သုံးခုအပေါ် အလေးထားဆောင်ရွက်နေပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။ ကမ္ဘာ့ဘဏ်၏အဆိုအရ သူ၏လေးရက်ကြာ မြန်မာနိုင်ငံခရီးစဉ်အတွင်း ထရော့တ်ဆန်ဘက်သည် ဝါရင့်နိုင်ငံရေးခေါင်းဆောင်များ၊ ပုဂ္ဂလိကကဏ္ဍနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် ဆွေးနွေးမှုများ ပြုလုပ်ရန် ရန်ကုန်နှင့် နေပြည်တော်သို့ သွားရောက်မည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် သူသည် နှစ်ပေါင်း ၂၅ နှစ်ကြာမြင့်ပြီးနောက် ကမ္ဘာ့ဘဏ်အုပ်စု၏ ထောက်ပံ့မှုကို လက်ခံရရှိသော ပထမဆုံး စီမံကိန်းဖြစ်သည့် National Community Driven Development Project ကို လေ့လာရန် မြန်မာနိုင်ငံတောင်ပိုင်း တနင်္သာရီတိုင်းဒေသကြီးရှိ မြိတ်မြို့ကိုလည်း သွားရောက်လည်ပတ်မည်ဖြစ်သည်။

သုတ

နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေး

လားရှိုး မေ ၄

လားရှိုးမြို့နယ် ခေးနင်းကျေးရွာအုပ်စု၌ မိုးပွင့်အထူးစီမံချက်အရ ၂၀၁၅ ခုနှစ် မေ ၁၊ ၂ ရက်တို့တွင် မြို့နယ်ဦးစီးဌာနမှူး ဦးလေးမောင်နှင့် ရုံးဝန်ထမ်းများက ကျေးရွာနေ ရှမ်းပလောင်တိုင်းရင်းသား ၁၈၁ ဦးတို့အား နိုင်ငံသား စိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်ပေးမှုအား ရှမ်း/မြောက် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန တွဲဖက်ပြည်နယ်ဦးစီးဌာနမှူး ဦးစောနိုင်က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ဇော်လွင်(လားရှိုး)

အမေရိကန်ဒေါ်လာ ၇ ဘီလီယံခန့်တန်ဖိုးရှိ တိုက်လေယာဉ်အရောင်းအဝယ်စာချုပ် ပြင်သစ်နှင့်ကာတာ လက်မှတ်ရေးထိုး

ဒိုဟာ မေ ၄

ပြင်သစ်သမ္မတ ဖရန်ဆွာဟော်လန်နှင့် ကာတာစော်ဘွား ရှိတ်ခ်တာမိမ် ဘင် ဟာမက် အယ်လ် သာနီတို့သည် ပြင်သစ်အခြေစိုက် ဒါဆိုလေယာဉ်ကုမ္ပဏီလုပ် ဟာဖာလ်ဂျက်လေယာဉ် ၂၄ စင်း အရောင်းအဝယ်စာချုပ်နှင့်ပတ်သက်၍ ယူရိုငွေ ၆ ဒသမ ၃ ဘီလီယံ (အမေရိကန်ဒေါ်လာ ၇ ဒသမ ၀၂ဘီလီယံ) ခန့်တန်ဖိုးရှိ သဘောတူညီချက်တစ်ရပ်ကို မေ ၄ ရက်က လက်မှတ်ရေးထိုးခဲ့ကြသည်။

အဆိုပါ သဘောတူစာချုပ်မှာ ပြင်သစ် စစ်လက်နက်ကုမ္ပဏီတစ်ခုဖြစ်သည့် ဒါဆိုကုမ္ပဏီက အိန္ဒိယနှင့် အီဂျစ်နိုင်ငံတို့နှင့်အတူ ဟာဖာလ်ဂျက်တိုက်လေယာဉ် အရောင်းအဝယ်စာချုပ်များကို လက်မှတ်ရေးထိုးခဲ့ပြီးနောက် ယခုနှစ်အတွင်းချုပ်ဆိုခဲ့သည့် တတိယမြောက်သဘောတူချက် စာချုပ်ဖြစ်သည်။

ယင်းသဘောတူစာချုပ်ထဲတွင် MBDA ဒုံးကျည်များ၊ ကာတာလေယာဉ်မှူး ၃၆ ဦးတို့ လေ့ကျင့်သင်ကြားပေးရေး၊ ကာတာထောက်လှမ်းရေး အမှုအပြားအား လေ့ကျင့်သင်ကြားပေးရေးနှင့် တိုက်လေယာဉ်အသုံးပြုရေးနှင့်ပတ်သက်၍ ပြင်သစ်တပ်မတော်မှ စက်ပိုင်းဆိုင်ရာနည်းပညာရှင်များ စေလွှတ်ပေးရေးတို့ ပါဝင်ကြောင်းဖြင့် တာဝန်ရှိသူများက ပြောကြားသည်။

"အခု ကျွန်တော်တို့သဘောတူချက်ရရှိခဲ့တဲ့ စစ်လက်နက်အရောင်းအဝယ်စာချုပ်ဟာ ကောင်းမွန်တဲ့ရွေးချယ်မှုတစ်ခုပါ"ဟု ပြင်သစ်သမ္မတ ဟော်လန်က စာချုပ်လက်မှတ်ရေးထိုးခဲ့ပြီးနောက် ပြောကြားသည်။ ပြင်သစ်သမ္မတ ဟော်လန်သည် ကာတာစော်ဘွားနှင့် တွေ့ဆုံခဲ့ပြီးနောက် မေ ၅ ရက်တွင် ရီးယတ်မြို့၌ ကျင်းပမည့် ပင်လယ်ကွေ့နိုင်ငံများ ပူးပေါင်းဆောင်ရွက်မှုကောင်စီ ထိပ်သီးညီလာခံသို့တက်ရောက်ရန် ဆော်ဒီအာရေဗျနိုင်ငံသို့ ထွက်ခွာသွားမည်ဖြစ်ကြောင်း သတင်းများအရ သိရသည်။

ပြင်သစ်၏ ဒါဆိုကုမ္ပဏီသည် မလေးရှားအစိုးရသို့ ဘက်စုံသုံးတိုက်လေယာဉ် ၁၆ စင်း ရောင်းချပေးရေးနှင့်ပတ်သက်၍ ညှိနှိုင်းလျက်ရှိသလို အာရပ်စော်ဘွားများပြည်ထောင်စုသို့ တိုက်လေယာဉ်များရောင်းချပေးရေးနှင့်ပတ်သက်၍လည်း ဆွေးနွေးပွဲများ ပြန်လည်စတင်နေပြီဖြစ်ကြောင်း၊ အလားတူပင် ကူဝိတ်အစိုးရလည်း အဆိုပါတိုက်လေယာဉ်များ ဝယ်ယူရေးနှင့်ပတ်သက်ပြီး ယခုဈေးနှုန်းများ တွက်ချက်နေပြီဖြစ်ကြောင်း သတင်းတွင် ရေးသားဖော်ပြသည်။

ကာတာသို့ တိုက်လေယာဉ်များရောင်းချပေးခြင်းသည် ဒေသအတွင်းရှိ နိုင်ငံအားလုံးအတွက် ကောင်းမွန်သော လက္ခဏာတစ်ရပ်ပင်ဖြစ်ကြောင်း၊ အကြောင်းမှာ မိမိတို့ကုမ္ပဏီလုပ် တိုက်လေယာဉ်များ၏ စွမ်းဆောင်ရည်ကို သိရှိရတော့မည်ဖြစ်ကြောင်း ဒါဆိုကုမ္ပဏီ အမှုဆောင်အရာရှိချုပ် အဲရစ်ခ် ထရပ်ပီယာက သတင်းထောက်များအား ပြောကြားခဲ့သည်။

(ရိုက်တာ)

၂၀၂၀ ပြည့်နှစ်အရောက်တွင် ဒူဘိုင်းသို့ ခရီးသည် သန်း ၂၀ လာရောက်ရန်မျှော်မှန်း

ဒူဘိုင်း မေ ၄

ဒူဘိုင်းအစိုးရအနေဖြင့် ၂၀၂၀ ပြည့်နှစ်အရောက်တွင် ခရီးသည် တစ်နှစ် လျှင် သန်း ၂၀ အထိ လာရောက်ရန် မျှော်မှန်းထားကြောင်း ခရီးသွားနှင့် လေကြောင်းသတင်းရပ်ကွက်များက တနင်္လာနေ့တွင် ပြောသည်။

အနာဂတ်တွင် ဒူဘိုင်းသို့ ခရီးသွားများ လာရောက်ရာတွင် တရုတ်ခရီးသွားများ အများဆုံးဖြစ်နိုင်ကြောင်း ဒူဘိုင်းခရီးသွားနှင့် ကူးသန်းရောင်းဝယ် ရေးကော်ပိုရေးရှင်းအကြီးအကဲ အဗ္ဗဒူလ်ရာဟမ်ကာဇင်က ပြောကြားသည်။

တနင်္လာနေ့မှစတင်သည့် အာရေဗျ ခရီးသွားဈေးကွက်ဆိုင်ရာ သတင်းစာရှင်းလင်းပွဲ ဖွင့်ပွဲအခမ်းအနား၌ ၎င်းက ပြောကြားလိုက်ခြင်းဖြစ်သည်။

အချို့က ခရီးသွားဈေးကွက်အရင်းအမြစ်များသည် အင်ဒိုနီးရှား၊ မလေးရှားနှင့် ထိုင်းနိုင်ငံတို့ဖြစ်လိမ့်မည်ဖြစ်ကြောင်း ၎င်းက ပြောသည်။ ၂၀၁၄ ခုနှစ်တွင် ဒူဘိုင်းသို့ နိုင်ငံခြားသားခရီးသွား ၁၃ ဒသမ ၂ သန်း လာရောက်ခဲ့ရာ တရုတ်နိုင်ငံမှ အများဆုံးဖြစ်ပြီး နှစ်စဉ် ၂၅ ရာခိုင်နှုန်း လာရောက်မှုတိုးတက်လျက်ရှိသည်ဟု ကာဇင်က ပြောသည်။

(ဆင်ဟွာ)

မြောက်ကိုရီးယား ဖမ်းဆီးခံနှစ်ဦးက တောင်ကိုရီးယားအတွက် သူလျှိုလုပ်ခြင်းဖြစ်သည်ဟုဆို

ဝါရှင်တန် မေ ၄

မတ်လက မြောက်ကိုရီးယား၌ ဖမ်းဆီးခံရသူ နှစ်ဦးသည် တောင်ကိုရီးယား ထောက်လှမ်းရေးအေဂျင်စီတစ်ခုအတွက် သူလျှိုလုပ်ခဲ့ခြင်းဖြစ်ကြောင်း တနင်္ဂနွေနေ့က တီဗွီသတင်းများတွင် ဖော်ပြသည်။ ၎င်းတို့နှစ်ဦးသည် တရုတ်နယ်စပ်ဒမ်ဒေါင်းမှ ဆိုးလ် အမျိုးသားရေးထောက်လှမ်းရေးဌာနအတွက် သူလျှိုလုပ်နေသော တောင်ကိုရီးယားနိုင်ငံသားများဖြစ်သည်ဟု မြောက်ကိုရီးယားဘက်မှ ပြောသည်။ နှစ်ဦးအနက် တစ်ဦးသည် မြေအောက်လျှို့ဝှက်ဂိုဏ်းသားတစ်ဦးဖြစ်ပြီး ပြည်ပရှိသတင်းအချက်အလက်များကို ယူအက်စ်ဘီစတစ်များ၊ အက်စ်ဒီမန်မိုရီကတ်များဖြင့် နိုင်ငံအတွင်း ဖြန့်ဝေပေးနေခြင်းဖြစ်သည်ဟု မြောက်ကိုရီးယားမီဒီယာက စွပ်စွဲခဲ့သည်။ တောင်ကိုရီးယားဘက်ကမူ အဆိုပါ စွပ်စွဲချက်သည် အခြေအမြစ်မရှိကြောင်း ပြောသည်။

အဆိုပါနှစ်ဦးမှ ချိုးသည် စီးပွားရေးသမားတစ်ယောက် ဖြစ်ပြီး သူလျှိုတစ်ယောက်အဖြစ် လုပ်ကိုင်ခဲ့သည်မှာ သုံးနှစ်ရှိပြီဖြစ်ကြောင်း CNN သို့ပြောခဲ့သည်။ ၎င်းသည် မြောက်ကိုရီးယားဘက်မှ စစ်လက်နက်ပစ္စည်းသေတ္တာများကို ရရှိရန်ကြိုးစားနေစဉ်အတွင်း အဖမ်းခံခဲ့ရခြင်းဖြစ်သည်ဟု CNN တွင် ဖော်ပြထားသည်။

အခြားတစ်ဦးဖြစ်သူ ကင်မ်သည် သာသနာပြုဘုန်းတော်ကြီးတစ်ပါးဖြစ်ပြီး သူလျှိုအဖြစ် လုပ်ကိုင်နေသည်မှာ ကိုးနှစ်ရှိပြီဖြစ်ကြောင်း၊ တောင်ကိုရီးယား အမျိုးသားထောက်လှမ်းရေးအနေဖြင့် မြောက်ကိုရီးယားသို့ အလည်အပတ်လာရောက်သော နိုင်ငံခြား ခေါင်းဆောင်များ၏ ခရီးစဉ်များနှင့် အခြားသတင်းအချက်အလက်များကို အလိုရှိခြင်းဖြစ်ကြောင်း CNN သို့ ပြောခဲ့သည်။

မြောက်ကိုရီးယားသည် စပိုင်ဟု ယူဆရသော အခြားသူများကိုလည်း ဖမ်းဆီးခဲ့သည်။ (ကျိုဒို)

တမန်တော်မိုဟာမက် ကာတွန်းပြပွဲ၌ သေနတ်သမားနှစ်ဦးကို တက္ကဆက်စ်ရဲများကပစ်သတ်

တက္ကဆက်စ် မေ ၄

တမန်တော်မိုဟာမက် ကာတွန်းပြပွဲ အပြင်ဘက်တွင် တနင်္ဂနွေနေ့က သေနတ်သမားနှစ်ဦး ပစ်ခတ်မှုများပြုလုပ်ခဲ့ရာ တက္ကဆက်စ်ရဲများက ၎င်းသေနတ်သမားနှစ်ဦးကို ပစ်သတ်ခဲ့သည်။ ဒါးလက်စ်ဆင်ခြေဖုံးဒေသတွင် ဖြစ်ပွားသော ပစ်ခတ်မှုသည် အတိတ်ကတိုက်ခိုက်မှုများအတွက် ရောင်ပြန်ဟပ်ခြင်းဖြစ်သလို တမန်တော်မိုဟာမက် ရုပ်ပုံများကိုဆန့်ကျင်သည့် အခြား အနောက်နိုင်ငံများကို ခြိမ်းခြောက်မှုလည်း ဖြစ်သည်။

ဇန်နဝါရီလက သေနတ်သမားများသည် ပြင်သစ်ရှိ သရော်စာမဂ္ဂဇင်း ချာလီဟက်ဘ်ဒိုရုံးခန်းရှိ လူ ၁၂ ဦးကို ၎င်းကာတွန်းပုံများအတွက် လက်စားခြေသည့်အနေဖြင့် ပစ်သတ်ခဲ့သည်။ တနင်္ဂနွေနေ့ တိုက်ခိုက်မှုသည် ဒေသစံတော်ချိန် ညနေ ၇ နာရီမတိုင်ခင် Cartis Culwell စင်တာရှိ ယာဉ်ရပ်နားရာ နေရာ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ၎င်းသည် ဒါးလက်စ်အရှေ့မြောက်ဘက်တွင် တည်ရှိသည်။ ရဲများက သေနတ်သမားနှစ်ဦးသည် မည်သူမည်ဝါဖြစ်သည်ကို ရုတ်တရက် အတည်ပြုချက်မပေးနိုင်သေးပေ။ ကြိုတင်ကာကွယ်မှုများ ပြုလုပ်သည့်အနေဖြင့် ဗုံးရှာဖွေရှင်းလင်းရေးအဖွဲ့က ယင်းသေနတ်သမားများ၏ ကားနှင့် အနီးပတ်ဝန်းကျင်ရှိနေရာများကို ရှင်းလင်းဆောင်ရွက်လျက်ရှိသည်။ Culwell စင်တာ၏ ပတ်ဝန်းကျင်ရှိလူများကိုလည်း ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးနေရကြောင်း မြို့တော်ရဲတပ်ဖွဲ့က ရိုက်တာသို့ပြောခဲ့သည်။

တမန်တော်မိုဟာမက် ကာတွန်းပြပွဲနှင့် ပြိုင်ပွဲကို ကျင်းပသူများက ဤပြန်ချီပြပွဲသည် လွတ်လပ်စွာပြောဆိုဖော်ပြခွင့်ကို မြှင့်တင်ရန်ရည်ရွယ်ပြီး အကောင်းဆုံးအနုပညာလက်ရာ သို့မဟုတ် တမန်တော်၏ အကောင်းဆုံးပုံတူဆွဲနိုင်သူကို ဒေါ်လာ ၁၀၀၀၀ ဆုချမည်ဖြစ်ပြီး ပြည်သူ့စိတ်ကြိုက် ဆုအတွက် ဒေါ်လာ ၂၅၀၀ ရရှိမည်ဖြစ်ကြောင်း သိရသည်။

တမန်တော်မိုဟာမက် ရုပ်ပြောင်ပုံသည် အစ္စလာမ်ဘာသာကို ဆန့်ကျင်သည့်ပုံအဖြစ်ရှုမြင်ကြပြီး တမန်တော်ပန်းချီသည် တစ်ခါတစ်ရံတွင် အစ္စလာမ်ဘာသာဝင်များကို ဒေါသအိုးပေါက်ကွဲစေကာ ဘာသာရေးဆိုင်ရာ ပဋိပက္ခများကိုဖြစ်စေနိုင်သည်။ ပြင်သစ်မဂ္ဂဇင်း ချာလီဟက်ဘ်ဒိုသည် တမန်တော်ကာတွန်းပုံကို ပုံနှိပ်ဖော်ပြခဲ့ခြင်းကြောင့် ဇန်နဝါရီလတွင် တိုက်ခိုက်ခံရသည်။ တနင်္ဂနွေနေ့က ဖြစ်ရပ်တွင် သေနတ်သမားနှစ်ဦးသည် အခင်းဖြစ်ပွားရာ အဆောက်အအုံထဲသို့ ကားများဖြင့် မောင်းဝင်လာကြပြီး အနီးရှိ လုံခြုံရေးအစောင့်များကို ပစ်ခတ်ခဲ့ရာ ရဲအရာရှိများ၏ တုံ့ပြန်ပစ်ခတ်မှုကြောင့် အဆိုပါ သေနတ်သမားနှစ်ဦးမှာ နေရာတွင်ပင်သေဆုံးခဲ့ကြောင်း သိရသည်။

(ရိုက်တာ)

မြောက်ကိုရီးယားသို့ တရားမဝင်ရောက်ရှိလာသည့် တောင်ကိုရီးယားကျောင်းသားကို ထိန်းသိမ်းထား

ဆိုးလ် မေ ၄

နိုင်ငံတွင်း တရားမဝင် ဝင်ရောက်လာသဖြင့် ဖမ်းဆီးထိန်းသိမ်းထားသော တောင်ကိုရီးယားနိုင်ငံသားကျောင်းသားတစ်ဦးအား လွှတ်ပေးရန် တောင်ကိုရီးယားက တနင်္လာနေ့က မြောက်ကိုရီးယားသို့ တောင်းဆိုလိုက်သည်။

ဧပြီ ၂၂ ရက်က တရုတ်နိုင်ငံ လျောင်နင်းပြည်နယ် ဒန်ဒေါင်မှ မြောက်ကိုရီးယားပိုင်နက်သို့ တရားမဝင်ဝင်ရောက်လာသည့် ဂျူဝန်မွန်(၂၁နှစ်)ကို မြောက်ကိုရီးယားကမ်းခြေစောင့်တပ်ဖွဲ့က ဖမ်းဆီးခဲ့သည်ဟု မြောက်ကိုရီးယားပိုင် KCNA သတင်းဌာနက စနေနေ့က ဖော်ပြသည်။

အဆိုပါ ကျောင်းသားသည် နယူးဂျာစီ၌နေထိုင်ပြီး နယူးယောက်တက္ကသိုလ်၌ ပညာသင်ကြားနေသူဖြစ်ကာ US ဂရင်းကတ်ကိုင်ဆောင်ထားသူဖြစ်သည်။ ဂျူ၏ မိဘများက ၎င်းသည် တရုတ်နိုင်ငံသို့ ခရီးထွက်မည်ဟု ပြောခဲ့သည်ဟု ဆိုသည်။

ဂျူအား တတ်နိုင်သမျှ အမြန်ဆုံးပြန်လွှတ်ပေးရန်နှင့် ၎င်း၏ပုဂ္ဂိုလ်ရေးလုံခြုံမှုအတွက် အာမခံပေးရန် ဆိုးလ်က ပြုံယမ်းသို့တောင်းဆိုလိုက်သည်။ တောင်ကိုရီးယား ပြန်လည်ပေါင်းစည်းရေးဝန်ကြီးဌာနက မြောက်ကိုရီးယား၌ ထိန်းသိမ်းထားသည့် အခြားတောင်ကိုရီးယားနိုင်ငံသား သုံးဦးကိုပါ လွှတ်ပေးရန် တောင်းဆိုခဲ့သည်။

(ဆင်ဟွာ)

ပြည်သူ့ကျန်းမာရေးဦးစီးဌာနအသစ် ဖွင့်လှစ်

နေပြည်တော် မေ ၄

လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေးနှင့် ကျန်းမာသောမျှော်မှန်းလူ့သက်တမ်း တိုးမြင့်လာစေရန်၊ လူတိုင်းလက်လှမ်းမီနိုင်သော ကျန်းမာရေးစောင့်ရှောက်မှု ရရှိနိုင်ရန်၊ လူတိုင်းရောဂါဘယကင်းရှင်းစေရန်နှင့် ကျန်းမာရေးအဆင့်အတန်း မြင့်မားစေရန်ဟူသည့် ရည်မှန်းချက်များ ဖြည့်ဆည်းပေးနိုင်ရန်အတွက် ပြည်သူ့ကျန်းမာရေးဦးစီးဌာနအသစ် ဖွင့်ပွဲကို ယနေ့နံနက် ၁၀ နာရီခွဲက နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄၇)၌ ကျင်းပသည်။

အစီအစဉ်အရ ပြည်သူ့ကျန်းမာရေး ဦးစီးဌာနကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်၊ ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်နှင့် ဒေါက်တာ ဒေါ်သိန်းသိန်းဌေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ပြည်သူ့ကျန်းမာရေး ဦးစီးဌာန ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး တက်ရောက်လာကြသူများနှင့်အတူ ဦးစီးဌာနအတွင်း လှည့်လည်ကြည့်ရှုသည်။

ပြည်သူ့ကျန်းမာရေးဦးစီးဌာန အနေဖြင့် နိုင်ငံတော်မှ ချမှတ်ထားသည့် ကျန်းမာရေးမူဝါဒများနှင့်အညီ ပြည်သူ့ကျန်းမာရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရန်၊ ပြည်သူလူထု၏ ကျန်းမာရေး အဆင့်အတန်း မြင့်မားလာစေရန်၊ ကျန်းမာရေး အဆင့်မြှင့်တင်သည့် ကျန်းမာရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရန်၊ ကျန်းမာရေးအဆင့်မြှင့်တင်နိုင်သော ပြည်သူ့ကျန်းမာရေး လုပ်ငန်းများဖြစ်သည့် (မိခင်ကျန်းမာရေး၊ ကလေးကျန်းမာရေး၊ အာဟာရဖွံ့ဖြိုးရေး၊ ကျောင်းကျန်းမာရေး၊ ပျိုရွယ်သူကျန်းမာရေး၊ သက်ကြီးရွယ်အိုကျန်းမာရေး)ပဏာမ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဦးဆောင်၍ စီမံဆောင်ရွက်ရန်၊ ရောဂါကာကွယ်နှိမ်နင်းကုသရေးလုပ်ငန်းများနှင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်ရန်၊ ကျန်းမာရေးဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်ကို မြှင့်တင်နိုင်ရန်၊ သင်တန်းများ၊ မွမ်းမံသင်တန်းများ ပေးရန်၊ ပြည်သူလူထုအတွင်း ကျန်းမာရေးနှင့်ညီညွတ်သော အပြုအမူများ၊ အလေ့အကျင့်များကို စွဲမြဲကျင့်သုံးလာစေရန်၊ ထိရောက်သော ကျန်းမာရေး ပညာပေးလုပ်ငန်းများကို ဆောင်ရွက်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ယနေ့တွင် ဦးစီးဌာန အသစ်စတင်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

DVB T2 Set Top Box များ အခမဲ့ပေးအပ်လှူဒါန်း

လှိုင်ကော် မေ ၄

ပြန်ကြားရေးဝန်ကြီးဌာနက ကယားပြည်နယ်အတွင်းရှိ လူမှုအသိုက်အဝန်းနှင့် လူနေမှုအဆင့် (E)ရှိသော အိမ်ထောင်စုများသို့ DVB T2 Set Top Box များ အခမဲ့ပေးအပ်လှူဒါန်းပွဲကို မေ ၄ ရက် မွန်းလွဲ ၁ နာရီက လှိုင်ကော်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေး၊ ကယားပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကျော်လင်းမောင်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဌ ဦးအေးမောင်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဦးအောင်နိုင်ဦးက အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေးက DVB T2 Set Top Box စက်များ ပေးအပ်လှူဒါန်းရခြင်းနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။ **(အောက်ဝဲပုံ)**

ထို့နောက် ဒုတိယဝန်ကြီး ဦးပိုက်ထွေးက ပြည်နယ် စည်ပင်သာယာရေးဝန်ကြီးထံသို့ DVB T2 Set Top Box များ ပေးအပ်လှူဒါန်းသည်။ ဆက်လက်ပြီး ဒေသခံတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယနေ့ပေးအပ်ခဲ့သည့် DVB T2 Set Top Box များအား ကယားပြည်နယ်အတွင်းရှိ မြို့နယ်ငါးမြို့နယ်ဖြစ်သည့် ရှားတော၊ ဖရူဆို၊ ဘော်လခဲ၊ ဖားဆောင်းနှင့် ရွာသစ်မြို့နယ်များသို့ DVB T2 Set Top Box ၆၉၂ လုံး ခွဲဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ကျန်းမာရေးအသုံးစရိတ်၏ ၆၇ ရာခိုင်နှုန်းခန့်ကို ကုသရေးဦးစီးဌာနက သုံးစွဲမည်

နေပြည်တော် မေ ၄

ကျန်းမာရေး ဝန်ကြီးဌာန သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးရုံး၌ကျင်းပရာ အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက ကျန်းမာရေးဝန်ကြီးဌာန၏ လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေးနှင့် လူတိုင်းရောဂါဘယကင်းရှင်းရေးဟူသည့် ရည်မှန်းချက် (၂)ရပ်နှင့် နည်းနာ (၃)ရပ်ဖြစ်သည့် ကျေးလက်ဒေသအောက်ခြေအထိ ကျန်းမာရေး အသိပညာပေးခြင်း၊ ရောဂါကာကွယ်တားဆီးခြင်း၊ ရောဂါဖြစ်ပွားလာလျှင် ထိရောက်စွာကုသမှုပေးခြင်း စသည့် နည်းနာများကို ချမှတ်အကောင်အထည်ဖော်ရန်အတွက် ဝန်ကြီးရုံးနှင့် ဦးစီးဌာနခုနစ်ခုတို့ဖြင့် ဖွဲ့စည်းဆောင်ရွက်ခဲ့ပါကြောင်း၊ ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ သွက်လက်မြန်ဆန်စေရေးနှင့် ခေတ်ကာလနှင့် လျော်ညီအောင် လုပ်ငန်းများဆောင်ရွက်ရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနကို ၂၀၁၃ ခုနှစ် ဩဂုတ် ၁ ရက်တွင် ထပ်မံတိုးချဲ့ဖွဲ့စည်းခဲ့သည့်အပြင် ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်မှစတင်၍ ဆေးသုတေသန ဦးစီးဌာန (မြန်မာပြည်အလယ်ပိုင်း)ကို ဆေးသုတေသနဦးစီးများနှင့် ကျစ်လျစ်ခိုင်မာအောင် ဖွဲ့စည်းခဲ့ပါကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနသည် ဘဏ္ဍာရေးနှစ်အလိုက် ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကျန်းမာရေး အသုံးစရိတ် ၇၀၈၉၄၉ ဒသမ ၀၀၆ သန်းနှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ကျန်းမာရေးအသုံးစရိတ် ၇၅၃၀၀၁ ဒသမ ၃၇၈ သန်းဖြင့် တိုးမြှင့်ခွဲဝေ ရရှိထားပါကြောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနသည် ကျန်းမာရေးအသုံးစရိတ်၏ ၂၅ ရာခိုင်နှုန်းဖြစ်သည့် ငွေကျပ်သန်းပေါင်း ၁၈၈၀၃၄ ဒသမ ၇၃၃ သန်းနှင့် ကုသရေးဦးစီးဌာနသည် ကျန်းမာရေးအသုံးစရိတ်၏ ၆၆ ဒသမ ၉ ရာခိုင်နှုန်းဖြစ်သည့် ငွေကျပ်သန်းပေါင်း ၅၀၃၇၅၃ ဒသမ ၇၇၄ သန်း အသီးသီးခွဲဝေသုံးစွဲနိုင်ရန် သတ်မှတ်ပြီး ၂၀၁၅ ခုနှစ် မေ ၁ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် အများပြည်သူသိရှိနိုင်စေရန် အသိပေးပြီးဖြစ်ပါကြောင်း။

ထို့အပြင် ဆေးသိပ္ပံပညာဦးစီးဌာနကို ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာနအဖြစ်လည်းကောင်း၊ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)နှင့် ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်)တို့ကို ပေါင်းစပ်၍ ဆေးသုတေသနဦးစီးဌာန အဖြစ်လည်းကောင်း၊ မူလတိုင်းရင်းဆေးပညာဦးစီးဌာနကို လက်ရှိအတိုင်းထားရှိ၍ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနကို စုစုပေါင်း ၆၆၅ ဦးမှ စုစုပေါင်း ၂၈၇၅ ဦးအထိ တိုးချဲ့ပြင်ဆင်ဖွဲ့စည်း၍လည်းကောင်း၊ ကျန်းမာရေးစီမံကိန်းဦးစီးဌာနကို အမြဲတမ်းအတွင်းဝန်ရုံးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန အဖြစ် ပြင်ဆင်ဖွဲ့စည်းခဲ့ပါကြောင်း။

ယခုကဲ့သို့ ပြင်ဆင်ဖွဲ့စည်းခြင်းဖြင့် ထောင်စုနှစ်ဖွံ့ဖြိုးရေး ရည်မှန်းချက်ပန်းတိုင်များဖြစ်သော ဆင်းရဲနွမ်းပါးမှုနှင့် စားနပ်ရိက္ခာချို့တဲ့မှုများ ပပျောက်စေရန်၊ ကလေးသေဆုံးမှုနှုန်းလျှော့ချရန်၊ မိခင်ကျန်းမာရေး မြှင့်တင်ရန်၊ အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ရောဂါ၊ ငှက်ဖျားရောဂါနှင့် အခြားရောဂါများ တိုက်ဖျက်ရေး၊ ပတ်ဝန်းကျင်ရေရှည်တည်တံ့ခိုင်မြဲရေး ဆောင်ရွက်ရန်၊ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အဓိကဆေးဝါးများကို ပြည်သူလူထုတတ်နိုင်သော ဈေးနှုန်းဖြင့် လက်လှမ်းမီရရှိနိုင်ရေးအတွက် ဆေးဝါးကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှစ၍ ဖွဲ့စည်းပုံအသစ်၊ လူသစ်၊ စိတ်သစ်များဖြင့် ပြည်သူလူထုကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို တက်တက်ကြွကြွ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ခေတ္တညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာ စိုးလွင်ငြိမ်းက ယနေ့ဖွင့်လှစ်သည့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွင် ယခင်က မရှိခဲ့သော မကူးစက်နိုင်သောရောဂါများကို ကာကွယ်တိုက်ဖျက်မည့်ဌာနစိတ်ကို ဖွဲ့စည်းထားရှိပြီး လုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်မှ တစ်နှစ်ထက်တစ်နှစ် ရန်ပုံငွေချထားမှု တိုးမြင့်လာသည့်အပြင် ပြည်ပအကူအညီဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက်ရန်ပုံငွေများလည်းတိုးမြှင့်ရရှိပါကြောင်း၊ ကမ္ဘာ့ရန်ပုံငွေ၊ ရောဂါကြီးသုံးမျိုး ရန်ပုံငွေ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့များမှ တစ်ဆင့်ရရှိသော ရန်ပုံငွေများဖြင့် ရောဂါတိုက်ဖျက်ရေးလုပ်ငန်းများ၊ မိခင်နှင့်ကလေး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ Health System Strengthening အတွက် ဖြည့်ဆည်းဆောင်ရွက်လျက် ရှိပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ခေတ္တညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာ မြင့်ဟန်က ကုသရေးလုပ်ငန်းများ ပိုမိုထိရောက် အောင်မြင်စေရန် ရည်ရွယ်၍ ကုသရေးဦးစီးဌာနကို သီးခြားဦးစီးဌာနတစ်ခုအဖြစ် ပြင်ဆင်ဖွဲ့စည်းခဲ့ပါကြောင်း၊ ကုသမှုလုပ်ငန်းများ ပိုမိုလွှမ်းခြုံနိုင်စေရန် ဗဟိုအဆင့်ဆေးရုံကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ဆေးရုံကြီးများ၊ အထူးကု ဆေးရုံကြီးများအပြင် ခရိုင်ပြည်သူ့ဆေးရုံများ၊ မြို့နယ်ပြည်သူ့ဆေးရုံများနှင့် တိုက်နယ်ဆေးရုံများဖွင့်လှစ်၍ မြို့ပြနှင့် ကျေးလက်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ၁၀၂၉ ရုံအထိ မြန်မာတစ်နိုင်ငံလုံးတွင် ပြည်သူ့ဆေးရုံများ တိုးချဲ့ဖွင့်လှစ်စောင့်ရှောက်မှုပေးလျက် ရှိပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် သတင်းမီဒီယာများ၏ သိရှိလိုသည်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။ **(အပေါ်ဝဲပုံ)**

(သတင်းစဉ်)

စီးမျောနေသောသွေး

မောင်ဆွေသက်

သူတစ်ပါးကျွန်ဘဝက လွတ်မြောက်ခဲ့ရတာ ၆၇ နှစ်ရှိပြီ၊ ဖက်ဆစ်ကို တော်လှန်ခဲ့တာလည်း နှစ်ပေါင်း ၇၀ ပြည့်ခဲ့ပြီ။

နှစ်ပေါင်း ၇၀ လုံးလုံးရုန်းကန်ခဲ့ရသော ဘဝမှ ဗမာ့တပ်မတော် (မြန်မာ့တပ်မတော်)သည် မမောနိုင်သေး၊ မပန်းနိုင်သေး။ ချွေးလေးသိပ်ဖို့ သစ်ပင်ရိပ်မှာ တစ်မှေးအိပ်ခွင့်မရနိုင်သေး။

၁၈၈၅ ခုနှစ်မှစ၍ ကျွန်ဘဝကလွတ်ဖို့ ဗြိတိသျှအစိုးရကို တော်လှန်ခဲ့ကြသည်။ ရရာလက်နက်နှင့် တိုက်ကြသည်။ အမျိုးချစ်သူတို့အဖွဲ့အစည်းမျိုးစုံနှင့် ကြိုးပမ်းခဲ့ကြသည်။ နိုင်ငံရေးသမားတို့ အရေးဆိုကြသလို မီဒီယာသမားတို့ လှုံ့ဆော်ခဲ့ကြသည်။

အဖွဲ့အစည်းမတူညီသူတို့ ပေါင်းစုမိလေသောအချိန်မှာ တစ်ပြည်လုံးမှအုံကြွလာကြသည်။ ပေါင်းစုမိကြလေသော နိုင်ငံရေးအင်အားစုများ၏ တူညီသော ရည်ရွယ်ချက်နှင့် ရွေးချယ်စေလွှတ်သော လူငယ်တို့ ဆုံကြတွေ့ကြ၊ စစ်ပညာတွေ သင်ကြားကြပြီးသော အချိန်မှာ ရဲဘော်သုံးကျိပ်ပေါ်လာသည်။ ဘီအိုင်အေတပ်ကြီးပေါ်လာသည်။ နယ်ချဲ့ဗြိတိသျှကို မောင်းထုတ်သည်။

ဘီအိုင်အေတပ်နှင့် မြန်မာမျိုးချစ်တို့ကို အားကိုးဝင်ရောက်လာသော ဖက်ဆစ်တို့သည် အင်အားငါးသောင်းနီးပါး ကြီးထွားလာသော ဘီအိုင်အေအတွက် စိုးရိမ်လာသည်။ အချိုးသတ်၍ ဘီဒီအေဟူသောတပ်ကို ဖွဲ့စည်းစေခဲ့သည်။ အင်အားသုံးထောင်မှ ငါးထောင်သတ်မှတ်သည်။ ဘီဒီအေသည် သီးခြားမဟုတ်။ ဘီအိုင်အေအင်အားစုကြီး၏ လက်ရွေးစင်အင်အားစုသာ ဖြစ်သည်။ ရဲဘော်သုံးကျိပ်၏ မျိုးဆက်သာဖြစ်သည်။

အချိန်တန်သောအခါ ဖက်ဆစ်ကို တော်လှန်သည်။ လှည်းနေလှေအောင်း၊ မြင်းဇောင်းမကျန် တစ်ပြည်လုံး ညီညွတ်သောအားနှင့် ဖက်ဆစ်ကို ချေမှုန်းခဲ့ကြသည်။

တစ်ကျော့ပြန် နယ်ချဲ့ဗြိတိသျှတို့ထံမှ လွတ်လပ်ရေးကို အရေးဆိုနေချိန်မှာ တပ်မတော်သည် အနားမယူနိုင်သေး။ ဓားသွေးလို့နေရသည်။

လွတ်လပ်ရေးကြီးရပြီ။ တပ်မတော်သားတို့ သွေးထားသောဓားကို ဓားအိမ်ထဲပြန်ထည့်ခွင့်မရကြ။ ဗြိတိသျှကို ခုတ်ရ၊ ဖက်ဆစ်ကိုခုတ်ရသောဓားတို့ သွေးမခြောက်ခင် ပြည်တွင်းစစ်ကဖြစ်နေပြီ။

လွတ်လပ်ရေးမရမီကပင် ရခိုင်ဒေသမှာ မူဂျာဟစ်သောင်းကျန်းသူကပေါ်နေပြီ။

လွတ်လပ်ရေးမရမီ ပျဉ်းမနားဒေသမှာ အလံနီတို့ ဆူကြသည်။ ဒုတိယဗိုလ်မှူးကြီး နေဝင်းဦးစီးသော တပ်ခွဲ(၅)ခွဲနှင့် Operation Flush Force ဟူ၍နှိမ်နင်းရသည်။ နည်းနည်းငြိမ်သည်နှင့် ဗမာ့သေနတ်ကိုင် တပ်ရင်း(၅)တပ်ရင်းတစ်ရင်းလုံး ရခိုင်ဒေသသို့ ချီတက်ရသည်။ မူဂျာဟစ်ရန် ချေမှုန်းရသည်။

လွတ်လပ်ရေးလည်းရရော ဗကပတို့ တောခိုသည်။ ရဲဘော်ဖြူတို့တောခိုသည်။ KNDO တို့ သောင်းကျန်းကြပြီ။ အင်းစိန်မြို့ကို သိမ်းပိုက်သည်။ ကြို့ကုန်း-သမိုင်းလမ်းဆုံနားထိ ချဉ်းကပ်လာပြီ။ စော်ဘွားကြီးကုန်း၊ ဆယ်မိုင်ကုန်းတို့ သိမ်းပိုက်သည်။ ဖဆပလအစိုးရ မျက်လုံးပြူးရပြီ။

ဦးနုအစိုးရကို မြန်မာနိုင်ငံအစိုးရဟုမခေါ်၊ ရန်ကုန်အစိုးရဟု ကမ္ဘာကခေါ်သည်။ သရော်ကြသည်။

တပ်မတော်က ရှိသမျှတပ်တွေဖြန့်၍ တွန်းလှန်နေရသည်။ မြစ်ဝကျွန်းပေါ်တစ်ခုလုံး KNDO တို့ ဆူသည်။ တောင်ငူရှိ ကရင်သနက(၁) တောခိုသည်။ ရန်ကုန်သို့ ဦးတည်လာသည်။ ပြည်မြို့မှ ကရင်သနက(၂)တောခိုသည်။ ကားကြီးကားငယ်တွေနှင့် ရန်ကုန်မြို့ကို သိမ်းမည်။ သိမ်းပြီးလျှင် နယ်ချဲ့ဗြိတိသျှတို့ ဩဇာအောက် ပြန်ရောက်ရမည်။ သူတို့အကြံကဆိုးလှသည်။

ထိုအချိန်က ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်နေဝင်းသည် ရန်ကုန်မြို့အလံပြ ဘုရားလမ်းရှိ စစ်ရုံးချုပ်ဟောင်းအပေါ်ထပ်က အခန်းကျဉ်းလေးထဲမှနေ၍ နေ့ညမပြတ် စစ်ဆင်ရေးညွှန်ကြားချက်တွေ ပေးနေရသည်။

တပ်မတော်တစ်ခုလုံးမှာ တိုက်ခိုက်ရေးတပ်ရင်း (၁၀)ရင်းသာရှိသည်။ အချို့ တောခိုသေးသည်။ ဗကပအင်အားစုဖြစ်သော တောခိုသနက(၃)နှင့် ဗိုလ်စိန်မှန်ဦးစီးဒေသန္တရအင်အားစုတို့နှင့် ပြည်ဘက်မှ ဆင်းလာသောရန်သူကို တွန်းလှန်ရသည်။ ရန်ကုန်စစ်မျက်နှာမှ စစ်ကြောင်းတစ်ကြောင်းသာ လွှတ်နိုင်သည်။ တောင်ငူမှ ဆင်းလာသော သောင်းကျန်းသူများကိုလည်း ဒိုက်ဦးမှ ရှေ့မတိုးနိုင်အောင် သနက(၃)၊သနက(၆)တို့နှင့်တွန်းလှန်ရသည်။ မြစ်ဝကျွန်းပေါ်ဒေသမှာ သနက(၄)တပ်ရင်း တစ်ရင်းတည်းနှင့်ရအောင် ထိန်းရသည်။

အင်းစိန်စစ်မျက်နှာမှာ ရခိုင်စစ်မျက်နှာမှ ပြန်ခေါ်ရသော သနက(၅)၊ ချင်းသနက (၃)၊ ခလရ(၁)နောင်တွင် ခလရ(၄)ဖြစ်လာမည့် ဂေါ်ရခါးတပ်ရင်းတို့နှင့်ထိန်းရသည်။ မလုံလောက်သဖြင့် တောခိုရဲဘော်ဖြူအဖွဲ့ကို ကာကွယ်ရေးဦးစီးချုပ်က ဆက်သွယ်တာဝန်ပေး၍ လှိုင်မြစ်တစ်ဖက်ကမ်းမှ ပိတ်ခိုင်းရသေးသည်။ (တကယ်တမ်း KNDO တို့ ဆုတ်ခွာသောအခါမှာလည်း ရဲဘော်ဖြူတပ်မှူး ဗိုလ်အောင်နိုင်ဘက်က ပွင့်သွားသည်ဟုလည်း အဆိုရှိခဲ့သည်။)

ရန်ကုန်မြို့ ရန်သူ့လက်တွင် မကျဆင်းရေး အသေခံ၍ တွန်းလှန်နေကြသော တပ်မတော်သားများအား ရန်ကုန်မြို့တွင်းမှ မြို့သူမြို့သားများက ထမင်းထုပ်တွေ ပို့ကြသည်။ မုန့်တွေပို့ကြသည်။ အားပေးစာတွေ ရေးကြသည်ဟု သိရသည်။

တပ်မတော်သားများကို စိတ်ဓာတ်မြှင့်တင်အားပေးကြသော အမျိုးသမီးများအဖွဲ့တွင် ဝန်ကြီးချုပ် ဦးနု၏ သမီး မစန်းစန်းနုလည်းပါသည်ဟု ဆိုသည်။

တဖြည်းဖြည်းချင်းတွန်းလှန်ရင်း မြို့ကြီးမြို့ငယ်များ တပ်မတော်လက်တွင်း ပြန်ရောက်၍ လက်နက်ကိုင်သောင်းကျန်းသူတို့ မြို့နှင့်ဝေးရာပြေးကြပြီ။

၁၉၄၉ ခုနှစ်မှာပင် တရုတ်ပြည်တွင် မော်စီတုန်းတို့ ကြီးစိုးလာသောအခါ ချန်ကေရှိတ်တို့ အရေးနိမ့်သည်။ ယူနန်ပြည်နယ်မှာ နေစရာမရှိသော ချန်ကေရှိတ် တရုတ်ဖြူတို့ မြန်မာပြည်တွင်း ပြေးဝင်အခြေချလာသော်လည်း ပြည်တွင်းရှိ သောင်းကျန်းသူကို ဦးစားပေးနေရသော တပ်မတော်မှာ အင်အားအပိုမရှိ။ ၁၉၅၂/၅၃ ခုနှစ်ကာလရောက်မှ တရုတ်ဖြူတွန်းလှန်ဖို့ အင်အားအချို့ ထုတ်နိုင်လာသည်။

ရန်သူကိုအကဲစမ်းသော နဂါးနိုင်စစ်ဆင်ရေး ပြုလုပ်သည်။ ပြီးမှ တိုက်ခိုက်ချေမှုန်းရေး စစ်ဆင်ကြရသည်။ ဘုရင့်နောင်စစ်ဆင်ရေး၊ ရန်ကြီးအောင်စစ်ဆင်ရေးတို့နှင့် တရုတ်ဖြူရန် တွန်းလှန်ချိန်တွင် တစ်ပြည်လုံးမှ အားပေးကြသည်။ ပါလီမန်ဒီမိုကရေစီခေတ်ဖြစ်၍ လွှတ်တော်တွင် ဖဆပလအစိုးရ အာဏာရနေချိန်မှာ အတိုက်အခံများက လက်ဝဲအင်အားစုဖြစ်နေသည်။ ထိုလက်ဝဲအင်အားစုကလည်း တရုတ်ဖြူကျူးကျော်သူများကို တိုက်ထုတ်ဖို့ အသံကျယ်ကျယ်နှင့် တောင်းဆိုသည်။

စစ်၏အားသည် ပြည်သူတို့အားဖြစ်သကဲ့သို့ ပြည်သူတို့၏အားသည်လည်း စစ်သည်တို့၏အားပင်ဖြစ်

သမိုင်းရှိသော တိုက်ပွဲဝင်စစ်သည်တိုင်း တိုင်းပြည်ချစ်စိတ်ကို ခေတ်အဆက်ဆက် တပ်မတော်ခေါင်းဆောင်များက မှတ်တမ်းတင်

တပ်မတော်အင်အားစုက စနစ်တကျတိုက်ခိုက်၍ ကျူးကျော်သူကေအမ်တီစခန်းများကို သိမ်းပိုက်ရရှိသော သတင်းများမပြတ် ဖြန့်ချိပေးသည်။ လူထုသိစေသည်။

ပြည်သူလူထု တစ်ခဲနက်အားပေးသည်။

တိုက်ပွဲဝင်စစ်သည်များအတွက် စားစရာတွေမျိုးစုံပေးပို့ကြသည်။ တပ်မတော်က လေယာဉ်နှင့် ရှေ့တန်းအရောက်ပို့သည်။ အားပေးစာတွေ၊ မိတ်ဆက်စာတွေ ရေးကြသည်။

ရှေ့တန်းသို့အားပေးစာများ ရောက်လာသည့်အထဲတွင် အတိုဆုံးနှင့် အထိမိဆုံး စာတစ်စောင်ရောက်လာသည်။

အကြော်စားပြီး အပြုတ်တိုက်ပါရဲဘော် ဟူသော စာလေးတစ်စောင် ခေါက်ဆွဲကြော်ထုပ်နှင့်အတူ ရှေ့တန်းရောက်လာသည်။ လက်ခံရရှိသော စစ်သည်မှ တစ်ဆင့်စီ တစ်ဆင့်စီ သတင်းပြန့်သွားလေသောအခါ ရန်သူ့စခန်းကို လှံစွပ်ထိုးတက်တိုက်ရမည့် ရဲဘော်များ စိတ်ဓာတ်တွေ မြင့်တက်သွားကြကြောင်း မှတ်သားခဲ့ရဖူးပါသည်။

၁၉၅၅ ခုနှစ်တွင် တရုတ်ဖြူတို့ကို တွန်းလှန်ပြီးသော်လည်း တပ်မတော်ကတော့ အနားမရနိုင်သေး။ အညီရှိရာ ယင်အုံဆိုသလို ပြည်တွင်းမှာ လက်နက်ကိုင် ဆူပူသူတွေရှိမှတော့ ပြင်ပကပံ့ပိုးမှုတွေ၊ အားပေးမှုတွေချဉ်းကပ်လာကြသည်။ လက်နက်ကိုင်မျိုးစုံမို့ ပြင်ပစွက်ဖက်ပံ့ပိုးသူတွေကလည်း တစ်ဖွဲ့တည်းမဟုတ်၊ လက်ဝဲကလည်း ဝင်ကူသည်။ ပံ့ပိုးသည်။ လက်ယာကလည်း ပံ့ပိုးသည်။ ဝင်ကူသည်။

အစိုးရကငြိမ်းချမ်းရေးခေါ်သော်လည်း လက်ဝဲရော၊ လက်ယာပါ မည်သူမှ စေတနာနှင့် ဝင်လာခြင်းမရှိ။ မြို့ပေါ်သို့ လာခွင့်ရသောအခွင့်အရေးကို အလွဲသုံးစားပြုသည်။ စည်းဝါးတွေရိုက်သည်။ စီမံချက်တွေ ညှိကြသည်။ ဆူပူမှုတွေ ပိုတိုးလာသည်။

ပဲခူးရိုးမဒေသမှာ ဗကပဗဟိုတို့ နေစရာမရှိအောင် ချေမှုန်းခံရသောအခါ ပြင်ပအားကိုး ဗကပတို့နယ်စပ်ကို အခြေပြု၍ စစ်ရေးအရှိန်မြှင့်ကြသည်။ အရှေ့မြောက်ပိုင်းဒေသမှာ ရန်သူအင်အားကြီးထွားလာသည်။ တပ်စုချေမှုန်းရေး၊ တပ်ခွဲချေမှုန်းရေး၊ စစ်ကြောင်းချေမှုန်းရေးအဆင့်ဆင့် စစ်ရေးအရှိန်မြှင့်လာသည်။ ကွမ်းလုံရက်လေးဆယ်တိုက်ပွဲအထိ အန္တရာယ်ကြီးလာသည်။

တပ်မတော်ကတော့ စစ်ရေးလှုပ်ရှားမှုများလေ ပြည်သူလူထု ထောက်ခံမှုရလေဖြစ်လာသည်။

၁၉၇၀-၁၉၇၁ ခုနှစ်ကာလတွင် ဆိုးရွားသော ရာသီဥတုဒဏ်နှင့် ပြင်းထန်သောတိုက်ပွဲတို့ ရင်ဆိုင်နေရသော တပ်မတော်သားတို့ရှိရာသို့ ပစ္စည်းအား၊ ငွေအား ကူညီမှုသာမက အနုပညာရှင်များကိုယ်တိုင် လေယာဉ်၊ ရဟတ်ယာဉ်တို့နှင့် တောင်ထိပ်တွေရှိရာ တောင်ပေါ်စခန်းများအထိ သွားရောက်ဖျော်ဖြေပေးကြသည်၊ အားပေးခဲ့ကြသည်။

ပြည်တွင်းစစ်လှုပ်ရှားမှုများ လျော့ပါးလာသည်မှာ မကြာသေး။

လက်ရှိတပ်မတော်ကို အရည်အသွေးပြည့်ဝဖို့ စစ်သည်များ အဆင့်လိုက် အဆင့်လိုက် သင်တန်းတွေပေးသည်။ တပ်ရင်းလိုက် Refit လေ့ကျင့်ခန်းများ ပြုလုပ်စေသည်။ ခေတ်မီလက်နက်များ တပ်ဆင်သည်။ နိုင်ငံတော်ဘတ်ဂျက်မှ ရသမျှနှင့် ထိရောက်မှုရှိအောင် သုံးစွဲကြရသည်။

ဟိုယခင်ကထက် ထူးခြားသည်မှာ စစ်ဆင်ရေး၊ လုံခြုံရေးတာဝန်မှ နားရသည်နှင့် တပ်ရင်းလိုက်စုဖွဲ့လေ့ကျင့်မှုများ Battalion Refit လုပ်ရသည်။

- တပ်မတော်သားဟူသည်
- စစ်တိုက်ချိန်တိုက်
- စစ်မတိုက်လျှင်လေ့ကျင့်ရေးလုပ်ရသည်။

မကြာလိုက်ပါ။

တပ်မတော်သားတို့ အမောဖြေဖို့ ကြံဆဲ၊ ပြည်တွင်းငြိမ်းချမ်းရေးအတွက် အဘက်ဘက်မှ ကြိုးစားနေကြဆဲတွင် ‘လောက်ကိုင်ဒေသ’ဆူပူမှု ဖြစ်လာပြန်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံ အစိုးရအဆက်ဆက်သည် လွတ်လပ်သော၊ အချုပ်အချယ်ကင်းသော ဂုဏ်ဒြပ်နှင့်ညီစွာ ဝန်နှင့်အား မြားနှင့်လေး ချိန်ဆ၍ နိုင်ငံကို ထူထောင်ခဲ့သည်။ တပ်မတော်အတွက် လိုအပ်သော လက်နက်တပ်ဆင်မှုကို ပြုလုပ်သည်။ မည်သူထံကမှ လက်ဖြန့်ခံမတောင်းခဲ့၊ အလကားမယူခဲ့။

သို့သော် ဆူပူသောင်းကျန်းသူတို့အဖို့မှ သိက္ခာမလို၊ ရိက္ခာလိုသမျှရမည်။ လက်နက်ကျည်ဆန်လည်း ရမည်။ မီးစသေးသေးမှ မီးကျည်မီးခဲဖြစ်ဖို့ မီးတောက်မီးလျှံထဖို့ ကူညီသူတွေရှိသည်။

တပ်မတော်သားတို့ တိုက်ရပြန်ပြီ။ ၁၉၄၈ ခုနှစ်မှစ၍ ယနေ့အထိတပ်မတော် သမိုင်းတစ်လျှောက် တပ်ဗိုလ်တပ်သားတို့ တစ်ဆင့်ပြီးတစ်ဆင့် လက်ဆင့်ကမ်းကြ အနားယူကြသော်လည်း တပ်မတော်သမိုင်းက တိုက်ပွဲပြီး တိုက်ပွဲသာ ဆက်လို့နေသည်။

ထိခိုက်ကြသည်။ ကျဆုံးကြသည်။ နယ်စွန်နယ်ဖျားမှာ ကျောက်ဆောင်ကျောက်သားများသော မြေအနေအထားနှင့် ပြင်ပပံ့ပိုးမှုတို့ကိုမမှု၊ နိုင်ငံတော်အတွက် အသက်ပေးကာကွယ်နေကြရသည်။ စစ်ခေါင်းဆောင်အဆင့်ဆင့်ကလည်း ပံ့ပိုးသည်၊ အားပေးသည်။ မြန်မာတစ်ပြည်လုံး ပျော်နေကြ ၊မြူးနေကြသော တာသဘင်ပွဲမှာ တပ်မတော်သားတို့ အနားမရနိုင်သေး။

တပ်မတော်သားတို့ တာဝန်ကျေပါသည်။ တာသဘင်ပွဲဆင်နွှဲနေဆဲကာလမှာပင် အဓိကရန်သူစခန်းကြီးကို သိမ်းပိုက်၍ ပြည်သူလူထုထံ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်မှတစ်ဆင့် နှစ်ကူးလက်ဆောင် ပေးအပ်ခဲ့ကြပါတော့သည်။ ထိုသို့ စစ်ဆင်ရေးတာဝန်တွေ ကျေပွန်အောင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်တိုင် ကွပ်ကဲမှုနှင့် ပံ့ပိုးမှုတွေ ပြုလုပ်ပေးသည်။ တပ်မတော်တစ်ရပ်လုံးရှိ စစ်သည်များနှင့် မိသားစုများ စိတ်ဓာတ်မြှင့်တင်ရေး၊ သက်သာချောင်ချိရေးတို့ကိုလည်း ဆောင်ရွက်ပေးသည်။

ကိုယ်ကျိုးစွန့် တိုက်ပွဲဝင်သူတို့ကို ကုသမှုပေးသော ဆေးရုံသို့ အရောက်သွားသည်။ အားပေးသည်၊ ဆေးဝါးကုသရင်း သက်သာသူတို့ကို တာသဘင်ပွဲဆင်နွှဲဖို့ ဆေးရုံတပ်မှူးက စီစဉ်ပေးထားသည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရောက်ရှိလာချိန်မှာ ထိုစစ်သည်တို့သည် တေးသီချင်းများ သီဆိုဖျော်ဖြေကြသေးသည်။ ညာဘက်လက်ပြတ်နေသူက ဘယ်ဘက်လက်နှင့် မိုက်ကရိုဖုန်းကို ကိုင်၍ သီဆိုသည်။ ချိုင်းထောက်အားပြုရသော စစ်သည်က သီချင်းသီဆိုသောအခါမှာ ကောင်းစွာမရပ်နိုင်၍ စစ်သည်တစ်ဦးက နောက်မှတွဲပေးထားရသည်။

တပ်မတော်မှ အမြင့်ဆုံးပုဂ္ဂိုလ်၏ အနိမ့်ဆုံးစစ်သည်တွေအထိ ကြင်နာပုံကို ရုပ်သံဖန်သားပြင်မှ အံ့မခန်းမြင်တွေ့နေရပါသည်။ မြဝတီရုပ်သံမှ တင်ပြမှုတွေကလည်း ပီပြင်ပါသည်။ လောက်ကိုင်ဒေသမှ တိုက်ပွဲဒဏ်ရာရ စစ်သည်လေးကို တွေ့ဆုံမေးမြန်းသော သတင်းကြည့်လိုက်မိသောအခါ မေးသူရော ဖြေဆိုသူပါ အသက်ဝင်လှပါသည်။

“ကျွန်တော်တို့ကို ပြည်သူတွေက ထောက်ခံအားပေးကြတယ်။ စားစရာတွေပို့တယ်။ အချိုရည်တွေ၊ ရေသန့်ဘူးတွေ ရှေ့တန်းကိုပို့တယ်။ တိုက်တဲ့ခိုက်တဲ့နေရာအထိ ရောက်လာတဲ့ ရေသန့်ဘူးကိုဖွင့်သောက်ပြီး တက်တိုက်ရလို့တော့ နှစ်ခါပြန်သေချင်သေ၊ တိုက်ရကျိုးနပ်ပါတယ် အစ်ကိုရာ”တဲ့။

ဟုတ်ပါသည်။ အမိမြေကို တစ်လက်မမှ အထိမခံနိုင်သော စိတ်စေတနာနှင့် အသက်ကို ပဓာနမထားသော မျိုးချစ်စိတ်ပိုင်ရှင် အသေခံစစ်သည်အတွက် ပြည်သူ၏ စေတနာရေကြည်တစ်ပေါက်သည် သေရွာသို့ အခေါက်ခေါက်ရောက်ရလည်း မမှုတော့သောစိတ်ကို ဖြစ်စေခဲ့ပါ၏။

သာမန်အချိန်မှာ အမှုမဲ့အမှတ်မဲ့ နေခဲ့ကြသော ပြည်သူလူထုသည် အရေးကြုံလာသည်နှင့် ရဲဝံ့စွန့်စားသူတို့နောက်မှ ရပ်တည်လာကြသည်။ ငွေအား၊ ပစ္စည်းအား၊ စေတနာအားတွေ ကူကြသည်၊ ပံ့ပိုးကြသည်၊ ရှေ့တန်းအရောက် ပို့ကြသည်။

စစ်၏အားသည် ပြည်သူတို့အားဖြစ်သကဲ့သို့ ပြည်သူတို့၏အားသည်လည်း စစ်သည်တို့၏အားပင် ဖြစ်ပါတော့သည်။

သမိုင်းရှိသော တိုက်ပွဲဝင်စစ်သည်တိုင်း တိုင်းပြည်ချစ်စိတ်ကို ခေတ်အဆက်ဆက် တပ်မတော်ခေါင်းဆောင်များက မှတ်တမ်းတင်ခဲ့ဖူးပါသေးသည်။

၁၉၆၉ ခုနှစ် နိုဝင်ဘာလ ၆ ရက်နေ့က မင်္ဂလာဒုံ ဗဟိုနိုင်ငံရေးသိပ္ပံကျောင်းတွင် ဗိုလ်ချုပ်ကြီးနေဝင်း မိန့်ခွန်းပြောကြားခဲ့သေးသည်။

“ကျွန်တော်တို့ နယ်စွန်နယ်ဖျားမှာ ကျွန်တော်တို့တပ်က ကလေးတွေဟာ အင်မတန် ပင်ပင်ပန်းပန်းနဲ့ အလုပ်လုပ်နေရတယ်။ အသက်ကိုရင်းပြီးတော့ အလုပ်လုပ်နေရတယ်။”

“ဒီအသက်ကိုရင်းပြီး အလုပ်လုပ်ကြတယ်ဆိုတဲ့ ဥစ္စာဟာ ဝမ်းရေးတစ်ခုတည်းကြောင့်လုပ်နေတာ မဟုတ်ဘူး။ ကျွန်တော်တို့တပ်ထဲက ကလေးတွေဟာ ကျွန်တော်ပြောရဲတယ်။ ရာခိုင်နှုန်း ၈၀/၉၀ ဟာ ဝမ်းရေးကြောင့်မဟုတ်ဘူး။”

“ကျွန်တော်တို့ဟာ တပ်ကိုထောင်ကတည်းကိုက စစ်သားဆိုတာ ရမ်းရမယ်၊ မိုက်ရမယ်ဆိုတဲ့သဘောနဲ့ ထောင်တာမဟုတ်ဘူး။”

“တိုင်းပြည်အတွက် ဒို့အနာခံရမယ်။ အသေခံရမယ်။ ဒီလိုမှမလုပ်လို့ရှိရင် တိုင်းပြည်အတွက် ထွက်ပြီးတော့ စွန့်စွန့်စားစားလုပ်မယ့်လူမရှိရင် တိုင်းပြည်ခွေးပြန်ဖြစ်မှာပဲ။ ကျွန်ပြန်ဖြစ်မှာပဲ။ အဲ့ဒါကြောင့်မို့လို့ လုပ်နေ ကြရတာ။”ဟူ၍ ပွင့်ပွင့်လင်းလင်းပြောခဲ့သော မှတ်တမ်းရှိပါသည်။

ဟုတ်ပါသည်။

လွန်ခဲ့သော နှစ်ပေါင်း ၇၀ ကျော်က လွတ်လပ်ရေးကိုအရယူပေးခဲ့သော ဘီအိုင်အေ၊ ဘီဒီအေတို့၏ မျိုးချစ်စိတ်နှင့်တာဝန်သိစိတ်သည် ယနေ့လောက်ကိုင်ဒေသတွင် တိုက်ပွဲဝင်လျက်ရှိသော စစ်သည်ရဲဘော်များအထိ စီးမျောစိမ့်ဝင်လျက်ရှိနေသည်မှာ အမှန်သာဖြစ်ပါ၏။

ဆက်၍ဆက်၍ အားပေးနေရမည်ကလည်း ကျွန်တော်တို့၏ တာဝန်သာဖြစ်ပါ၏။ ။

ဒုတိယသမ္မတ ဦးညဏ်ထွန်း တောင်သူလယ်သမားရုပ်သံလိုင်းစတူဒီယို တက်ရောက်ဖွင့်လှစ်

နေပြည်တော် မေ ၄

တောင်သူလယ်သမားရုပ်သံလိုင်း စတူဒီယိုဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ရေဆင်း၊ စိုက်ပျိုးရေးသုတေသန ဦးစီးဌာနရုံးဝင်း အတွင်းရှိ အဆိုပါစတူဒီယိုခန်းမဦ့ကျင်းပရာ ဒုတိယသမ္မတ ဦးညဏ်ထွန်း တက်ရောက်ဖွင့်လှစ်ပေးသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဧက ၅၀ ကိုယ်ပိုင်စပ်မျိုးမျိုးစေ့ထုတ်သုတေသန စိုက်ခင်းအတွင်း စိုက်ပျိုးထားသောပုလဲသွယ် စပ်မျိုးစပါး အထွက်စွမ်းရည်စမ်းသပ်မှုနှင့် စိုက်ခင်းများရိတ်သိမ်းခြွေလှေ့နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယသမ္မတသည် တောင်သူလယ်သမား ရုပ်သံလိုင်း စတူဒီယိုဖွင့်ပွဲ အခမ်းအနားကို တက်ရောက်သည်။

အခမ်းအနားတွင် တောင်သူလယ်သမား ရုပ်သံလိုင်းစတူဒီယိုကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့် သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ဆက်လက်၍ ဒုတိယသမ္မတသည် စတူဒီယိုအဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုသည်။

တောင်သူလယ်သမား ရုပ်သံလိုင်းသည် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကိုရည်ရွယ်၍ သတင်းအချက်အလက်များ၊ သီးနှံမျိုးစုံများနှင့် စိုက်ပျိုးရေးနည်းပညာများကို အချိန်နှင့်တစ်ပြေးညီ သိရှိစေရန်အတွက် ခေတ်နှင့်အညီ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များ၊ သုတေသနဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ပညာပေးလုပ်ငန်းများကို ထုတ်လွှင့်ပေးလျက်ရှိပြီး ယခုဖွင့်လှစ်လိုက်သည့် စတူဒီယိုအဆောက်အအုံမှာ တောင်သူလယ်သမားများအတွက် စိုက်ပျိုးရေးဆိုင်ရာ ပညာပေး၊ အင်တာဗျူး၊ ရုပ်သံဇာတ်လမ်းများ ရိုက်ကူးနိုင်ရန် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ထို့နောက် ဒုတိယသမ္မတသည် စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ မျိုးစေ့ဘဏ်အတွင်း ပြသထားသည့်

ဒုတိယသမ္မတ ဦးညဏ်ထွန်း စပ်မျိုးစပါး မျိုးစေ့ထုတ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတေသနပြုဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ယင်းနောက် ဒုတိယသမ္မတက တောင်သူလယ်သမား ရုပ်သံလိုင်း စတူဒီယိုဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့ပြီး စတူဒီယိုအဆောက်အအုံကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

မြန်မာ့စိုက်ပျိုးရေးသမိုင်းနှင့် လက်ရှိဆောင်ရွက်နေသော စိုက်ပျိုးပညာပေးလုပ်ငန်းများနှင့် ဆက်စပ်သည့် မြေဆီလွှာ၊ စပါးသီးနှံ၊ စပ်မျိုးနေကြာ၊ ဆီထွက်သီးနှံ၊ စက်မှုကုန်ကြမ်းသီးနှံ၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ၊ ပဲမျိုးစုံ၊ ပြောင်းဖူးနှင့် အခြားသီးနှံသုတေသနပြခန်းများ၊ စပါးဇီဝကွဲမျိုးများ၊ ရေရှည်တည်တံ့သည့် စိုက်ပျိုးရေးအတွက် ဗီဇအရင်းအမြစ်များ ထိန်းသိမ်းခြင်း၊ ပိုးမွှားကာကွယ်ခြင်း၊ အပင်ရောဂါကာကွယ်ရေး၊ ဇီဝနည်းပညာနှင့် ရေအသုံးချသုတေသနပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့သည်။

ဆက်လက်၍ ဒုတိယသမ္မတသည် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးဦးမြင့်လှိုင်က လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူများအတွက် စားရေရိက္ခာပြည့်စုံရေးကို အဓိကထား လုပ်ဆောင်လျက်ရှိပါကြောင်း၊ ထို့ပြင် စိုက်ပျိုးရေးကဏ္ဍအတွက် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များအပြင် စိုက်ပျိုးရေးလုပ်ကိုင်နေကြသည့် တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကိုလည်း လုပ်ဆောင်လျက်ရှိပါကြောင်း၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍမှရရှိသည့်အကျိုးအမြတ်သည် အခြားကဏ္ဍမှရရှိသည့် အကျိုးအမြတ်ထက် နည်းပါးနေသည့်အတွက် စိုက်ပျိုးထုတ်လုပ်မှုများကို ကျေးလက်မှ ဈေးကွက်သို့ရောက်ရှိစေရန် ဦးတည် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက စပ်မျိုးစပါး မျိုးစေ့ထုတ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိဘလိုင်းများဖြစ်သည့် အမလိုင်း(A)၊ ထိန်းသိမ်းရေးလိုင်း(B)၊ အဖိုမျိုးလိုင်း (R) လိုင်းများ သုတေသနပြုဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယသမ္မတက လိုအပ်သည်များကို မှာကြားခဲ့ပြီး တက်ရောက်လာသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

(သတင်းစဉ်)

၂၀၁၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးနှင့် စာစီစာကုံးပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်စာမူများဖိတ်ခေါ်

နေပြည်တော် မေ ၄

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနသည် ၂၀၁၅ ခုနှစ် ဇွန်လ ၅ ရက်နေ့တွင် ကျရောက်မည့် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို နေပြည်တော်၌ ကျင်းပသွားမည်ဖြစ်သည်။

ယခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့အတွက် ဆောင်ပုဒ်မှာ "Seven Billion Dreams. One Planet. Consume with Care." "(လူသားသန်း ၇၀၀၀ ရဲ့ မျှော်မှန်းချက်တွေပြည့်ဝဖို့ တို့ကမ္ဘာကြီးကို ထိန်းသိမ်းစောင့်ရှောက်စို့)" ဖြစ်ပြီး အဆိုပါခေါင်းစဉ်ဖြင့် အလွတ်တန်းဆောင်းပါးနှင့် စာစီစာကုံးပြိုင်ပွဲကို ကျင်းပသွားမည်ဖြစ်သည်။

သို့ပါ၍ အလွတ်တန်းဆောင်းပါးနှင့် စာစီစာကုံးများကို ရေးသားပေးပို့ယှဉ်ပြိုင်ကြရန် ဖိတ်ခေါ်အပ်ပါသည်။

ဆောင်းပါးများကို A4 ဆိုက် စာမျက်နှာ အနည်းဆုံး ၁၀ မျက်နှာမှ အများဆုံး ၁၅ မျက်နှာအထိလည်းကောင်း၊ စာစီစာကုံးများကို A4 ဆိုက် စာမျက်နှာအနည်းဆုံး ငါးမျက်နှာမှ အများဆုံး ခုနစ်မျက်နှာအထိလည်းကောင်း၊ ကွန်ပျူတာစာလုံး Win-Innwa သို့မဟုတ် Myanmar Unicode (Myanmar 2)၊ စာလုံးအရွယ်အစား-၁၈ (Fontsize 18)၊ ကွန်ပျူတာစာလုံး Myanmar Unicode(Myanmar 3)၊ စာလုံးအရွယ်အစား-၁၄၊ (Fontsize 14)၊ စာကြောင်းအကွာအဝေး ၁ ဒသမ ၅ (Line Spacing 1.5) ဖြင့် ကွန်ပျူတာစာစီ၍ ရေးသားပေးပို့ရန်ဖြစ်သည်။

ပြိုင်ပွဲဝင် စာမူများပေးပို့ရာတွင် စာမူ Hard Copy တစ်စုံနှင့် CD ဖြင့် Soft Copy တစ်စုံ၊ ပြိုင်ပွဲဝင်သူ၏အမည်၊ မှတ်ပုံတင်/ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ဆက်သွယ်ရန်လိပ်စာ အပြည့်အစုံတို့နှင့်အတူ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ရုံးအမှတ်-၅၃ နေပြည်တော် ဖုန်း- ၀၆၇-၄၃၁၃၂၅၊ ၀၆၇-၄၃၁၃၂၁၊ ၀၆၇-၄၃၁၃၁၈၊ ဖက်စ်အမှတ် ၀၆၇-၄၃၁၃၂၄၊ အီးမေးလ်-ppir.ecd@moecaf.gov.mm နှင့် pcd.ecd@moecaf.gov.mm သို့ မေလ ၂၂ ရက် (သောကြာနေ့) နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့နိုင်သည်။

ဆုရရှိသူများကို ၂၀၁၅ ခုနှစ် ဇွန်လ ၅ ရက်နေ့တွင် နေပြည်တော်၌ ကျင်းပမည့် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ထိုက်တန်စွာ ဆုချီးမြှင့်မည်ဖြစ်သည်။

(ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန)

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း သံရုံးမိသားစုများနှင့်တွေ့ဆုံ

ဝါရှင်တန်ဒီစီ မေ ၄

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အဖွဲ့ဝင်များသည် မေ ၂ ရက် ည ၇ နာရီက ဝါရှင်တန်ဒီစီမြို့ရှိ မြန်မာသံအမတ်ကြီးနေအိမ်၌ သံရုံးမိသားစုများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုလွှတ်တော်နာယကက ယခုအချိန်တွင် ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ်အား ဖော်ဆောင်လျက်ရှိနေပြီး မြန်မာနိုင်ငံသားများအနေဖြင့် ကျရာအခန်းကဏ္ဍတွင် ပူးပေါင်းပါဝင်ကြရန်နှင့် အမေရိကန်အစိုးရအနေဖြင့်လည်း အမေရိကန်ရောက် မိမိနိုင်ငံသားများကို ကူညီစောင့်ရှောက်ပါရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကသည် မြန်မာသံအမတ်ကြီးနေအိမ်ရှေ့၌စောင့်ဆိုင်းနေကြသော မြန်မာ့အရေး တက်ကြွလှုပ်ရှားသူများနှင့် သွားရောက်တွေ့ဆုံခဲ့ပြီး အိတ်ဖွင့်ပေးစာတစ်စောင်ကို လက်ခံရယူခဲ့သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုလွှတ်တော်နာယ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဝါရှင်တန်ဒီစီမြို့ရှိ မြန်မာသံအမတ်ကြီးနေအိမ်၌ သံရုံးမိသားစုများနှင့် မှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဝါရှင်တန်ဒီစီမြို့၌ ကြည့်ရှုလေ့လာ

ဝါရှင်တန်ဒီစီ မေ ၄

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်ကိုယ်စားလှယ်အဖွဲ့သည် အမေရိကန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့်အတူ မေ ၃ ရက် နံနက်ပိုင်းက ဝါရှင်တန်ဒီစီရှိ Mount Vernon သို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ပြီး ဂျော့ချ် ဝါရှင်တန်နှင့်ဇနီး ဆွေမျိုးများ ဂူဗိမာန်၌ အမှတ်တရ ပန်းခွေချသည်။

သွားရောက်ကြည့်ရှုလေ့လာ

ထို့နောက် Potomac မြစ်ကြောင်းတစ်လျှောက် အပျော်စီးသင်္ဘောဖြင့် ကြည့်ရှုလေ့လာကြပြီး ပင်တဂွန်အမှတ်တရ (Pentagon Memorial)၊ အမေရိကန်လေတပ် အမှတ်တရ (Air Force Memorial) နှင့် အမေရိကန်မရိန်းတပ်ဖွဲ့ စစ်ပွဲအမှတ်တရဖြစ်သည့် အိုင်အိုဂျီးမား အမှတ်တရ (Iwo Jima Memorial) နေရာများသို့ သွားရောက်ကြည့်ရှုလေ့လာသည်။ **(ယာပုံ)**

(သတင်းစဉ်)

နဝမတန်း ဘက်စုံပညာ ထူးချွန်လူငယ်များအဖွဲ့ ဟိုပုံးမြို့ရှိ ထင်ရှားသောနေရာများ ဆက်လက်လေ့လာ

ဟိုပုံး မေ ၄

ရှမ်းပြည်နယ်အတွင်း အပန်းဖြေလေ့လာရေးခရီးရောက်ရှိနေသည့် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် နဝမတန်း ဘက်စုံပညာထူးချွန်လူငယ်အဖွဲ့သည် ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့ရှိ ထင်ရှားသောနေရာများနှင့် တောင်ကြီးမြို့မဈေးတို့သို့ ဆက်လက်လေ့လာခဲ့ကြကြောင်း သိရသည်။

ဘက်စုံပညာထူးချွန်လူငယ်များအဖွဲ့သည် ဟိုပုံးမြို့ခရီးစဉ်တွင် ထင်ရှားသော ထမ်းစမ်းသဘာဝလိုဏ်ဂူတော်နှင့် ပအိုဝ်းလူမျိုးတို့၏ ရိုးရာယဉ်ကျေးမှုနှင့် ရှေးဟောင်းအမွေအနှစ်တို့ကို ဖော်ကျူးပြသထားသော ကက္ကူမွေတော်ဘုရားနှင့် တောင်ကြီးခရီးစဉ်တွင် တောင်ကြီးမြို့မဈေးတို့ကို လေ့လာခဲ့ကြကြောင်း သိရသည်။

"ဒီနေ့သွားခဲ့တဲ့ ခရီးစဉ်မှာလည်း သမီးတို့အတွက် အများကြီးဗဟုသုတရခဲ့ပါတယ်။ ဟိုပုံးမြို့ သဘာဝလိုဏ်ဂူအတွင်းမှာဆို ကျောက်စာဂူ၊ ဘုရားလိုဏ်ဂူ၊ ဂမ္ဘီရဂူစတဲ့ လိုဏ်ဂူကြီးတွေ၊ နောက် အံ့မခန်းဖွယ်ရာ သဘာဝကျောက်စက်ပန်းဆွဲတွေ၊ အေးစက်နေတဲ့ စမ်းချောင်းလေးတွေ၊ လိုဏ်ဂူအပေါ်ဘက်နံရံမှ သဘာဝအတိုင်းဖြစ်ပေါ်နေတဲ့ ရွှေထီးတော်၊ ငွေထီးတော်စတဲ့ ထူးခြားအံ့ဖွယ်ရာများကို လေ့လာခဲ့ရပါတယ်" ဟု ထူးချွန်လူငယ်ကျောင်းသူတစ်ဦးက သူ့ရဲ့ လေ့လာရေးခရီး အတွေ့အကြုံကို ပြောပြသည်။

ထို့နောက် တောင်ကြီးအထက(၁)၌ ပြန်လည်ညအိပ်အနားယူခဲ့ကြကြောင်း သိရသည်။

သတင်း-တင်မောင်လွင်
ဓာတ်ပုံ-စိုင်းသန်းကျော်
(ပြန်/ဆက်)

❒ *ကျောဖုံးမှ*

နိုင်ငံတစ်ဝန်း ဧပြီ ၂၅ ရက်ကနေစပြီး လျှောက်လွှာတွေကို လက်ခံရရှိခဲ့ပါတယ်။ စုစုပေါင်းအလှမယ် ၇၀ လောက် လာရောက်လျှောက်လွှာတင်ပါတယ်။ အဲဒီထဲကမှ ဧပြီ ၂၈ ရက်နဲ့ ၂၉ ရက်မှာဆေးစစ်ဆေးမှုတွေ ပြုလုပ်ပြီး ၃၀ ရက်နေ့မှာ အလှမယ် ၃၉ ဦးကို ရွေးချယ်ခဲ့တာပါ။ အခု အဲဒီထဲက နောက်ဆုံးဆန်ခါတင်အလှမယ် ၂၀ ရွေးချယ်ခဲ့တာဖြစ်ပါတယ်" ဟု Miss Myanmar World 2015 ပြိုင်ပွဲကို တာဝန်ယူပြုလုပ်ပေးသည့် Forever BEC TENO မှ နေရှင်နယ် ဒါရိုက်တာ ကိုစိုးသူရက ပြောကြားသည်။

နောက်ဆုံးဆန်ခါတင်ရွေးချယ်လိုက်သည့် Miss Myanmar World 2015 ၏အလှမယ် ၂၀ မှာ ခါးနံပါတ်(၁) ခင်ရတနာ၊ ခါးနံပါတ်(၂) ပိုးပိုးရွှေရည်၊ ခါးနံပါတ်(၃) ဖြူသန့်ချော၊ ခါးနံပါတ်(၄) နှင်းရွှေရည်၊ ခါးနံပါတ်(၅) အင်ကြင်းမေ၊ ခါးနံပါတ်(၆) အေးချမ်းမြင့်ဦး၊ ခါးနံပါတ် (၇) ပိုးဒါလီကျော်၊ ခါးနံပါတ် (၈) ရမနေ၊ ခါးနံပါတ်(၉) အိသက်မွန်၊ ခါးနံပါတ် (၁၀) ဟန်နွေ၊ ခါးနံပါတ်(၁၁) ပန်ပန်၊ ခါးနံပါတ် (၁၂) မေမှူန်၊ ခါးနံပါတ် (၁၃) ခိုင်လဲ့ဇင်၊ ခါးနံပါတ်(၁၄) နေခြည်၊ ခါးနံပါတ်(၁၅) နိုနိုကေ၊ ခါးနံပါတ်(၁၆) ဖြူဖွေး၊ ခါးနံပါတ် (၁၇) နေရည်ဝင်းလဲ့၊ ခါးနံပါတ်(၁၈) နန်းစန္ဒာလှထွန်း၊ ခါးနံပါတ်(၁၉) မော်ရေ၊ ခါးနံပါတ်(၂၀) ရှင်ဝေနိုင်ဦး တို့ဖြစ်ကြသည်။

အဆိုပါ နောက်ဆုံးဆန်ခါတင် ရွေးချယ်လိုက်သည့် အလှမယ် ၂၀ ထဲမှ မိမိကြိုက်နှစ်သက်ရာ ပြိုင်ပွဲဝင် အား SMS Voting နှင့် Online Voting ပြုလုပ်လိုပါက www.face-book.com/ missmyanmarworldofficial, နေ့စတင်၍ Voting ပြုလုပ်နိုင်ပြီဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

❁ *ကျောဖုံးမှ*

ပယ်နယ်တီမှတစ်ဆင့် ဂိုးပေးခဲ့ရသည်။ ပထမပိုင်းတွင် ဦးဆောင်ဂိုးပေးထားရသည့် မြန်မာအသင်းသည် ဒုတိယပိုင်းတွင် အားထည့်ကစားလာခဲ့ပြီး မိနစ် ၅၀ တွင် နော်အားလိုဝါးဖော၏ကန်ချက် ဖိလစ်ပိုင်နောက်ခံလူနှင့်ထိဝင်ကာ မြန်မာတို့ ချေပဂိုးပြန်ရခဲ့သည်။

ချေပဂိုးရသွား၍ မြန်မာအသင်းကစားပုံပိုကောင်းလာပြီး သုံးမိနစ်အကြာမှာပင် နော်အားလိုဝါးဖောက ဒုတိယဂိုး ထပ်မံသွင်းယူခဲ့သည်။ ဒုတိယဂိုးရပြီး နောက်ပိုင်းတွင် မြန်မာအသင်း ပိုဖိကစားလာနိုင်ပြီး ၆၅ မိနစ်တွင် ခင်မိုးဝေ၊ ၇၅ မိနစ်တွင် နော်အားလိုဝါးဖောတို့က အနိုင်ဂိုးများ သွင်းယူခဲ့သည်။

ဖိုးသော်ဇင်

တောင်ပိုင်းဒေသများ၌ မိုးဆက်လက် ထစ်ချုန်းရွာမည်

ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၅ ဒီဂရီစင်တီဂရိတ်နှင့် မကွေးမြို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ခန္တီးမြို့တွင် ဝဒသမ ၃၆ လက်မ၊ လှိုင်ကော်မြို့တွင် ဝဒသမ ၃၂ လက်မနှင့် ကော့သောင်းမြို့တွင် ဝ ဒသမ ၂၇ လက်မတို့ ဖြစ်ကြသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ကိုရီးယားအမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာချွန်ယွီဟွာနှင့်တွေ့ဆုံ မြန်မာ-ကိုရီးယား နှစ်နိုင်ငံလွှတ်တော်ချင်း ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

နေပြည်တော် မေ ၄

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အဖွဲ့သည် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာ ချွန်ယွီဟွာ၏ ဖိတ်ကြားချက်အရ ကိုရီးယားသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ရန် ဧပြီ ၂၈ ရက် ညပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာရာ ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဧပြီ ၂၉ ရက် ဒေသစံတော်ချိန် နံနက် ၇ နာရီခွဲတွင် ရောက်ရှိသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် ကိုရီးယားအမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဒေါက်တာချွန်ယွီဟွာတို့သည် ကိုရီးယားလွှတ်တော် အဆောက်အအုံ ဧည့်ခန်းမဆောင်၌ တွေ့ဆုံပြီး မြန်မာ-ကိုရီးယား နှစ်နိုင်ငံလွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးသည်။

တွေ့ဆုံစဉ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံ၌ လာရောက်အလုပ်လုပ်ကိုင်နေသည့် ကိုရီးယားလူမျိုး သုံးသောင်းကျော်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ ပြည်ပရင်းနှီးမြှုပ်နှံမှုတွင်လည်း ကိုရီးယားသမ္မတနိုင်ငံသည် အဆင့်(၆)နေရာတွင် ရှိနေပါကြောင်း၊ မိမိတို့အဖွဲ့သည် အမျိုးသားလွှတ်တော်မှ ဖြစ်သည့်အတွက် တိုင်းရင်းသားပေါင်းစုံမှ ကိုယ်စားလှယ်များပါဝင်ပါကြောင်း၊ ထို့အတူ မတူကွဲပြားသည့် နိုင်ငံရေးပါတီဝင်များလည်း ပါဝင်ပါကြောင်း၊ မြန်မာနိုင်ငံသည် စနစ်သစ်တစ်ခုကို ပြောင်းလဲကျင့်သုံးခဲ့ပြီး လွှတ်တော်၏ သက်တမ်းမှာလည်း လေးနှစ်ကျော်ရှိပြီဖြစ်ပါကြောင်း၊ သက်တမ်းရင့် ကိုရီးယားလွှတ်တော်၏ အတွေ့အကြုံများကိုလည်း သိရှိလိုပါကြောင်းဖြင့် ပြောကြားပြီး နှစ်နိုင်ငံလွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပီမောင်စိုး၊ ဦးကော်ရိုင်း၊ ဦးကျွန်ခဲန်၊ ဦးဌေးယိန်း၊ ဦးမောင်သာခင်၊ ဦးစိုးဝင်း၊ ဦးညွန့်လှိုင်၊ ဦးသိမ်းဆွေ၊ ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးစိုးလွင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် ကိုရီးယားလွှတ်တော်အဆောက်အအုံ၌ ကိုရီးယားနိုင်ငံ Yonhap သတင်းဌာနနှင့် ကိုရီးယားလွှတ်တော် တီဗွီရုပ်သံလိုင်းတို့အား လက်ခံတွေ့ဆုံပြီး မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့် ရွေးကောက်ပွဲဆိုင်ရာ မေးမြန်းချက်များအပေါ် ပြန်လည်ဖြေကြားခဲ့သည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ကိုရီးယား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုနေ့လယ်စာ စားပွဲသို့ တက်ရောက်သည်။

မွန်းလွဲပိုင်းတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ကိုရီးယား အမျိုးသားလွှတ်တော်ဥပဒေနှင့် တရားစီရင်ရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ Mr. Lee Sang Min ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံပြီး ဥပဒေပြုရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် ကိုရီးယားအမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာချွန်ယွီဟွာတို့ တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

ယင်းနောက် ကိုရီးယား အမျိုးသားလွှတ်တော် စာကြည့်တိုက်၌ ဥပဒေနှင့် အခြားပညာရပ်ဆိုင်ရာ စာအုပ်များအား စနစ်တကျထိန်းသိမ်းထားမှုတို့ကို လေ့လာပြီး ကိုရီးယားလွှတ်တော် အမှတ်တရခန်းမအတွင်း ပြသထားသော ကိုရီးယားလွှတ်တော်ဆိုင်ရာမှတ်တမ်းများနှင့် ထင်ရှားခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်များ၏ မှတ်တမ်းများကို ကြည့်ရှုလေ့လာကြသည်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့်အဖွဲ့သည် ဧပြီ ၃၀ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် Namyangju မြို့ရှိ Paldang ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ သွားရောက်၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မှု၊ ပြုပြင်ထိန်းသိမ်းမှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းနိုင်မှုနှင့် ရေအားလျှပ်စစ်ထုတ်လုပ်နေမှု အခြေအနေတို့ကို ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် ကိုရီးယားသမ္မတနိုင်ငံ လယ်ယာစိုက်ပျိုးရေး၊ အစားအစာနှင့် ကျေးလက်ရေးရာဝန်ကြီး Mr. Lee Dong Philနှင့် အဆိုပါ ဝန်ကြီးရုံး ဧည့်ခန်းမ၌ တွေ့ဆုံပြီး ပြည်ပပို့ကုန်သီးနှံ စိုက်ပျိုးထုတ်လုပ်မှုနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။

ယင်းနောက် Suwon မြို့ရှိ ဆမ်ဆောင်း တီထွင်မှုပြတိုက်သို့ ရောက်ရှိကြပြီး နည်းပညာဆိုင်ရာပစ္စည်း တီထွင်သူခေတ် ပြခန်း၊ ဆန်းသစ်တီထွင်နိုင်ခဲ့သည့် ဆမ်ဆောင်းနည်းပညာမြင့် ထုတ်ကုန်ပစ္စည်းပြခန်းနှင့် အနာဂတ်တွင် ဖြစ်ပေါ်လာနိုင်သည့် နည်းပညာဆိုင်ရာ တိုးတက်မှု ပြခန်းများကို ကြည့်ရှုလေ့လာကြသည်။

မေ ၁ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် ဆိုးလ်မြို့ရှိ Daedong လယ်ယာသုံးစက်ပစ္စည်း ထုတ်လုပ်ရေးရုံးချုပ်သို့ သွားရောက်၍ ပြခန်းအတွင်း ပြသထားသည့် စက်မှုလယ်ယာ ဘက်စုံသုံးယာဉ်များအား ကြည့်ရှုလေ့လာခဲ့သည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် ကိုရီးယား-မြန်မာ ချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ Mr. Park Byeong Seug တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်သည်။

ယင်းနောက် ဆိုးလ်မြို့ရှိ သောက်သုံးရေပေးဝေမှုဌာန ညွှန်ကြားရေးမှူးချုပ် Mr. Koh In Suck နှင့် တာဝန်ရှိသူများအား အဆိုပါရုံးခန်း၌ တွေ့ဆုံပြီး ရေကောင်းရေသန့်ရရှိရေး၊ ကျန်းမာရေးနှင့် သင့်တော်သည့် သောက်သုံးရေ အသုံးပြုနိုင်ရေး၊ ရေပေးဝေမှုစနစ်ကောင်းမွန်ရေးနှင့် ရေသန့်စင်မှုဆိုင်ရာ လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ မေ ၂ ရက် နံနက်ပိုင်းတွင် ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ အမျိုးသားပြတိုက်နှင့် ကိုရီးယားစစ်သမိုင်းပြတိုက်တို့သို့ သွားရောက်လေ့လာသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့သည် မေ ၃ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် ကိုရီးယားနိုင်ငံ ရိုးရာအစဉ်အလာပြတိုက်ကို သွားရောက်ကြည့်ရှု လေ့လာကြသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့မှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာခဲ့ကြရာ ရန်ကုန်မြို့သို့ မေ ၃ ရက် ည ၁၀ နာရီ ၂၅ မိနစ်တွင် ရောက်ရှိကြသည်။

(သတင်းစဉ်)

လတ်ဗီးယား၌ ကျင်းပသည့် UNESCO / Guillermo Cano ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့် ဆုပေးပွဲသို့ မြန်မာသတင်းစာဆရာဦးကိုကို(ကိုကို-စက်မှုတက္ကသိုလ်)၂၀၁၅ ခုနှစ် နိုင်ငံတကာ ဂျူရီ(ဆုအကဲဖြတ်)အဖွဲ့ဥက္ကဋ္ဌအဖြစ် တက်ရောက်အမှာစကားပြောကြား

ရီဂါ မေ ၄

မေ ၃ ရက် ညနေပိုင်းက လတ်ဗီးယားနိုင်ငံ ရီဂါမြို့၌ ကျင်းပသည့် ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့ အထိမ်းအမှတ် UNESCO/ Guillermo Cano ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့် ဆုပေးပွဲသို့ မြန်မာနိုင်ငံမှ သတင်းစာဆရာ ဦးကိုကို (ကိုကိုစက်မှုတက္ကသိုလ်)သည် ၂၀၁၅ ခုနှစ် နိုင်ငံတကာ ဂျူရီ(ဆုအကဲဖြတ်) အဖွဲ့ဥက္ကဋ္ဌ အဖြစ်တက်ရောက်ကာ အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ဆုပေးပွဲကို မေ ၃ ရက် ညနေ ၆ နာရီက လတ်ဗီးယားနိုင်ငံ မြို့တော် ရီဂါရှိ အမျိုးသားစာကြည့်တိုက်၌ ကျင်းပရာ လတ်ဗီးယားနိုင်ငံ သမ္မတ Mr. Andris Berzins၊ ဝန်ကြီးချုပ် Ms, Laimdota Straujuma နှင့် ဝန်ကြီးများ၊ ယူနက်စကို ညွှန်ကြားရေးမှူးချုပ် Ms. Irina Bokova နိုင်ငံတကာဆုအကဲဖြတ်အဖွဲ့ဝင်များ၊ ကမ္ဘာ့အနှံ့မှ သတင်းမီဒီယာများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် လတ်ဗီးယားနိုင်ငံ သမ္မတ Mr. Ardris Berzins၊ ဟယ်လ်ဆင်ဂင်၊ စနိုမက်ဖောင်ဒေးရှင်း ဒုတိယဥက္ကဋ္ဌ Ms, Ulla Koski၊ ဆုအကဲဖြတ်အဖွဲ့ဥက္ကဋ္ဌ ဦးကိုကို၊ ယူနက်စကို ညွှန်ကြားရေးမှူးချုပ် Ms, Irina Bokova တို့က အမှာစကားများပြောကြားကြသည်။ ထို့နောက် ၂၀၁၅ ခုနှစ်အတွက် ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်ဆုရသူ ဆီးရီးယားနိုင်ငံမှ သတင်းစာဆရာ Mr. Mazen Darwishg ကိုယ်စား ဇနီးဖြစ်သူ Ms. Yara Bader အား ယူနက်စကို ညွှန်ကြားရေးမှူးချုပ်က ဆုချီးမြှင့်သည်။

ဆုပေးပွဲတွင် လတ်ဗီးယားနိုင်ငံမှ အနုပညာရှင်များက ဖျော်ဖြေတင်ဆက်ကြသည်။ ယခုနှစ် ဆုရရှိသူ Mr. Mazen Darwish သည် ၂၀၁၄ ခုနှစ်တွင် ဆီးရီးယားနိုင်ငံသား လူ့အခွင့်အရေးအတွက် ခုခံလှုပ်ရှားသူနှင့် သတင်းစာဆရာတစ်ဦးဖြစ်သည်။ ၎င်းသည် ၂၀၁၄ ခုနှစ်တွင် ဆီးရီးယားမီဒီယာနှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်စင်တာကို တည်ထောင်ခဲ့သည်။

UNESCO/ Guillermo Cano ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့် ဆုပေးပွဲအခမ်းအနားသို့ တက်ရောက်ကြသူများ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်စဉ်။

ယခုနှစ်အတွက် ဆုကို မြန်မာ၊ ဆွီဒင်၊ အင်ဒိုနီးရှား၊ တူနီးရှား၊ ပီရူး၊ နိုင်ဂျီးရီးယား၊ မော်ရိုကို၊ တောင်အာဖရိက၊ ဘရာဇီး၊ စလိုဗက်ကီးယား၊ အမေရိကန်ပြည်ထောင်စုနှင့် ဘော့စနီးယားတို့မှ လွတ်လပ်သော ဂျူရီ ၁၂ ဦးတို့က အဆင့်ဆင့်အကဲဖြတ်ရွေးချယ်ခဲ့ကြခြင်း ဖြစ်သည်။

သန့်ကျော်ဇင်

ဘက်စုံပညာထူးချွန်လူငယ် ကျောင်းသား ကျောင်းသူများ ပခုက္ကူနှင့် ရေစကြိုဒေသများ ဆက်လက်လေ့လာ

ပုဂံ မေ ၄

ဘက်စုံပညာထူးချွန် လူငယ်အပန်းဖြေစခန်း(ပုဂံ)မှ ၂၀၁၅ ခုနှစ် အဋ္ဌမတန်း ဘက်စုံပညာထူးချွန် ကျောင်းသား ကျောင်းသူများသည် ယနေ့ နံနက်ပိုင်းက ပခုက္ကူမြို့ရှိ သီဟိုဠ်ရှင်ဘုရားအား လှည့်လည်ဖူးမြော် လေ့လာကြည်ညိုကြသည်။

သီဟိုဠ်ရှင် ဗုဒ္ဓရုပ်ပွားဆင်းတုတော်မြတ်ကို သက္ကရာဇ် ၄၇၇ ခုနှစ်တွင် သီဟိုဠ်ဘုရင်က မြန်မာဘုရင် အလောင်းစည်သူမင်းတရားကြီးအား မာလ္လာယုကျွန်းအနီး၌ ဆက်သခဲ့သည်။ ယင်းရုပ်ပွားတော်မြတ်၌ မဟာဗောဓိသစ်တော်၊ စန္ဒကူးနှစ်သစ်တော်၊ သရက္ခန်နှစ်သစ်တော်၊ သပြေနှစ်သစ်တော်၊ ထင်းရှူးနှစ်သစ်တော်၊ ကသစ်နှစ်သစ်တော်၊ ကုက္ကိုနှစ်သစ်တော်၊ သခွတ်နှစ်သစ်တော်၊ ထိန်နှစ်သစ်တော်၊ နံ့သာနှစ်သစ်တော် စသည့် သစ်ပေါင်း ၁၀ မျိုးနှင့် ဓာတ်

တော်မွေတော်များ ဌာပနာ၍ ကိုးကွယ်ခဲ့ကြောင်း၊ ရုပ်ပွားတော်မြတ်၏ ဉာဏ်တော်သည် သံတောင် သုံးတောင် နှစ်မိုက်ရှိကြောင်းနှင့် သီဟိုဠ်ရှင်မြတ်စွာဘုရား လိုဏ်ဂူဂန္ဓကုဋိစေတီတော်ကြီးကို အလောင်းစည်သူမင်းတရားကြီးက သက္ကရာဇ် ၄၇၉ ခုနှစ် တန်ဆောင်မုန်းလတွင် စတင်တည်ထားခဲ့ရာ ယင်းနှစ် တန်ခူးလတွင်ပင် တည်ဆောက်ပြီးစီးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ လေ့လာရေးအဖွဲ့သည် ပခန်းကြီးမြို့ဟောင်းရှိ ရွှေဟောင်း ကျောင်းတော်ကြီးအား လေ့လာကြသည်။ အဆိုပါ ကျောင်းသည် သက္ကရာဇ် ၂၁၈ ခုနှစ်တွင် သီရိဓမ္မာသောကမင်းကြီး တည်ထားကိုးကွယ်ခဲ့သည့် ရွှေမုဋ္ဌောစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ဘက်စုံပညာထူးချွန် ကျောင်းသား ကျောင်းသူများသည် ရေစကြိုမြို့ ပခန်းကြီးမြို့ဟောင်းရှိ အလောင်းစည်သူ မင်းကြီးတည်ထားကိုးကွယ်ခဲ့သည့် စည်သူရှင်သရက္ခန် ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကြသည်။

အဆိုပါ သရက္ခန်ရုပ်ပွားတော်မြတ်အား အလောင်းစည်သူမင်းတရားကြီးက သက္ကရာဇ် ၄၈၀ ပြည့်နှစ် နယုန်လဆန်း ၁၂ ရက်တွင် တည်ထားကိုးကွယ်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ လေ့လာရေးအဖွဲ့သည် ပခန်းကြီးမြို့ဟောင်းရှိ ရွှေဟောင်း ကျောင်းတော်ကြီးအား လေ့လာကြသည်။ အဆိုပါ ကျောင်းတော်ကြီးကို ကုန်းဘောင်မင်းဆက် ဘုရင်တစ်ပါးဖြစ်သည့် မင်းတုန်းမင်းတရားကြီးလက်ထက် သက္ကရာဇ် ၁၂၃၀ ခုနှစ် (ခရစ်သက္ကရာဇ် -၁၈၆၈ ခုနှစ်)တွင် ကျီဝန်မင်း ဦးဘိုးတုတ်က ရဟန်းသံဃာတော်များ သီတင်းသုံးနားနေနိုင်ရန် တည်ဆောက်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

၂၀၁၅ ခုနှစ် အဋ္ဌမတန်းဘက်စုံပညာထူးချွန်လူငယ်အပန်းဖြေစခန်း (ပုဂံ)စခန်းသိမ်းပွဲကို ယနေ့ ည ၇ နာရီတွင် ဘက်စုံပညာထူးချွန် ကျောင်းသား ကျောင်းသူများ အပန်းဖြေတည်းခိုရာ ပုဂံမြို့ အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသွားမည်ဖြစ်ပြီး မေ ၅ ရက်တွင် စုပေါင်းစခန်းသိမ်းပွဲကျင်းပမည့် နေပြည်တော်သို့ ဆက်လက်ထွက်ခွာမည်ဖြစ်သည်။

မင်းမင်းဇော်(ကလေး)
ဓာတ်ပုံ-မောင်ဖိုးဇော်

ဘက်စုံထူးချွန်လူငယ်များဖြင့် အနာဂတ်နိုင်ငံတော်သစ်ဆီသို့

အောင်နိုင်(သတင်းစဉ်)

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အတွက် ပညာရည်ထူးချွန်၍ ကျန်းမာသန်စွမ်းကာ စာရိတ္တကောင်းမွန်ပြီး မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေသည့် အရည်အချင်းမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များကို လေ့ကျင့်ပြုစုပျိုးထောင်ပေးရေးသည် ပညာရေးဝန်ကြီးဌာန၏ အခြေခံကျသော လုပ်ငန်းစဉ်တစ်ရပ် ဖြစ်သည်။

ပညာရည်ထူးချွန်ပြီး ကျန်းမာသန်စွမ်းကာ အကျင့်စာရိတ္တကောင်းမွန်သည့် ကျောင်းသားလူငယ်များအဖြစ် လေ့ကျင့်ပျိုးထောင်ရန် ရည်ရွယ်ပြီး **“လူရည်ချွန်”** စီမံကိန်းကို ၁၉၆၄ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ ၁၉၈၈ ခုနှစ်တွင် (၂၅)ကြိမ်မြောက် ငွေရတုလူရည်ချွန် စီမံကိန်းကို ဆောင်ရွက်ခဲ့ပြီးနောက် အကြောင်းအမျိုးမျိုးကြောင့် အစီအစဉ်ကို ရပ်နားခဲ့ရသည်။

အဆိုပါ (၂၅)နှစ်တာ လူရည်ချွန်စီမံကိန်းကာလအတွင်း ၇- ထပ်ကွမ်း နှစ်ဦး၊ ၆-ထပ်ကွမ်း ၁၉ ဦး၊ ၅- ထပ်ကွမ်း ၄၃ ဦး၊ ၄- ထပ်ကွမ်း ၂၃၇ ဦး၊ ၃-ထပ်ကွမ်း ၆၂၃ ဦး၊ ၂-ထပ်ကွမ်း ၁၃၉၃ ဦးနှင့် (၁) ကြိမ်ရ ၅၅၉၁ ဦး၊ စုစုပေါင်း ၇၉၀၈ ဦးကို မွေးထုတ်ပြုစု ပျိုးထောင်နိုင်ခဲ့ကြောင်း သိရသည်။

ဘက်စုံပညာထူးချွန်လူငယ် ရွေးချယ်ချီးမြှင့်ရခြင်း၏ ရည်ရွယ်ချက်များမှာ ဉာဏ်ပညာထူးချွန်ပြီး ကျန်းမာသန်စွမ်း၍ စာရိတ္တကောင်းမွန်သည့် နိုင်ငံသားကောင်းများ ပေါ်ထွန်းလာစေရန်၊ ပညာရေး လက်တွေ့ဖွံ့ဖြိုးမှု လုပ်ငန်းများတွင် ပိုမိုစိတ်ပါဝင်စားလာပြီး နိုင်ငံအကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်နိုင်စေရန်၊ မှန်ကန်သော အကျိုးပြုယှဉ်ပြိုင်မှုဖြင့် ဘက်စုံပညာ အရည်အသွေးများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ အများနှင့် စုပေါင်းနေထိုင်တတ်သော အလေ့အကျင့်ကောင်းများ ဖြစ်ထွန်းလာစေရန်နှင့် ဒေသန္တရဗဟုသုတများ ရရှိလာစေရန်၊ ကျောင်းသား ကျောင်းသူများ၏ စံနမူနာပြလူငယ်များ ပေါ်ထွန်းလာစေရန်တို့ပင် ဖြစ်သည်။

၁၉၈၈ ခုနှစ်တွင် ရပ်နားခဲ့သည့် လူရည်ချွန်စီမံကိန်း သည် ၂၅ နှစ်တာ လွန်မြောက်ပြီးနောက် နိုင်ငံတော်အစိုးရသစ်လက်ထက် ၂၀၁၃ ခုနှစ်တွင် **“ဘက်စုံ ပညာထူးချွန်လူငယ်”** စီမံကိန်းကို စတင်ဆောင်ရွက်ခဲ့ရာ ၂၀၁၃ ခုနှစ် ဘက်စုံပညာထူးချွန်လူငယ်စီမံကိန်းတွင် အခြေခံပညာကျောင်းများမှ အဋ္ဌမတန်း၊ နဝမတန်း၊ ဒသမတန်း ကျောင်းသား ကျောင်းသူ ၅၁၀ အား (ပုဂံ၊ အင်းလေး၊ ငွေဆောင်) အပန်းဖြေစခန်းများတွင် ငါးရက်ကြာ နေထိုင်အပန်းဖြေပြီး လေ့လာရေးခရီးစဉ်၊ ဟောပြောပွဲလုပ်ငန်းစဉ်များ ဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် နေပြည်တော် စုပေါင်းအပန်းဖြေစခန်း၌ နှစ်ရက်ကြာ ဘက်စုံပညာထူးချွန်လူငယ်များနှင့် ကင်းထောက်လူငယ်များ တွေ့ဆုံပွဲ အခမ်းအနားပြုလုပ်၍ နိုင်ငံတော်သမ္မတ၏ ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက် ခဲ့ကြသည်။ ၂၀၁၃ ခုနှစ် ဘက်စုံပညာထူးချွန်လူငယ် ၅၁၀ အနက် ၂၀၁၄ ခုနှစ်တွင် ၂-ထပ်ကွမ်း ဘက်စုံ ပညာထူးချွန်ဆုရ ကျား ၇၅ ဦး၊ မ ၆၇ ဦး စုစုပေါင်း ၁၄၂ ဦး ပေါ်ထွန်းခဲ့သည်။

အနာဂတ်မျိုးဆက်သစ်များဖြစ်သည့် ယနေ့ ကျောင်းသားလူငယ်များကို ဘက်စုံထူးချွန်ထက်မြက်သော နိုင်ငံ့သားကောင်းများ ဖြစ်လာစေရန်အတွက် ကျောင်းသားလူငယ်များ၏ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ စသည်တို့အပေါ်တွင် စိစစ်ရွေးချယ်ကာ နိုင်ငံတော်အနေဖြင့် ဂုဏ်ပြုချီးမြှင့်သည့်အစီအစဉ် ကို ခေတ်အဆက်ဆက်က ဆောင်ရွက်

ငွေဆောင်ဘက်စုံပညာထူးချွန်အပန်းဖြေစခန်း၌ ဘက်စုံပညာထူးချွန် ကျောင်းသား ကျောင်းသူများ ယုဇနပုစွန်မွေးမြူရေးလုပ်ငန်း၌ ကြည့်ရှုလေ့လာစဉ်။

၂၀၁၄ ခုနှစ် ဘက်စုံပညာထူးချွန်လူငယ်စီမံကိန်းတွင် အခြေခံပညာကျောင်းများမှ အဋ္ဌမတန်း၊ နဝမတန်း၊ ဒသမတန်း ကျောင်းသား ကျောင်းသူ ၅၂၅ ဦးအား (ပုဂံ၊ အင်းလေး၊ ငွေဆောင်) အပန်းဖြေစခန်းများတွင် ၂၀၁၄ ခုနှစ် ဧပြီ ၂၄ ရက်မှ မေ ၁ ရက်အထိ ခြောက်ရက်ကြာ နေထိုင်အပန်းဖြေပြီး လေ့လာရေးခရီးစဉ်၊ ဟောပြောပွဲလုပ်ငန်းစဉ်များ ဆောင်ရွက်ခဲ့ကြသည်။ ထို့နောက် နေပြည်တော်စုပေါင်းအပန်းဖြေစခန်း၌ နှစ်ရက်ကြာနေထိုင်ကြပြီး ဘက်စုံပညာထူးချွန်လူငယ်များနှင့် ကင်းထောက်လူငယ်များ၊ ကြက်ခြေနီ လူငယ်များ တွေ့ဆုံပွဲအခမ်းအနားနှင့် နိုင်ငံတော်သမ္မတကြီး၏ ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့ကြသည်။

၂၀၁၄ ခုနှစ် ဘက်စုံပညာထူးချွန်လူငယ် ၅၂၅ ဦး အနက် ၂၀၁၅ ခုနှစ်တွင် သုံးထပ်ကွမ်းဘက်စုံပညာထူးချွန်ဆုရ ကျား ၂၃ ဦး၊ မ ၁၆ ဦး စုစုပေါင်း ၃၉ ဦး၊ နှစ်ထပ်ကွမ်း ဘက်စုံပညာထူးချွန်ဆုရ ကျား ၅၅ ဦး၊ မ ၅၉ ဦး စုစုပေါင်း ၁၁၄ ဦး ပေါ်ထွန်းခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် အဆိုပါ ဘက်စုံထူးချွန်လူငယ်များအပါအဝင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၅၂၈ ဦးတို့သည် စခန်းဝင်အပန်းဖြေကြပြီဖြစ်သည်။

ငွေဆောင် ဘက်စုံပညာထူးချွန်အပန်းဖြေစခန်း၌ လာရောက်အပန်းဖြေသည့် ဘက်စုံပညာထူးချွန် ကျောင်းသား ကျောင်းသူ လူငယ်မောင်မယ်များအား ပုသိမ်မြို့သို့ စတင်ရောက်ရှိသည့်အချိန်တွင် ပုသိမ်မြို့ ဒေသခံ မိဘပြည်သူများနှင့် ကျောင်းသား ကျောင်းသူလေးများက ပန်းစည်းဆက်၍ သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသကဲ့သို့ ထူးချွန်မောင်မယ်များကလည်း ပုသိမ်မြို့၏ အဓိကစီးပွားရေးလုပ်ငန်းများဖြစ်သည့် ပုသိမ်ထီးလုပ်ငန်း၊ ပုသိမ်ဟာလဝါလုပ်ငန်းများကို သွားရောက်လေ့လာ ကြည့်ရှုခဲ့ကြသည်။

အလားတူ ဘက်စုံပညာထူးချွန် ကျောင်းသား ကျောင်းသူများသည် ကင်းထောက်သင်ခန်းစာမှ ကြိုးချည်နည်း လက်တွေ့သင်ခန်းစာများ၊ ကင်းထောက်စခန်းချ တဲထိုးနည်းသင်ခန်းစာများ၊ ချည်ထိုးနည်းသင်ခန်းစာများကို လက်တွေ့ပြုလုပ်လျက်ရှိနေကြပြီး စုပေါင်း ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများ၊ အခြေခံစစ်ရေးပြ လက်တွေ့လေ့ကျင့်ခန်းများ၊ အခြေခံစစ်ရေးပြ ဆန်းစစ်မှု(တပ်စုအလိုက်)လေ့ကျင့်ခန်းများ၊ စစ်ရေးပြ စာတွေ့ လက်တွေ့သင်ကြားမှုများကို အတူတကွ ပူးပေါင်းပါဝင်လေ့ကျင့်လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်ကိုလည်း တွေ့မြင်ရသည်။

ယနေ့လူငယ်၊ နောင်ဝယ်လူကြီး ဟူသည့် စကားနှင့်အညီ အနာဂတ်နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်လာရေးအတွက် အနာဂတ်မျိုးဆက်သစ်များဖြစ်သည့် ယနေ့ ကျောင်းသားလူငယ်များကို ဘက်စုံထူးချွန်ထက်မြက်သော နိုင်ငံ့သားကောင်းများ ဖြစ်လာစေရန်အတွက် ကျောင်းသားလူငယ်များ၏ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ စသည်တို့အပေါ်တွင် စိစစ်ရွေးချယ်ကာ နိုင်ငံတော်အနေဖြင့် ဂုဏ်ပြုချီးမြှင့်သည့် အစီအစဉ်ကို ခေတ်အဆက်ဆက်က ဆောင်ရွက်ခဲ့ပါသည်။

သို့ဖြစ်၍ အုတ်ဟောင်းတို့ပြိုရာ အုတ်သစ်တို့ အစားထိုး တည်ဆောက်ရသကဲ့သို့ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ဖြစ်ပေါ်ရေးအတွက် လူသားအရင်းအမြစ် ပြုစုပျိုးထောင်ရေးဖြစ်စဉ်တွင် ဘက်စုံပညာထူးချွန်လူငယ်စီမံကိန်းသည် ပဓာနကျသော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

မန္တလေး မြို့ဝင်ကြေးကောက်ခံမှုများ ယာယီရပ်ဆိုင်း

မန္တလေး မေ ၄

မန္တလေးမြို့တွင်း ဝင်ရောက်မောင်းနှင်နေပြီး အခြား တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ မှတ်ပုံတင်ထားသော မော်တော်ယာဉ်များအား မြို့ဝင်ကြေးများကို မေ ၁ ရက်မှ စတင်ပြီး မြို့တော်စည်ပင်သာယာမှ ကောက်ခံနေခြင်းကို မေ ၄ ရက် မွန်းလွဲ ၁၂ နာရီခွဲမှစ၍ ယာယီရပ်ဆိုင်းလိုက်ကြောင်း မေ ၄ ရက် မြို့တော်ခန်းမ၌ ပြုလုပ်သည့် မြို့ဝင်ကြေးကောက်ခံမှုများနှင့် ပတ်သက်၍ မီဒီယာများနှင့် တွေ့ဆုံရှင်းလင်းပွဲမှ သိရသည်။ **(အောက်ပုံ)**

မြို့တွင်း ယာဉ်ကြောရှုပ်ထွေး ပိတ်ဆို့မှုလျော့နည်းစေရန် ရည်ရွယ်၍ကောက်ခံလာခဲ့သည့် မြို့ဝင်ကြေးများကို မန္တလေးမြို့၌ နေထိုင်ပြီး အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ မှတ်ပုံတင်ဖြင့် အသုံးပြုနေကြသည့် မန္တလေးပြည်သူများ နစ်နာမှု

မရှိစေရန်အတွက် အဆိုပါယာဉ်များကို မေ ၃၀ ရက် နောက်ဆုံးထား၍ မန္တလေးမှတ်ပုံတင် ပြောင်းလဲဆောင်ရွက်ကြရန်နှင့် မြို့ဝင်ကြေး ပြန်လည်ကောက်ခံမည့် နေ့ရက်ကို ကြိုတင် ကြေညာပေးမည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးခင်မောင်တင့်က ပြောသည်။

"မန္တလေးမှတ်ပုံတင် မဟုတ်တဲ့ ယာဉ်တွေကို မှတ်ပုံတင်ပြောင်းလဲဖို့ အချိန်ပေးတဲ့အနေနဲ့ မေ ၃၀ ရက်နေ့အထိခေတ္တရပ်ဆိုင်းထားခြင်းဖြစ်ပါတယ်။ မေ ၁ ရက်က ကောက်ခံခဲ့တဲ့ မြို့ဝင်ကြေး နှုန်းထားတွေကတော့ တစ်ရက်အတွက် တစ်တန်အောက်ယာဉ်ကို ငွေကျပ် ၂၀၀၀၊ တစ်တန်မှ သုံးတန်အထိ ငွေကျပ် ၄၀၀၀၊ သုံးတန်မှ ငါးတန်အထိ ငွေကျပ် ၆၀၀၀၊ ငါးတန်အထက်ယာဉ်များကို ငွေကျပ် ၁၀၀၀၀ ကောက်ခံခဲ့တဲ့အခါ အခြားတိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက မှတ်ပုံတင်တွေနဲ့ အသုံးပြုနေကြတဲ့ ကျွန်တော်တို့ မန္တလေးပြည်သူတွေ နစ်နာမှာစိုးလို့ ယာယီရပ်ဆိုင်းလိုက်တာ ဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။

ပြည်တွင်းအခွန်များဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသန်းဇော်ကလည်း "မော်တော်ယာဉ်ခွန် ထမ်းဆောင်ရန် သတ်မှတ်ထားတဲ့ စည်းမျဉ်းတွေနဲ့ ပြည့်စုံမယ်ဆိုရင် နေ့ချင်းပြီး ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်မှာ ဖြေလျှော့ထုတ်ပြန်ထားတဲ့ အခွန်အကောက်ဥပဒေ ပုဒ်မ ၂၄ အရ ငွေ တစ်ကျပ်မှ ကျပ်သိန်းတစ်ထောင်အထိ တန်ဖိုးကို ၃ ရာခိုင်နှုန်းပဲဆောင်ရမှာ ဖြစ်ပါတယ်။ လက်ရှိ အများဆုံးစီးနေတဲ့ ကားတွေကလည်း ကျပ်သိန်း တစ်ရာ ပတ်ဝန်းကျင်မှာပဲ ရှိနေတဲ့အတွက် သုံးသိန်းပဲ ပေးဆောင်ရမှာ ဖြစ်ပါတယ်" ဟု ၎င်းက ပြောကြားသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးနေလင်းကလည်း "နယ်ဝင်မှတ်ပုံတင် ဆောင်ရွက်ရာမှာ ကောက်ခံမယ့် နှုန်းထားတွေကတော့ ယာဉ်ငယ်(ကိုယ်ပိုင်)ငွေကျပ် ၃၆၂၀၀၊ ယာဉ်ငယ်(အငှား)ငွေကျပ် ၅၁၂၀၀၊ ယာဉ်ကြီး(ကိုယ်ပိုင်) ငွေကျပ် ၅၆၂၀၀၊ ယာဉ်ကြီး(အငှား)ငွေကျပ် ၆၆၂၀၀ တို့ဖြစ်ပါတယ်။ ဒီနှုန်းထားတွေကို ကြေညာပေးရတာကတော့ ပွဲစားတွေပဲ ဖြစ်ဖြစ်၊ ကျွန်တော်တို့ဝန်ထမ်းတွေနဲ့ပဲဖြစ်ဖြစ် ဆောင်ရွက်မယ့်သူတွေအတွက် နစ်နာမှုမရှိရအောင် ထုတ်ပြန်ပေးခြင်းပဲဖြစ်ပါတယ်။ အဓိကအနေနဲ့ နယ်ဝင်မှတ်ပုံတင်အတွက် သတ်မှတ်ထားတဲ့ စည်းကမ်းချက်တွေထဲမှာ အဓိကလိုအပ်ချက်ကတော့ ရပ်ကွက်ထောက်ခံချက်မှာ လမ်း၊ ရပ်ကွက်၊ အိမ်နံပါတ်ကို တိတိကျကျရေးပေးဖို့ မီဒီယာတွေကတစ်ဆင့် ပြောကြားလိုပါတယ်။ အကောင်းဆုံးကတော့ ပိုင်ရှင်ကိုယ်တိုင် လာရောက်ဆောင်ရွက်ရင် ပိုပြီး ပွင့်လင်းမြင်သာမှုရှိမှာ ဖြစ်ပါတယ်" ဟု ၎င်းက ပြောကြားသည်။

မြို့ဝင်ကြေးအဖြစ် မေ ၁ ရက်နေ့မှ ၃ ရက်အထိ တစ်နေ့လျှင် ယာဉ်အစီးရေ လေးထောင်အား ငွေကျပ် သိန်းတစ်ရာနှုန်းဖြင့် သုံးရက်တာကာလအတွင်း ယာဉ်စီးရေ ၁၂၀၀၀ အတွက် ကျပ်သိန်းသုံးရာ ကောက်ခံရရှိပြီးဖြစ်ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

ပြင်ဦးလွင်၌ စခန်းချနေသည့် ကင်းထောက်များ စွမ်းရည်ယှဉ်ပြိုင်

ပြင်ဦးလွင် မေ ၄

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်၌ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ အမျိုးသမီး ကင်းထောက်စခန်းနှင့် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း အမျိုးသားကင်းထောက်စခန်းတို့မှ ကင်းထောက်မောင်မယ်များသည် မေ ၄ ရက် နံနက် ၇ နာရီက ကြီးကြပ်သူ ဆရာ ဆရာမများနှင့် အထောက်အကူပြုတာဝန်ရှိသူများနှင့်အတူ မိမိတို့စခန်းများမှ မော်တော်ယာဉ်များဖြင့် ပွဲကောက်ရေတံခွန် ဝန်းကျင်နှင့် နောင်ကင်းထောက်စခန်းများ ဆောက်လုပ်မည့် ပတ်ဝန်းကျင်သို့ အလှည့်ကျသွားရောက်လေ့လာကြသည်။

ဆက်လက်၍ မဟာအံ့ထူးကံသာဘုရားကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုကာ အလှူငွေများလှူဒါန်း၍ အမှတ်တရ လက်ဆောင်ပစ္စည်းများ ဝယ်ယူကြသည်။

ထို့မှတစ်ဆင့် ကင်းထောက်မောင်မယ်များသည် ပြင်ဦးလွင်မြို့ ရှောင်လမ်းရှိ ထင်းရှူးတောသို့ မော်တော်ယာဉ်များဖြင့် သွားရောက်ကြပြီး အမျိုးသားကင်းထောက်များ၊ အမျိုးသမီး ကင်းထောက်များသည် ကင်းစိတ်အလိုက် ကြိုးချည်နည်းပြိုင်ပွဲခြောက်မျိုး၊ ရှေးဦးသူနာပြုပြိုင်ပွဲသုံးမျိုးနှင့် တားဆီးဖြတ်ကျော်ပြိုင်ပွဲသုံးမျိုးတို့ဖြင့် ကင်းထောက်စွမ်းရည်ပြိုင်ပွဲများကို ယှဉ်ပြိုင်ကြရာ အကဲဖြတ်ဒိုင် ကင်းထောက်ကြီးများက အမှတ်ပေး စိစစ်ရွေးချယ်ပေးကြကြောင်း သိရသည်။

တင်မောင်(မန်းကိုယ်ပွား)

အင်းလေးခေါင်တိုင် ဘက်စုံပညာထူးချွန်အပန်းဖြေစခန်းမှ ထူးချွန်လူငယ်များ ဂုဏ်ပြုညစာစားပွဲနှင့် စခန်းသိမ်းပိတ်ပွဲကျင်းပ

တောင်ကြီး မေ ၄

၂၀၁၅ ခုနှစ် အင်းလေးခေါင်တိုင် ဘက်စုံပညာထူးချွန်လူငယ် အပန်းဖြေစခန်းမှ လူငယ်မောင်မယ်များအား ရှမ်းပြည်နယ်အစိုးရအဖွဲ့က ချီးမြှင့်သည့် ဂုဏ်ပြုညစာစားပွဲနှင့် စခန်းသိမ်းပိတ်ပွဲ အခမ်းအနားကို ယနေ့ညနေ ၆ နာရီက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံဆိုင်က နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး ဘက်စုံပညာထူးချွန်လူငယ်များအား စစ်ရေးပြအကောင်းဆုံးဆု၊ ကင်းထောက်စွမ်းရည် အကောင်းဆုံးဆု၊ ကာယလေ့ကျင့်ခန်း အကောင်းဆုံးဆုနှင့် ကြံ့ခိုင်စွမ်းရည် ထူးချွန်ဆုများ အသီးသီးချီးမြှင့်ခဲ့ကြောင်း သိရသည်။

ထို့နောက် ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌက ဂုဏ်ပြုလက်ဆောင်များပေး အပ်ပြီး ဘက်စုံပညာထူးချွန်မောင်မယ်များက အထိမ်းအမှတ်ပစ္စည်း ပြန်လည်ပေးအပ်ခဲ့သည်။

ဆက်လက်ပြီး ဘက်စုံပညာထူးချွန်လူငယ်မောင်မယ်များအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပြီး ရှမ်းပြည်နယ် ယဉ်ကျေးမှုအဖွဲ့များက ဖျော်ဖြေရေးများဖြင့် ဧည့်ခံဖျော်ဖြေခဲ့ကြောင်း သိရသည်။

သတင်း-တင်မောင်လွင်
ဓာတ်ပုံ-စိုင်းသန်းကျော်



မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ ကြိုဆိုသောအားဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်

နေပြည်တော် မေ ၄

(၆၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မေ ၃ ရက် နံနက် ၇ နာရီမှ ၉ နာရီအထိ နေပြည်တော်ကောင်စီနယ်မြေ မီးသတ်ဦးစီးဌာနမှူးရုံး ကွပ်ကဲမှုအောက်ရှိ မြို့နယ်များမှ သန္ဓေ/အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၅၀ တို့သည် နေပြည်တော် ခုတင်(၁၀၀၀)ဆံ့ ဆေးရုံကြီး၌ ပြည်သူ့အကျိုးပြု လုပ်အားပေးဆောင်ရွက်ပြီး တပ်ဖွဲ့ဝင် ၂၀ ဦးတို့က သွေးလှူဒါန်းခဲ့မှုတို့ကို မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းကျော်ကျော်၊ နေပြည်တော်ဆေးရုံအုပ်ကြီး၊ သွေးလှူဘဏ်တာဝန်ခံတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

(မြန်မာ့အလင်း)

ငွေကျပ် ၁၀၇ သိန်းကျော် ဖောက်ထွင်းခိုးယူခံရသည့် အမှုအား အချိန်တိုအတွင်း ဖော်ထုတ်နိုင်ခဲ့သဖြင့် ဂုဏ်ပြုချီးမြှင့်

ရန်ကုန် မေ ၄

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ(၁)၌ ယနေ့မွန်းလွဲ ၁ နာရီတွင် စမ်းချောင်းမြို့မရဲစခန်း ပြစ်မှုပုဒ်မ ၃၈၀ အမှုမှ ပြစ်မှုကျူးလွန်သူကို လေးရက်အတွင်း ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပြီး စိန်၊ ရွှေ လက်ဝတ်ရတနာများနှင့် ပစ္စည်းများ စုစုပေါင်းတန်ဖိုး ၁၀၇ သိန်းကျော်အား ပြန်လည်သိမ်းဆည်းနိုင်ခဲ့သဖြင့် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့သို့ ဂုဏ်ပြုသည့်အခမ်းအနားကို ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဝင်းနိုင်နှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွေးလှတို့က ဂုဏ်ပြုအမှာစကား ပြောကြားကြသည်။

ဆက်လက်၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွေးလှက ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့သို့ ဂုဏ်ပြုငွေကျပ် ၁၀ သိန်း၊ ရုပ်မြင်သံကြားစက်နှစ်လုံး၊ ကျောင်းဝတ်စုံ အစုံ ၅၀ ၊ ဗလာစာအုပ် ဒါဇင် ၅၀ တို့ကို ဂုဏ်ပြုပေးအပ်ခဲ့ရာ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးက လက်ခံ ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။

ယင်းနောက် အမှုဖော်ထုတ်ခဲ့ကြသည့် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူးဦးစီး၊ ရဲမှူး သိန်းလွင်ပါ တပ်ဖွဲ့ဝင်ခုနစ်ဦးအား ဂုဏ်ပြုလက်မှတ်များ ပေးအပ်သည်။

ယင်းသို့ အခမ်းအနားဖြင့် ဂုဏ်ပြုပွဲကျင်းပသည့်အမှုမှာ ဖေဖော်ဝါရီ ၁၂ ရက်က စမ်းချောင်းမြို့နယ် စမ်းချောင်းတောင်ရပ်ကွက်ရှိ တိုက်ခန်းခြောက်လွှာတွင် အိမ်ရှင်များ မရှိခိုက် ခတ်ထားသောသော့များကို ဖျက်၍ ဝင်ရောက်ပြီး စိန်၊ ရွှေရတနာ ပစ္စည်းမျိုးစုံနှင့် လက်ကိုင်ဖုန်းတစ်လုံး၊ ဘဏ်စာအုပ်တစ်အုပ်၊ နိုင်ငံသား စိစစ်ရေးကတ်ပြားတစ်ခုတို့ ခိုးယူခံရသဖြင့် အမှုဖွင့်လှစ်ကာ စုံစမ်းဖော်ထုတ်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၊ အကူတပ်ဖွဲ့ခွဲ၊ အုပ်ချုပ်မှုတပ်ခွဲ၊ မှုခင်းအကူဌာနစုမှ တပ်ဖွဲ့ဝင်များက ပြစ်မှုကျူးလွန်သူ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်နေ လင်းလင်းအောင်(ခ)လင်းသစ်(၂၃ နှစ်)အား ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပြီး ပါဆုံးသွားသည့် စိန်၊ ရွှေလက်ဝတ်ရတနာများနှင့် ပစ္စည်းများအား မူလပုံစံမပျက် ပြန်လည်သိမ်းဆည်းနိုင်ခဲ့သော အမှုဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြို့တွင်း အများပိုင်ကုမ္ပဏီယာဉ်လိုင်း အသုံးပြုပြေးဆွဲနိုင်ရေး စတင်အကောင်အထည်ဖော်

သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ- မင်းထက်

ရန်ကုန် ဧပြီ ၄

ရန်ကုန်မြို့အတွင်း ယာဉ်ကြောကျပ်တည်းမှု ဖြေလျှော့နိုင်ရေးနှင့် ခရီးသွားပြည်သူများ ခေတ်မီအဆင်ပြေစေရေးအတွက် အများပိုင်ကုမ္ပဏီယာဉ်လိုင်းကို မကြာမီ စတင်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရဖွဲ့ရုံးအစည်းဝေးခန်းမ၌ယနေ့နံနက် ၉ နာရီခွဲက ကျင်းပသည့် အစုရှယ်ယာဝင်များအား ဖိတ်ခေါ်ရှင်းလင်းသည့် အလုပ်ရုံဆွေးနွေးပွဲမှ သိရသည်။

"ကျွန်တော်တို့ အခုစတင်အကောင်အထည်ဖော်မယ်ဆိုတဲ့ အများပိုင်ကုမ္ပဏီ ယာဉ်လိုင်းဟာ အမြန်ဘတ်စ်ကားစနစ်(အပေါ့စား) Bus Rapid Transit စနစ် ဖြစ်ပါတယ်။ မော်ဒယ်မြင့် ဘယ်မောင်းကြမ်းပြင်နိမ့် ဘေးထိုင်ခုံ အဲကွန်းပါကား များပြေးဆွဲပေးမှာပါ။ Ticket လက်မှတ်နဲ့ iPay ကတ်တို့ကို အသုံးပြုသွားမှာဖြစ်တဲ့အတွက် ယာဉ်နောက်လိုက်လိုမှာ မဟုတ်ပါဘူး။ ယာဉ်မောင်းတွေ အတွက်လည်း လုံလောက်တဲ့ ယာဉ်မောင်းလုပ်ခ ရရှိမှာဖြစ်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် စနစ်တစ်ခုပြောင်းပြီး ခရီးသွားပြည်သူတွေအတွက် အဆင်ပြေအောင် နိုင်ငံတော်က စီစဉ်ပေးတာ ဖြစ်ပါတယ်"ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အကြံပေး ဒေါက်တာမောင်အောင်က ပြောသည်။

အဆိုပါ အများပိုင်ကုမ္ပဏီ (Public Private Partnership – PPP) ကိုနိုင်ငံတော်က ရာခိုင်နှုန်း ၄၀ ပါဝင်ထည့်သွင်းပြီး ပုဂ္ဂလိကမှ ရာခိုင်နှုန်း ၆၀ ထည့်ဝင်ပြေးဆွဲသွားမည်ဖြစ်ကြောင်းသိရသည်။ ပုဂ္ဂလိကယာဉ်ပိုင်ရှင်များအနေဖြင့် ရှယ်ယာထည့်ဝင်လိုပါက အစုရှယ်ယာတစ်ခုလျှင် ငွေကျပ်တစ်သိန်းထည့်ဝင်ရမည်ဖြစ်ပြီး လတ်တလောတွင် အစုရှယ်ယာများကို ကန့်သတ်ထားခြင်းမရှိသေးကြောင်းနှင့် ကုမ္ပဏီတွင် (BOD) အဖွဲ့ဝင် ခုနစ်ဦးထားရှိမည်ဖြစ်ပြီး (က) အဆင့်ရှယ်ယာဝင် လေးဦးနှင့် (ခ) အဆင့်ရှယ်ယာဝင် သုံးဦးကို ခန့်အပ်သွားမည်ဖြစ်သည်။ အဆိုပါ ရှယ်ယာဝင်များထဲမှ အများဆုံးထည့်ဝင်ထားသည့် ရှယ်ယာရှင်ကို (BOD) အဖွဲ့၏ ဒါရိုက်တာခန့်အပ်ထားမည်ဖြစ်သည်။ အများပိုင်ကုမ္ပဏီကို ပထမအဆင့် ထည့်ဝင်ရင်းနှီးငွေ ၂၅ ရာခိုင်နှုန်းတွင် နိုင်ငံတော်မှ ၁၀ ရာခိုင်နှုန်းနှင့် အများပြည်သူမှ ၁၅ ရာခိုင်နှုန်းထည့်ဝင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ ယခုလာမည့် အပတ်မှစတင်ကာ Bus Station များ စတင်အကောင်အထည်ဖော်တည်ဆောက်မည်ဖြစ်သည်။

"ကျွန်တော်တို့ အများပြည်သူအတွက် အခုပြေးဆွဲပေးမယ့် အများပိုင်ကုမ္ပဏီယာဉ်လိုင်းဟာ အသင့်တော်ဆုံးဈေးနှုန်းနဲ့ပြေးဆွဲနိုင်အောင် စီစဉ်ပေးမှာဖြစ်ပါတယ်။ ပြေးဆွဲပေးမယ့် ကားတွေအနေနဲ့လည်း လိုအပ်တဲ့ စွမ်းအင်ကဏ္ဍကို လုံလောက်အောင် ဖြည့်ဆည်းပေးဖို့ စွမ်းအင်နဲ့ ညှိနှိုင်းပြီး လုပ်ဆောင်သွားမှာပါ။ ဒီစနစ် အောင်မြင်သွားရင်တော့ ရန်ကုန်မြို့အနေနဲ့ ယာဉ်ကြောကျပ်တည်းမှုရော၊ ခရီးသွားပြည်သူတွေအတွက်ရော၊ ယာဉ်မောင်းနဲ့ ယာဉ်ပိုင်ရှင်တွေအတွက်ပါ ကျေနပ်စရာဖြစ်လာမှာပါ"ဟု ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက ပြောကြားသည်။

အများပြည်သူပို့ဆောင်ရေးအတွက် ရန်ကုန်မြို့တွင်း ပြေးဆွဲနေသော ယာဉ်လိုင်းမှ ယာဉ်တစ်စီး

အများပိုင်ကုမ္ပဏီ ယာဉ်လိုင်းများအနေဖြင့် စတင်ပြေးဆွဲပေးရန် စီစဉ်ထားသည့် ယာဉ်လမ်းကြောင်းများမှာ ထောက်ကြန့်မှ ပြည်လမ်းအတိုင်း ရှစ်မိုင်လမ်းဆုံအထိ ၎င်းမှ လမ်းကြောင်းနှစ်ကြောင်းခွဲ၍ ပြေးဆွဲပေးမည်ဖြစ်သည်။ ပထမလမ်းကြောင်းအနေဖြင့် ရှစ်မိုင်လမ်းဆုံမှ ပြည်လမ်းအတိုင်း လှည်းတန်း၊ ပြည်လမ်းနှင့် ဗိုလ်ချုပ်လမ်းဆုံ၊ ၎င်းမှ ဗိုလ်ချုပ်လမ်းအတိုင်း ဆူးလေဘုရားလမ်းအထိ၊ ၎င်းမှ ဆူလေဘုရားလမ်းအတိုင်း ဂျိုးဖြူလမ်း၊ ကမ္ဘာအေးဘုရားလမ်းအတိုင်း ရှစ်မိုင်လမ်းဆုံအထိ Counter Clockwise Direction အတိုင်း ပြေးဆွဲမည်ဖြစ်သည်။ လမ်းကြောင်း နှစ်အနေဖြင့် ရှစ်မိုင်လမ်းဆုံမှ ကမ္ဘာအေးဘုရားလမ်းအတိုင်း ချော်တွင်းကုန်း၊ ကုက္ကိုင်း၊ ရွှေဂုံတိုင်၊ ဗိုလ်ချုပ်လမ်းနှင့် ဆူးလေဘုရားလမ်းဆုံ၊ ၎င်းမှ ဗိုလ်ချုပ်လမ်းအတိုင်း ဗိုလ်တထောင်ဘုရားလမ်းဆုံ၊ ၎င်းမှ ဗိုလ်တစ်ထောင်ဘုရားလမ်းအတိုင်း ကမ်းနားလမ်းဆုံမှ ဘုန်းကြီးလမ်းဆုံ၊ ယင်းမှ မြောက်ဘက်သို့တက်၍ ပြည်လမ်းအတိုင်း ရှစ်မိုင်လမ်းဆုံအထိ Clockwise Direction အတိုင်း ပြေးဆွဲပေးမည်ဖြစ်သည်။

ထို့အပြင် နောက်ထပ်လမ်းကြောင်းမှာ လှိုင်သာယာမြို့နယ် ဒဂုံဧယာအဝေးပြေးမှ အမှတ်(၅) လမ်းအတိုင်း ဘုရင့်နောင်တံတားမှ ကျိုက်ဝိုင်းဘုရားလမ်းအထိ ယင်းမှ ရှစ်မိုင်လမ်းဆုံ ကမ္ဘာအေးဘုရားလမ်းအတိုင်း အုတ်ပုံဆိပ်အထိ၊ ၎င်းမှ သုဓမ္မလမ်းအတိုင်း အောင်မင်္ဂလာအဝေးပြေးသို့ ဝင်ရောက်မည်ဖြစ်သည်။ အပြန်လမ်းကြောင်းမှာလည်း လာရာအတိုင်းဖြစ်သည်။ အဆိုပါလမ်းကြောင်းမှာ အရှည် ၂၅ဒသမ ၆၈ ကီလိုမီတာ ရှည်မည်ဖြစ်သည်။ နောက်ပြေးဆွဲမည့် လမ်းကြောင်းတစ်ခု မှာ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် ဒဂုံတက္ကသိုလ်ဝင်းထဲမှ ဗိုလ်မှူးဗထူးလမ်းအတိုင်း သုဓမ္မလမ်းဆုံ ယင်းမှ အုတ်ပုံဆိပ်မှ ကမ္ဘာအေးဘုရားလမ်းအတိုင်း ချော်တွင်းကုန်းလမ်းဆုံ၊ ၎င်းမှ ပါရမီလမ်းအတိုင်း ငမိုးရိပ်တံတား(ပါရမီ)မှ ပင်လုံလမ်းအတိုင်း အနော်ရထာ လမ်းဆုံအထိ၊ ယင်းမှ ဗိုလ်မှူးဗထူးလမ်းဆုံအတိုင်း ဒဂုံတက္ကသိုလ်သို့ ပြန်လည်ဝင်ရောက်မည်ဖြစ်သည်။

ယင်းနောက် ကမ်းနားလမ်းနှင့် ဗိုလ်တထောင်လမ်းဆုံမှ ဗိုလ်တထောင်ဈေးလမ်းအတိုင်း မဟာဗန္ဓုလလမ်းဆုံအထိ ယင်းမှ ယမုံနာလမ်းအတိုင်း ရှုခင်းသာမြို့ပတ်လမ်း၊ ၎င်းမှ ရတနာလမ်းအတိုင်း ပဲခူးမြစ်လမ်းဆုံအထိ၊ ၎င်းမှ သန်လျင်တံတားအမှတ်-၂ (ဒဂုံတံတား)အထိ၊ ယင်းမှ အမှတ်(၆)လမ်းအတိုင်း သန်လျင်-ကျောက်တန်းလမ်းဆုံအထိ ၎င်းမှ သီလဝါ SEZ အထိ ပြေးဆွဲမည်ဖြစ်သည်။ ယင်းမှ လာရာလမ်းအတိုင်း ကမ်းနားလမ်းနှင့် ဗိုလ်တထောင်လမ်းဆုံသို့ ပြန်လည်ဆိုက်ရောက်မည်ဖြစ်သည်။ ရန်ကုန်မြို့တွင်း အဆိုပါ အများ ပိုင်ကုမ္ပဏီယာဉ်လိုင်းပြေးဆွဲမှုကို လာမည့်အောက်တိုဘာလအတွင်း စတင်အကောင်အထည်ဖော်မည်ဖြစ်ကြောင်း သိရသည်။

ယခုလက်ရှိတွင် ရန်ကုန်မြို့တွင်း နေ့စဉ် ယာဉ်လိုင်းပေါင်း ၃၆၀ မှ ပြေးဆွဲနေသော ယာဉ်စီးရေမှာ ၃၅၀၀ ကျော်ရှိပြီး နေ့စဉ် ခရီးသည်နှစ်သန်းခန့် လိုက်ပါစီးနင်းလျက်ရှိကြောင်းသိရသည်။

(မြန်မာ့အလင်း)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ်၊ ပြည်နယ်ပညာရေးညွှန်ကြားရေးမှူးရုံးမှ အောက်ဖော်ပြပါ ကျောင်းဆောင် ၁၄၈ကျောင်း တည်ဆောက်ရေးလုပ်ငန်းအတွက် ၂၅-၄-၂၀၁၅ရက်မှစ၍ တင်ဒါခေါ်ယူနေပါသည်။

(၁) (၁၄၀×၃၀)ပေ၊ RCC နှစ်ထပ်အသစ်ဆောက်ရန်	(၂) ကျောင်း
(၂) (၁၀၀×၃၀)ပေ၊ RCC နှစ်ထပ်အသစ်ဆောက်ရန်	(၁) ကျောင်း
(၃) (၁၂၀×၃၀)ပေ၊ သွပ်မိုး၊ အုတ်ညှပ်တစ်ထပ်အသစ်ဆောက်ရန်	(၃) ကျောင်း
(၄) (၉၀×၃၀)ပေ၊ သွပ်မိုး၊ အုတ်ညှပ်တစ်ထပ်အသစ်ဆောက်ရန်	(၁၇) ကျောင်း
(၅) (၆၀×၃၀)ပေ၊ သွပ်မိုး၊ အုတ်ညှပ်တစ်ထပ်အသစ်ဆောက်ရန်	(၅၈) ကျောင်း
(၆) (၁၂၀×၃၀)ပေ၊ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာတစ်ထပ်အသစ်ဆောက်ရန်	(၂) ကျောင်း
(၇) (၉၀×၃၀)ပေ၊ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာတစ်ထပ်အသစ်ဆောက်ရန်	(၈) ကျောင်း
(၈) (၈၀×၃၀)ပေ၊ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာတစ်ထပ်အသစ်ဆောက်ရန်	(၁) ကျောင်း
(၉) (၆၀×၃၀)ပေ၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းတစ်ထပ်အသစ်ဆောက်ရန်	(၅၆) ကျောင်း

၂။ တင်ဒါလျှောက်လွှာများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်။

တင်ဒါလျှောက်လွှာယူရန်နှင့် ပြန်သွင်းရန်နေရာ - ပြည်နယ်ပညာရေးညွှန်ကြားရေးမှူးရုံး ချင်းပြည်နယ်၊ ဟားခါးမြို့
တင်ဒါပိတ်ရက် - ၁၅-၅-၂၀၁၅ရက် (သောကြာနေ့)
တင်ဒါဖွင့်ဖောက်စစ်ဆေးရက် - ၁၆-၅-၂၀၁၅ရက် (စနေနေ့)

၃။ အသေးစိတ်သိရှိလိုပါက ချင်းပြည်နယ်ပညာရေးညွှန်ကြားရေးမှူးရုံးတွင် လူကိုယ်တိုင်ဖြစ်စေ၊ အောက်ပါဖုန်းနံပါတ်များသို့ဖြစ်စေ စုံစမ်းနိုင်ပါသည်။ ဖုန်း-၀၇၀-၂၁၂၀၄၊ ၀၇၀-၂၁၀၁၈၊ ၀၇၀-၂၁၀၄၁၊ ၀၉-၄၀၀၅၃၄၇၁၈

တင်ဒါစိစစ်ရေးကော်မတီ

အမည်ပြောင်း

တောင်ကုတ်မြို့၊ အထက(၁) ကျောင်းကြီး စတုတ္ထတန်းမှ ဦးရဲနိုင်၏သမီး မြတ်နိုးအောင်အား နှင်းရတီနိုင်ဟု ပြောင်းလဲခေါ်ပါရန်။

နှင်းရတီနိုင်

ဆရာချမ်းဇော်ထက် စီစဉ်တဲ့ **No. 19, May**

EVER ENGLISH ထွက်ပြီဗျို့

Audio-Video CD ပါရှိသည့် 5 Skills မဂ္ဂဇင်း

အိုဘားမား၏ အမေနေ့ အမှတ်တရစကား
ဒေါ်အောင်ဆန်းစုကြည်၏ ပညာနှင့် စာရိတ္တမိန့်ခွန်း

ဆိုင်များမှာ မေးဝယ်ပါ | ချမ်းဇော်ထက်စာပေ (၀၉ ၇၃၁၀၉၄၄၆)

လူပျောက်

ဖော်ပြပါဓာတ်ပုံရှင် ဒေါ်ဒဂိုပါဒေဝီ(ခ)မလက်(ချ်)မီး အသက် (၅၁)နှစ် သည် ၄-၅-၂၀၁၅ရက် နံနက် ၆နာရီတွင် နေအိမ်မှ နံပြားသွားဝယ်မည်ပြောဆိုထွက်သွားရာမှ ပြန်မလာဘဲ ပျောက်ဆုံးနေပါသည်။ တွေ့ရှိက အကြောင်းကြားပေးပါရန်နှင့် လက်ခံထားသူအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ကိုဇော်ဝင်း

ဆက်သွယ်ရန် ဖုန်း-၀၉-၃၁၄၅၇၅၆၀၊ ၀၉-၂၅၄၈၄၁၆၁၉၊ ၀၉-၂၅၄၄၂၄၁၈

ဒသမအကြိမ်မြောက် ကုန်သွယ်/လယ်ယာမိသားစုများ ဆရာကန်တော့ပွဲကျင်းပမည်

ကုန်သွယ်/လယ်ယာဝန်ထမ်းဟောင်းများအချင်းချင်းရိုင်းပင်းကူညီရေးအသင်းက ကြီးမှူးကျင်းပသော သက်ကြီးဝါကြီးဆရာများအား ဒသမအကြိမ်မြောက် ဆရာကန်တော့ပွဲအခမ်းအနားကို ၂၀၁၅ ခုနှစ် မေ ၃၁ ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကြားတောရလမ်း၊ ကုန်သွယ်/လယ်ယာဓမ္မာရုံ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ဝန်ထမ်းများနှင့် ဝန်ထမ်းဟောင်းများ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ဆရာကန်တော့ပွဲ ကျင်းပရေးကော်မတီ

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9D/ 3317၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၂၁ယ/၂၅၉၁၂၊ Kenbo 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မိုင်ခင်စီရင် ၇/ပခတ(နိုင်)၀၂၉၇၆၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ပြည်) ပြည်မြို့

ရွေးကောက်ပွဲလုံခြုံရေးဆောင်ရွက်မှုဆိုင်ရာ စွမ်းရည်မြှင့်တင်ရေးသင်တန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေး

နေပြည်တော် မေ ၄

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ်ဇော်ဝင်းသည် မွန်းလွဲ ၂ နာရီခွဲမှ ညနေ ၃ နာရီခွဲအထိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် ဧည့်ခန်းမ၌ အမေရိကန်ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်မှုအဖွဲ့ (USIP)ဥက္ကဋ္ဌဖြစ်သူ Ms, Nancy Lindborg ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံခဲ့သည်။

အဆိုပါတွေ့ဆုံရာသို့ ရဲချုပ်နှင့်အတူ ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ် သူရဘိုနီ၊ နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီးမှူး ရဲမှူးချုပ်စိုးမြင့်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များအတွက် ရွေးကောက်ပွဲလုံခြုံရေးဆောင်ရွက်မှုဆိုင်ရာ စွမ်းရည်မြှင့်တင်ရေးသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲနှင့် နှီးနှောဖလှယ်ပွဲများ ကျင်းပရေးကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

◆ ***ကျောက်ဖုံးမှ***

လေ့ကျင့်မှုများ ဆက်လက်ပြုလုပ်လျက်ရှိသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲအတွက် ပဏာမကစားသမား ၂၅ ဦးဖြင့် လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။

မြန်မာအသင်းသည် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲ အာရှဇုန် ဒုတိယအဆင့် ခြေစစ်ပွဲတွင် အုပ်စု(ဆ)၌ တောင်ကိုရီးယား၊ ကူဝိတ်၊ လက်ဘနွန်၊ လာအိုအသင်းတို့နှင့်အတူ ကျရောက်နေသည့် မြန်မာအသင်းသည် ဇွန် ၁၁ ရက်တွင် လာအိုအသင်းနှင့် အဝေးကွင်း၊ ဇွန် ၁၆ ရက်တွင် တောင်ကိုရီးယားအသင်းနှင့် အိမ်ကွင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ကမ္ဘာ့ဖလား ခြေစစ်ပွဲဝင်မည့် မြန်မာ့လက်ရွေးစင် အသင်းတွင် **နည်းပြချုပ်**-အေဗရာမိုဗစ်၊ **လက်ထောက်နည်းပြ**-ဆီကိုဗစ်၊ ဦးစိုးမြတ်မင်း၊ **ဂိုးနည်းပြ**-ဒီနို၊ ကစားသမားများအဖြစ် **ဂိုးသမား**-မန်လားဟရွယ်၊ ရန်အောင်လင်း၊ ပြည့်ဖြိုးအောင်၊ ထက်လင်းဦး၊ ဇော်ထက်လင်း၊ **နောက်တန်း**-ဝင်းမင်းထွဋ်၊ ဇော်လင်း၊ ဇော်ရဲထွန်း၊ ဇော်ဝင်း၊ ခင်မောင်လွင်၊ ဇော်မင်းထွန်း၊ အောင်ဇော်၊ **အလယ်တန်း**-ရန်အောင်ကျော်၊ ဒေးဗစ်ဒန်း၊ ကြည်လင်း၊ နန္ဒလင်းကျော်ချစ်၊ ပြည်မိုး၊ မင်းမင်းသူ၊ နိုင်လင်းဦး၊ ဟိန်းဇာအောင်၊ ဆောင်လမန်၊ ကျော်ဇေယျာဝင်း၊ **ရှေ့တန်း**-ကျော်ကိုကို၊ ဇင်မင်းထွန်းနှင့် စိုးမင်းနိုင်တို့ ပါဝင်ကြသည်။

နဂါးရစ်တောင် ဓမ္မပါလတောရကျောင်း ပန်းပုကွင်းကျေးရွာ ငါးသိုင်းချောင်းမြို့နယ် ဧရာဝတီတိုင်းဒေသကြီး၌ သီတင်းသုံးလျက်ရှိသော နဂါးရစ်တောင်ဆရာတော် ဦးဝိသုဒ္ဓနှင့် တပည့်သားသမီးများက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)သို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ် သိန်း ၁၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဦးဝင်းလွင်က လက်ခံယူစဉ်။

(မြန်မာ့အလင်း)

လောက်ကိုင်ဒေသပြန်လည်ငြိမ်းချမ်းလာသဖြင့် ရောင်းဝယ်ဖောက်ကားမှု၊ သွားလာမှု ပုံမှန်ပြန်ဖြစ်

ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများအတွက် ပစ္စည်းများထောက်ပံ့ပေးအပ်

လားရှိုး မေ ၄

လောက်ကိုင်ဒေသ ပြန်လည်ငြိမ်းချမ်းလာသဖြင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအတွက် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပြန်လည်ထူထောင်ရေးအုပ်ချုပ်မှု အထောက်အကူပြုကော်မတီ၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကို မေ ၁ ရက် ညနေ ၃ နာရီခွဲက ကိုးကန့်(ဘဏ္ဍာရေး)ရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် လားရှိုးခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်ထွန်း(၂)က လောက်ကိုင်ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေထံ ဆန်အိတ် ၅၀၀၊ ပဲဆီ ပိဿာ ၃၀၀၊ ကုလားပဲ ပိဿာ ၃၀၀၀၊ စည်သွပ်ဘူး(ဝက်၊ အမဲ၊ ငါး) ၁၀၀၀၊ မိုးကာလိပ် ၅၀ မီတာ ၁၀ လိပ်၊ ဂျာကင်အကျႌ(အသစ်) ၇၇၇ ထည်၊ တီရှပ်အကျႌ(အသစ်) အထည် ၃၁၀၊ ဘောင်းဘီရှည်(အသစ်)ထည် ၃၀၀၊ အဝတ်ဟောင်း(အထုပ်ကြီး) ၄၆ ထုပ်၊ အဝတ်ဟောင်း(အထုပ်သေး) ၁၃၉ ထုပ်၊ စောင်/အိပ်ရာခင်း ၁၀၀၊ ဆပ်ပြာမှုန့် ထုပ် ၂၉၀၊ ရေပုံး/ရေစစ်/ယောင်းမ စုံ ၄၀၀ ၊ ရေသန့်ဆေးမှုန့်ထုပ် ၃၈၈၀၀ ထောက်ပံ့ပေးအပ်ခဲ့ပြီး လောက်ကိုင်ဒေသကျေးရွာနေပြည်သူများထံ ရောက်ရှိအောင် ဖြန့်ဝေသွားမည်ဖြစ်ကြောင်း သိရသည်။

လောက်ကိုင်ဒေသ တိုက်ပွဲဖြစ်စဉ်များကြောင့် ခေတ္တတိမ်းရှောင်ခဲ့သည့် ဒေသခံပြည်သူများသည် ဧပြီ ၂၁ ရက်က မိမိနေရပ်ဒေသသို့ ပြန်လည်ရောက်ရှိကြပြီး ရောင်းဝယ်ဖောက်ကား သွားလာမှုများ၊ ပုံမှန်လုပ်ရှားလုပ်ကိုင်ဆောင်ရွက်နေကြပြီ ဖြစ်သည်။

မေ ၃ ရက် နံနက်ပိုင်းက လောက်ကိုင်မြို့ အမှတ်(၂)ရပ်ကွက်၊ အထက်ဈေးနှင့် အောက်ဈေးတို့တွင် ဈေးဆိုင်ခန်းများ ပြန်လည်ဖွင့်လှစ်ရောင်းချပြီး ဈေးဝယ်သူများနှင့် အထူးစည်ကားလျက်ရှိကြောင်းနှင့် လားရှိုးမြို့မှ ချင်းရွှေဟော်၊ လောက်ကိုင်မြို့သို့ စွမ်းရည်မော်တော်ယာဉ်ယဉ်အသင်း၊ နယ်စပ်မန်းမော်တော်ယာဉ်အသင်းတို့က နေ့စဉ်မော်တော်ယာဉ်များဖြင့် ခရီးသည်များကို ပို့ဆောင်ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

ဝေလင်း

တစ်ဦးတည်းဖြစ်ပါကြောင်း

သံဖြူဇရပ်မြို့နယ်နေ ဦးစောင်၏သား စတုတ္ထနှစ်နည်းပညာတက္ကသိုလ် (မော်လမြိုင်)မှ မောင်မင်းထွဋ်နှင့် မောင်မင်းထွဋ်အေး ၁၀/သဖရ(နိုင်)၁၄၄၉၈သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

မောင်မင်းထွဋ်(ခ)မောင်မင်းထွဋ်အေး

အမည်ပြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့ အခြေခံပညာမူလတန်းလွန်ကျောင်း ပေါင်းလောင်း အမက(၁၂၇)၊ စတုတ္ထတန်းမှ ဦးတင်ဝင်း၏သမီး မဟန်စုယဉ်အား ယနေ့မှစ၍ မဟန်မီမီစုဟု ပြောင်းလဲခေါ်ပါရန်။

မဟန်မီမီစု

ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ လမ်း၄၀၊ ၈၄×၈၅လမ်းကြား နေသူ ရိန် ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မစိမ့်စမ်းထက်အောင်နှင့် ကချင်ပြည်နယ်၊ ရွှေကူမြို့၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း နဝမတန်း (A)မှ မသီရိဝင်းထက်တို့၏ဖခင်အမည်မှန်မှာ ဦးအောင်မျိုးဦး ၁/ရကန(နိုင်)၀၂၄၅၂၉ ဖြစ်ပါကြောင်း။

ဦးအောင်မျိုးဦး ၁/ရကန(နိုင်)၀၂၄၅၂၉

ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ နွားထိုးကြီးမြို့နယ်၊ မာန်လည်ကျေးရွာနေ မစောစန္ဒာဝေ ၉/နထက(နိုင်)၁၆၄၉၆၀နှင့် မောင်အာကာမင်း ၉/နထက(နိုင်)၁၉၉၀၃၁တို့၏ ဖခင်အမည်မှန်မှာ ဦးမြင့် ၉/နထက(နိုင်)၀၀၅၅၄၇ ဖြစ်ပါကြောင်း။

ဦးမြင့် ၉/နထက(နိုင်)၀၀၅၅၄၇

မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်
“သင်္ဘောသားများနေ့အခမ်းအနားနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ”

မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ်၊ အဖွဲ့ချုပ်ဝင်မိသားစုများ၏ သင်္ဘောသားများနေ့အခမ်းအနားနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ၊ နှစ်ပတ်လည်ညစာစားပွဲ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

နှစ်ပတ်လည်ညစာစားပွဲတွင် ၂၀၁၃-၂၀၁၄ ပညာသင်နှစ် အခြေခံပညာအထက်တန်းစာမေးပွဲ၌ ဂုဏ်ထူး(၃)ဘာသာနှင့်အထက် ထူးချွန်စွာအောင်မြင်သော အဖွဲ့ချုပ်ဝင်များ၏ သားသမီးရင်သွေးများအား ဆုချီးမြှင့်မည့်အစီအစဉ်ပါရှိသောကြောင့် အဖွဲ့ချုပ်ဝင်များ၏ သားသမီးများသည် ဖခင်၏အဖွဲ့ချုပ်ဝင်ကတ်(မိတ္တူ)၊ ဆုရကျောင်းသား၏ အောင်လက်မှတ်(မိတ္တူ)၊ အမှတ်စာရင်း(မူရင်း/မိတ္တူ)အပြာရောင်နောက်ခံပတ်စ်ပို့စ်ဆိုဒ်၊ ဓာတ်ပုံနှစ်ပုံနှင့်တကွ အဖွဲ့ချုပ်ရုံးသို့ ၂၉-၅-၂၀၁၅ ရက် ညနေ ၄း၃၀နာရီ နောက်ဆုံးထားလာရောက်လျှောက်ထားနိုင်ပါကြောင်းနှင့် ညစာစားပွဲ အခမ်းအနားသို့ တက်ရောက်မည့်သူများအနေဖြင့် ဖိတ်စာတစ်စောင်လျှင် တစ်ဦးနှုန်း ကျပ် ၇၀၀၀/- ဖြင့် ဝယ်ယူနိုင်ပါကြောင်း အဖွဲ့ချုပ်၏ အဖွဲ့ဝင်မိသားစုများအား လေးစားစွာဖြင့် အသိပေးကြေညာအပ်ပါသည်။

ကျင်းပပြုလုပ်မည့်ရက် - ၂၀၁၅ခုနှစ် ဇွန် ၂၁ ရက် (တနင်္ဂနွေနေ့)
ကျင်းပပြုလုပ်မည့်အချိန် - ညနေ ၅း၀၀နာရီမှ ၉း၀၀နာရီ
ကျင်းပပြုလုပ်မည့်နေရာ - Shwe Shan Kan Restaurant၊ အမှတ် ၁၃၅ ဘီ၊ အင်းလျားလမ်း၊ University Boat Club၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရန်လိပ်စာ - အမှတ် ၅၃၊ ၃၇လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း - ၀၁-၃၇၅၈၂၀၊ ၀၁-၃၉၂၀၇၆၊ ၀၉-၇၃၀၅၀၆၀၂၊ ဖက်စ်နံပါတ်-၉၅(၁)၃၈၀၅၉၂
အီးမေးလ် - com@myansf.com

ကားရောင်းရန်ရှိသည်

(1) Mitsubishi Canter, 2.5 Ton, 6H/5---, Box Car, (2004) 185 သိန်း

(2) Toyota, Dyna, Light Truck, 2 Ton, (2003), 4D/8---. 125သိန်း

ဆက်သွယ်ရန် ဖုန်း-၀၉-၄၂၁၀၉၄၈၇၈

ဖခင်အမည်မှန်

မြင်းခြံမြို့နယ်၊ အထက(၄)၊ နဝမတန်းအောင်မှ မောင်နိုင်ရွှေထွန်း သတ္တမတန်းအောင်မှ မဆုဝေနှင်းတို့၏ ဖခင်အမည်မှန်မှာ ဦးမျိုးသန်းနိုင် ၉/မခန(နိုင်)၁၄၀၆၆၂ဖြစ်ပါကြောင်း။

ဦးမျိုးသန်းနိုင်

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၊ မြေကွက်အမှတ် ၄၇၀/က၊ မြေကွက်တည်နေရာအမှတ် ၄၇၀/က၊ သဒ္ဒါလမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်တင်မြင့် အမည်ပေါက်နှစ် ၆၀ဂရန်မြေအားအမည်ပေါက် ဒေါ်တင်မြင့်ထံမှပိုင်ဆိုင်စာချုပ်၁၄၆၆/၁၅(၂၆-၂-၁၅) ဖြင့်ရရှိသူ ဒေါ်မြမြဝင်း ၁၂/ဥကတ(နိုင်)၀၄၄၃၁၇၊ ဒေါ်သန်းသန်းနွဲ့ ၁၂/ဥကတ(နိုင်)၀၄၄၃၂၃ ဦးခင်မောင်ကြည် ၁၂/ဥကတ(နိုင်)၀၄၄၃၂၉၊ဦးအောင်ဇော်မြင့်၁၂/ဥကတ(နိုင်)၀၄၄၃၂၅၊ ဒေါ်သန်းသန်းမော် ၁၂/ဥကတ(နိုင်)၀၄၄၃၁၉တို့က ဂရန်ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ရဲစခန်းထောက်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ဝန်ခံကတိတို့ကိုတင်ပြ၍ ဂရန်ပျောက်ဖြင့် နှစ်၆၀ မြေငှားစာချုပ်(ဂရန်)မိတ္တူလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

နိုင်ငံ့ဝန်ထမ်းများအား နိုင်ငံခြားပညာတော်သင်စေလွှတ်

၁။ နိုင်ငံ့ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားလာစေရန်နှင့် နိုင်ငံတကာအတွေ့အကြုံများရရှိပြီး မိခင်နိုင်ငံသို့ ပြန်လည်ရောက်ရှိသည့်အခါ ဌာနအတွက် အကျိုးရှိစွာ အသုံးချနိုင်ရန်ရည်ရွယ်လျက် ပြည်ပအဖွဲ့အစည်းများ၏ ပညာသင်ဆု ကမ်းလှမ်းမှုအစီအစဉ်အရ ပညာသင်ဆုများကို ဝန်ကြီးဌာနများနှင့် ဝန်ထမ်းအဖွဲ့အစည်းအသီးသီးသို့ စနစ်တကျခွဲဝေသတ်မှတ်ပေးပြီး အဆိုပြုချက်များကို စိစစ်၍ နိုင်ငံခြားပညာတော်သင်များ စေလွှတ်ပေးလျက်ရှိပါသည်။

၂။ ၂၀၁၅ ခုနှစ်၊ ဧပြီလအတွင်း ပါရဂူဘွဲ့၊ မဟာသိပ္ပံ/ဝိဇ္ဇာဘွဲ့၊ ဒီဂရီ၊ ဒီပလိုမာသင်တန်းသို့ ပညာသင် ၂၄ ဦးနှင့် ဘွဲ့မယူသောသင်တန်း (Training) သို့ ပညာသင် ၁၂၇ ဦး စုစုပေါင်းပညာသင် ၁၅၁ ဦးကို ပြည်ပနိုင်ငံ ၁၈ နိုင်ငံသို့ သွားရောက်ပညာသင်ယူဆည်းပူးနိုင်ရေး စီမံဆောင်ရွက်ပေးခဲ့ပါသည်။ ဧပြီလအတွင်း နိုင်ငံ့ဝန်ထမ်းများအား ဂျပန် နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဩစတြေးလျနိုင်ငံတို့သို့ ပညာသင်အများဆုံးစေလွှတ်ခဲ့ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

နိုင်ငံခြားပညာတော်သင်စိစစ်ရွေးချယ်စေလွှတ်ရေးကော်မတီ
ပြည်ထောင်စုရာထူးဝန်အဖွဲ့

ရေတာရှည်မြို့နယ်၌ နေ့အပူချိန်မြင့်တက်မှုကြောင့် မူးဝေလဲကျခြင်းနှင့် ဦးနှောက်သွေးကြောပြတ်၍ ဆေးရုံတက်ရောက်သူများရှိလာ

ရေတာရှည် မေ ၄

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ မေ ၃ ရက်နှင့် ၄ ရက်တွင် နေ့အပူချိန်သိသိသာသာ မြင့်တက်ခြင်းကြောင့် မူးဝေလဲကျခြင်းနှင့် သွေးတိုးရောဂါရှိသူများ ဦးနှောက်သွေးကြောပြတ်၍ ဆေးရုံတင်ပို့ရခြင်းများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

"ဒီရက်ပိုင်း ပူချက်ကတော့ နေစရာမရှိအောင်ကိုပူတာ၊ ဘယ်နားကို သွားနေရမှန်းကို မသိဘူး" ဟု ဒေသခံတစ်ဦးကပြောသည်။ နေ့အပူချိန်မြင့်တက်ခြင်းကြောင့် ခန္ဓာကိုယ်တွင် ရေဓာတ်ခန်းခြောက်ကာ မူးဝေလဲကျခြင်းနှင့် သွေးတိုးရောဂါကြောင့် ဦးနှောက်သွေးကြောပြတ်(သတိလစ်) သေဆုံးခြင်းများဖြစ်ပေါ်နိုင်ကြောင်း ဆွာမြို့၌ ဆေးခန်းဖွင့်လှစ်ထားသည့် ဆရာဝန်တစ်ဦးက ရှင်းလင်းပြောပြသည်။ "ဟိုတစ်နေ့က အဖေ့နှာခေါင်းကလည်း သွေးတွေယို မူးတယ်မူးတယ်ဆိုပြီး လဲကျသွားတာ ခေါ်လို့ကို မရတော့ဘူး။ သွေးတိုးရှိတော့ ဆေးရုံပို့ရတယ်။ နေအပူချိန်မြင့်တက်တဲ့အခါမှာ သွေးတိုးရှိတဲ့သူတွေ သတိပြုဖို့လိုတယ်လို့ဆရာဝန်ကြီးကပြောတယ်" ဟု ဆွာမင်းလမ်းကျေးရွာအုပ်စု တံတားကြီးကျေးရွာနေသူတစ်ဦးက ပြောပြသည်။

နေ့အပူချိန်မြင့်တက်ခြင်းနှင့်အတူ ဆေးအရောင်းဆိုင်များတွင် ဓာတ်ဆားထုပ်များလည်းရောင်းအားကောင်းလျက်ရှိကြောင်း ရေတာရှည်မြို့ရှိ ဆေးအရောင်းဆိုင်က ပြောပြသည်။ **ကိုလွင်(ဆွာ)**

အများပြည်သူသုံး ရေကန်ထဲ ကြာခွက်ဆင်းခူးသူ အမျိုးသားတစ်ဦး ရေနစ်သေဆုံးမှု ဒလ၌ဖြစ်ပွား

ရန်ကုန် မေ ၄

ဒလမြို့နယ် ညောင်ကုန်းရပ်ကွက် သံလွင်လမ်းဘေးရှိ ခြံစည်းရိုးမရှိသော အများပြည်သူသုံးရေကန်တစ်ကန်ထဲတွင် မေ ၃ ရက် နံနက် ၁၁နာရီခွဲခန့်က အမျိုးသားတစ်ဦး ကြာခွက်များ ဆင်းခူးရာမှ ရေနစ်သေဆုံးမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဒလမြို့မရဲစခန်းတွင် တာဝန်မှူး ဒုရဲအုပ်ကြည်ဇော်ထွေးသည် ယင်းနေ့ မွန်းတည့် ၁၂နာရီခန့်က ဒလဆေးရုံ၌ အမျိုးသားတစ်ဦး ရေနစ်သေဆုံးကြောင်း သတင်းရ၍ စခန်းမှူး ဒုတိယရဲမှူး ခင်မောင်လွင်၊ ညောင်ကုန်းရပ်ကွက် ရာအိမ်မှူး ဦးမြသိန်း၊ သက်သေဦးကျော်ကျော်ဝင်းတို့နှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ သေဆုံးသူမှာ ဦးတင်သန်းဌေး(ခ) မင်းသူ(၄၄ နှစ်) ရေထမ်းရောင်းသူ ညောင်ကုန်းရပ်ကွက်နေသူဖြစ်သည်။

သေဆုံးသူသည် အဆိုပါအချိန်က ရပ်ကွက်လမ်းဘေးရှိ အကျယ်အဝန်း ပေ(၃၀၀× ၄၀၀)၊ အနက် ၁၀ ပေခန့်ရှိ အများသုံးရေကန်အတွင်း အရက်သေစာသောက်စား မူးယစ်ပြီး ကြာခွက်များကိုဆင်းခူးရာမှ ထိုရေကန်ထဲ၌ ရေနစ်သေဆုံးခဲ့ကြောင်းနှင့် အလောင်းတွင် ပြင်ပဒဏ်ရာမတွေ့ရှိကြောင်း စစ်ဆေးတွေ့ရှိရသည်။

သေဆုံးသူအား ရဲဆေးစာဖြင့် ဒလပြည်သူ့ဆေးရုံမှ PR- 16 လက်ခံစစ်ဆေးပြီး ဒလမြို့မရဲစခန်းက ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ် မဟုတ် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သန်းဌေး(ဒလ)

ကြာခွက်ဆင်းခူးသူ ရေနစ်သေဆုံးခဲ့သည့် ရေကန်

နွားသေအသားကို လှီးဖြတ်စားသောက်ခဲ့သူများအနက် အမျိုးသားတစ်ဦး သေဆုံးပြီး တစ်ဦးဆေးကုသမှုခံနေရ

မကွေး မေ ၄

မကွေးမြို့နယ် စိုင်ကျကျေးရွာ၌ ဝမ်းဗိုက်ဖောင်းပြီး သေဆုံးသွားသည့် နွားမကြီးတစ်ကောင်အား လှီးဖြတ်စားသောက်ခဲ့သူများတွင် လှီးဖြတ်သူတစ်ဦးသေဆုံးခဲ့ပြီး လှီးဖြတ်စားသောက်ခဲ့သူတစ်ဦးမှာ မကွေးတိုင်းဒေသကြီး ပြည်သူ့ဆေးရုံကြီး၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ စိုင်ကျကျေးရွာနေ နွားပိုင်ရှင် ဦးကြည်လင်း (၄၀နှစ်)၏နွားခြောက်ကောင်အနက်မှ လေးနှစ်သားအရွယ် နွားရွှေနီရောင် နွားမကြီးတစ်ကောင်မှာ ဝမ်းဗိုက်ဖောင်းကားပြီး ဧပြီ ၂၆ ရက်က သေဆုံးခဲ့သဖြင့် ထိုနွားမကြီးအား နွားပိုင်ရှင်ဦးကြည်လင်းနှင့် တစ်ရွာတည်းနေ ဦးစိုးမြင့်၊ ဦးဇော်မင်းထွေး၊ ဦးအောင်အောင်တို့လေးဦးက ဝိုင်းဝန်း လှီးဖြတ်ခဲ့ပြီးနောက် ထိုနွားအသားများကို ကျေးရွာရှိ ဆွေမျိုးသားချင်းများထံ ဝေငှစားသောက်ခဲ့ကြကြောင်း သိရသည်။

ထိုသို့ ပြုလုပ်ခဲ့ပြီးနောက် နွားသားမစားဘဲ နွားကိုလှီးဖြတ်ခဲ့သူ ဦးစိုးမြင့် (၄၇ နှစ်)မှာ ဧပြီ ၂၈ ရက်တွင် အဖျားရောဂါဖြစ်ပွားခဲ့ပြီး မေ ၁ ရက်တွင် ယင်းကျေးရွာ၌ သေဆုံးသွားခဲ့ကြောင်း သိရသည်။ နွားအားလှီးဖြတ်ပြီး စားသုံးခဲ့သူ ဦးဇော်မင်းထွေး (၄၁ နှစ်)၏ လက်နှင့် ခြေတို့တွင် အနာများပေါက်ကာ ဖျားနာလာသဖြင့် မေ ၃ ရက် နံနက် ၁၀ နာရီတွင် မကွေးမြို့နယ် သစ်ရာကောက်တိုက်နယ်ဆေးရုံသို့ တက်ရောက်ဆေးကုသမှု ခံယူခဲ့ရာတွင် သစ်ရာကောက်တိုက်နယ် ဆရာဝန်ဒေါက်တာ အောင်ကျော်ဆန်း၏ စစ်ဆေးချက်အရ ထောင့်သန်းရောဂါလက္ခဏာတွေ့ရှိခဲ့သောကြောင့် မကွေးတိုင်းဒေသကြီး ပြည်သူ့ဆေးရုံသို့ ယင်းနေ့မွန်းတည့် ၁၂ နာရီတွင် လွှဲပြောင်း စစ်ဆေးကုသမှုခံယူစေခဲ့ကြောင်း သစ်ရာကောက်တိုက်နယ်ဆရာဝန်က ပြောကြားသည်။

မကွေးတိုင်းဒေသကြီး ပြည်သူ့ဆေးရုံ၌ ထောင့်သန်းရောဂါလက္ခဏာဖြင့် တက်ရောက်ဆေးကုသမှုခံယူနေသူ ဦးဇော်မင်းထွေး၏ ရောဂါအခြေအနေကို မေးမြန်းခဲ့ရာတွင် တာဝန်ရှိသူများအား မေးမြန်းတွေ့ရှိခွင့်မရရှိဘဲ ၎င်းလူနာ၏ အနာအားပိုးမွေးပြီး သုံးရက်ခန့်အကြာ အနာအားခြစ်ကာ စစ်ဆေးမှုပြုလုပ်ပြီးမှ လူနာ၏ရောဂါအခြေအနေကို သိရမည်ဖြစ်ကြောင်း ဆေးရုံဝန်ထမ်းတစ်ဦးထံမှ သိရသည်။ **ကျော်ဇေယျ**

ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

နေပြည်တော်စည်ပင်သာယာရေးကော်မတီ
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်း/တံတား)၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် လိုအပ်သည့်ကတ္တရာများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

စဉ်	ပစ္စည်းအမျိုးအစား	အရေအတွက်
(က)	ကတ္တရာ(၈၀/၁၀၀)	(၁၄၀၅၀)တန်
	Country of Origin	Iran

တင်ဒါပုံစံထုတ်ပေးမည့်ရက် - ၅-၅-၂၀၁၅ရက်
တင်ဒါပိတ်မည့်ရက် - ၁၅-၅-၂၀၁၅ ရက်
- ၁၆း၀၀ နာရီ
တင်ဒါပေးသွင်းရမည့်နေရာ - ဗဟိုပစ္စည်းထိန်းဌာန နေပြည်တော်စည်ပင်သာယာရေးကော်မတီ

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် မေးမြန်းစုံစမ်းထုတ်ယူနိုင်ပါသည်။
ဗဟိုပစ္စည်းထိန်းဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၆၇-၄၁၄၆၂၃
အင်ဂျင်နီယာဌာန(လမ်း/တံတား)၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၆၇-၄၃၂၀၃၇

ပစ္စည်းဝယ်ယူရေးအဖွဲ့
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

နေပြည်တော်စည်ပင်သာယာရေးကော်မတီ
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)အတွက်လိုအပ်သည့်ရေမှော်ဆယ်စက်(Harvester) (၂)စင်း၊ ကုန်း၊ ရေနှစ်မျိုးသုံး Truxor-DM 5000 (၁)စင်းအား မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါပုံစံထုတ်ပေးမည့်ရက်** - ၅-၅-၂၀၁၅ ရက်
(ခ) **တင်ဒါပိတ်မည့်ရက်** - ၁၅-၅-၂၀၁၅ ရက်၊ ၁၆း၀၀နာရီ
(ဂ) **တင်ဒါပေးသွင်းရမည့်နေရာ** - ဗဟိုပစ္စည်းထိန်းဌာန၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် မေးမြန်းစုံစမ်းထုတ်ယူနိုင်ပါသည်။
ဗဟိုပစ္စည်းထိန်းဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ (ဖုန်း-၀၆၇-၄၁၄၆၂၃)
အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ(ဖုန်း-၀၆၇-၄၀၃၂၁၈)

ပစ္စည်းဝယ်ယူရေးအဖွဲ့
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

နေပြည်တော်စည်ပင်သာယာရေးကော်မတီ
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်း/တံတား)၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် လိုအပ်သည့် ယာဉ်အန္တရာယ်ကင်းရှင်းစေရန် Guard rail ၁၆ ဒသမ ၅ မိုင်ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါပုံစံထုတ်ပေးမည့်ရက်** - ၅-၅-၂၀၁၅ရက်
(ခ) **တင်ဒါပိတ်မည့်ရက်** - ၁၅-၅-၂၀၁၅ ရက် - ၁၆း၀၀ နာရီ
(ဂ) **တင်ဒါပေးသွင်းရမည့်နေရာ** - ဗဟိုပစ္စည်းထိန်းဌာန နေပြည်တော်စည်ပင်သာယာရေးကော်မတီ

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် မေးမြန်းစုံစမ်းထုတ်ယူနိုင်ပါသည်။
ဗဟိုပစ္စည်းထိန်းဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၆၇-၄၁၄၆၂၃
အင်ဂျင်နီယာဌာန(လမ်း/တံတား)၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၆၇-၄၃၂၀၃၇

ပစ္စည်းဝယ်ယူရေးအဖွဲ့
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

သင်္ဘော ဦးအောင်သောင်း
၂တန်း မှ ၁၀တန်းအထိ သင်္ဘော တစ်ဘာသာတည်း သန့်သန့်.
(၇၀) တ-ထပ် ၊ဗိုလ်ဆွန်ပက်လမ်း ၊ ပန်းဘဲတန်း။
ဖုန်း- 095192923 - 01246108

အမည်မှန်
ဆိပ်မူကျေးရွာ ဦးဘရန်အောင် ၁/ဗမန(နိုင်)၀၅၉၈၄၈၏သား ဖားကန့်မြို့နယ် ဆိပ်မူ အထက နဝမတန်း(A)မှ မောင်ဆိုင်းလောဒ်၏အမည်မှန်မှာ မောင်အေဒီဆိုင်းလောဒ်ဖြစ်ပါကြောင်း။
မောင်အေဒီဆိုင်းလောဒ်

အမည်မှန်
ဖားကန့်မြို့၊ အေးမြသာယာရပ်ကွက် ဦးနော်အောင်၁/ကမန(နိုင်)၀၀၉၉၀၄၏သား အေးမြသာယာကျောင်း(မူလွန်)စတုတ္ထတန်းမှ မောင်ဆိုင်းနော်(ခ)မောင်ဆိုင်းဒီးနော်၏အမည်မှန်မှာ မောင်ဒါရှီဒီးနော်ဖြစ်ပါကြောင်း။
မောင်ဒါရှီဒီးနော်

အမည်ပြောင်း
ဦးအားထူ၏ သမီးများဖြစ်ကြသော ကျိုင်းတုံတက္ကသိုလ်၊ ဒုတိယနှစ်(သင်္ချာ)မှ မဘူးဘားကို မရွှန်းလဲ့ဝတ်ရည်ဟုလည်းကောင်း၊ ကျိုင်းတုံမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်းမှ မဘူသီးကို မနှင်းနုနုအေးဟုလည်းကောင်း ပြောင်းလဲခေါ်ပါရန်။

GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480

အချိန်၏တန်ဖိုး

ဒေါက်တာမျိုးကြွယ်
ပါမောက္ခချုပ်
ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်

ကျွန်တော်သည် ၂၀၁၄ ခုနှစ်တွင် နေပြည်တော်ကောင်စီမှ ဦးစီးကျင်းပသော အဌမအကြိမ် သတ္တသတ္တာဟ တရားစခန်းသို့ သကြ်န်ပိတ်ရက်အတွင်း တရားစခန်းဝင်ခဲ့ပါသည်။ နေပြည်တော်ကောင်စီမှ စီစဉ်ပေးသည်ဖြစ်၍ အလွန်တန်ဖိုးရှိလှသော အစီအစဉ်တစ်ခုဖြစ်ပါသည်။ နေပြည်တော်တွင်ရှိသော နိုင်ငံ့ဝန်ထမ်း ပြည်သူများသာမက တစ်နိုင်ငံလုံးရှိ တရားစခန်းဝင်လိုကြသော နိုင်ငံ့ဝန်ထမ်း ပြည်သူ ပြည်သားများကို တစ်လလျှင် တစ်ကြိမ်တရားစခန်းဖွင့်လှစ်ပေးမည်ဆိုလျှင် အဆောက်အအုံများ ဆောက်လုပ်လှူဒါန်းထားကြသော အလှူရှင်များ၊ ဆွမ်းကပ်၊ ဝေယျာဝစ္စပြုလုပ်ဒါနပြုလိုကြသော မိဘပြည်သူများအတွက် အလွန်အကျိုးရှိမည်ဖြစ်ပါသည်။

တရားစခန်းအတွင်းလာရောက် တရားပြသကြသော ဆရာတော်၊ သံဃာတော်များမှာလည်း ကမ္ဘာကျော် ပထမလယ်တီဆရာတော်ကြီး၏ မူအတိုင်း ဆောင်ရွက်သွားကြသဖြင့် တရားစခန်းလာရောက်ကြသူ ယောဂီ ၂၀၀ ခန့်မှာ ဝမ်းသာပီတိဖြစ်ရပါသည်။ ခုနစ်ရက် တရားစခန်းအတွင်း ကိုးပါးသီလစောင့်ကြရပြီး အရုဏ်နှင့် နေ့ဆွမ်းများမှာ သက်သတ်လွတ် ဆွမ်း၊ ဘောဇဉ်များဖြစ်ပါသည်။ သို့သော် စီစဉ်သူများက တစ်ရက်နှင့်တစ်ရက် မထပ်ရအောင် စီစဉ်ထားကြသဖြင့် အလွန်ကောင်းမွန်လှပါသည်။

ကျွန်တော့အနေဖြင့် ပြောလိုသည်မှာ ငါးပါးသီလ၊ ကိုးပါးသီလစောင့်ရင်း အဒိန္နာဒါနာ ဝေရာမဏီ သိက္ခာပဒံ သမာဒိယာမိ (သူတစ်ပါးပစ္စည်း ဥစ္စာများကို မသိစေဘဲ၊ မပေးဘဲယူခြင်းမှ ရှောင်ကြဉ်ပါ၏) ဆိုသော သီလပါ။ ပြည်သူ့ဝန်ထမ်းတစ်ယောက်အနေဖြင့် တွေးမိနေသည်မှာ ပစ္စည်းထက် အလုပ်လုပ်ချိန်ကို ပြည့်ပြည့်ဝဝ ထမ်းဆောင်နေပါသလားဟု ပြန်လည်သုံးသပ်နေပါသည်။ မိမိနှင့်အတူတူ လက်အောက်ငယ်သားများကရော အချိန်ပြည့် ထမ်းဆောင်နေပါသလားဟု စဉ်းစားသုံးသပ်နေမိပါသည်။

လူတိုင်းကိုတော့ မဆိုလိုပါ။ တချို့မှာ တစ်နည်းအားဖြင့် အချိန်ခိုးနေကြသလားဟု ပြန်လည်သုံးသပ်ရန်လိုပါသည်။ အချို့ဝန်ထမ်းများမှာလည်း သတ်မှတ်ထားသည့် အချိန်ထက် အခွင့်အရေးမရဘဲ ပိုလုပ်နေရတာရှိပါလိမ့်ဦးမည်။ သီတဂူဆရာတော်ကြီး၏ တရားပွဲတစ်ခုတွင် ထင်ပါသည်။ သတ်မှတ်ထားသော အချိန်ထက်လျှော့ အလုပ်လုပ်တာလည်း အဒိန္နာဒါနာ မြောက်သည်ဟူ၍ ဟောကြားသည့် တရားနာဖူးပါသည်။

> **သီတဂူဆရာတော်ကြီး၏ တရားပွဲတစ်ခုတွင် ထင်ပါသည်။ သတ်မှတ်ထားသော အချိန်ထက်လျှော့ အလုပ်လုပ်တာလည်း အဒိန္နာဒါနာ မြောက်သည်ဟူ၍ ဟောကြားသည့်တရားနာဖူး**

နမူနာ တစ်ခုကျွန်တော်တင်ပြလိုပါသည်။ ဂျာမနီနိုင်ငံတွင် ကျွန်တော်ပါရဂူ ဘွဲ့ယူစဉ်ကာလက ကျွန်တော်၏ ကြီးကြပ်ဆရာ ပါမောက္ခ (Supervisor and Professor) တွင် အတွင်းရေးမှူးအဖွားကြီး (Secretary) ရှိပါသည်။ တနင်္လာနေ့မှ သောကြာနေ့အထိ နံနက် ၈နာရီ ဆိုလျှင် ရုံးသို့ ရောက်နေပါပြီ၊ ညနေ ၅နာရီဆိုလျှင် ရုံးဆင်းပါပြီ၊ ကျွန်တော့်ဆရာကမူ နံနက် ၇နာရီခွဲ ရုံးရောက်၍ ညဇနာရီ ၁၀ နာရီမှ ရုံးကပြန်ပါသည်။ စက်ဘီးနှင့် ရုံးတက်ပါသည်။

အတွင်းရေးမှူးအဘွားကြီးသည် သူတစ်ယောက်တည်း လက်နှိပ်စက်စာရေးအလုပ်၊ စတိုမှူးအလုပ်၊ ဆရာ့ကိုယ်စား ပြောရေးဆိုခွင့်ရှိသူအလုပ်၊ ရုံး၏ ဘဏ္ဍာရေးမှူးအလုပ်၊ စာပေးစာယူ ရုံးအကူအလုပ် အကုန်လုပ်သည်။ အင်္ဂလိပ်လိုလည်း ပြောတတ်၊ ဆရာကိုယ်စား ကွန်ပျူတာရိုက်၊ e-mail ပို့စသည်ဖြင့် အမျိုးစုံလင်လှပါသည်။ ကျွန်တော်တို့နိုင်ငံမှာ ဝန်ထမ်း ငါးဦးလုပ်ရမည့် အလုပ်ကိုသူတစ်ဦးတည်း လုပ်ပါသည်။ ကျွန်တော်ဝန်ခံပါသည်။ လခကတော့ ကျွန်တော်တို့ထက်ပိုပါသည်။ ကျွန်တော်တို့ နိုင်ငံသားတွေမှာတော့ လခတိုးပေးလျှင် သူ့လိုလုပ်နိုင်ပါမည်လား၊ ယခုလက်ရှိ ကျွန်တော်တို့ မြန်မာနိုင်ငံတွင် အစိုးရအလုပ်နှင့် ပုဂ္ဂလိကအလုပ်ဆိုလျှင် ပုဂ္ဂလိကအလုပ်ကို ရွေးကြပါသည်။ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ဘွဲ့ရသွားသော ကျောင်းသားကျောင်းသူများပင် ပုဂ္ဂလိကစိုက်ပျိုးရေးဆေး၊ မြေဩဇာ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGO) အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ (eg. IRRI. FAO. etc) စသည်ဖြင့် လခကောင်းကောင်း ရကြ၍ အလုပ်လုပ်ကြပါသည်။ သို့သော် မိမိရိုးသားမှုမရှိပါက လည်းကောင်း၊ မိမိ၏လုပ်ရည်ကိုင်ရည် စွမ်းဆောင်နိုင်မှုကို မကြိုက်ပါက လည်းကောင်း၊ ယနေ့ မကြိုက်လျှင် မနက်ဖြန် အလုပ်ပြုတ်ပါလိမ့်မည်။

ကျွန်တော်ပြောလိုသည်က အစိုးရအလုပ်ပဲလုပ်လုပ်၊ ပုဂ္ဂလိက အလုပ်ပဲလုပ်လုပ် သတ်မှတ်ထားသော အချိန်အတိုင်း ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသလောက် အင်တိုက်အားတိုက် အလုပ်လုပ်ရပါမည်။ ဤကဲ့သို့ စွမ်းဆောင်ရည် မရှိပါက ဘုရားဟော အဒိန္နာဒါနာနှင့် မညီညွတ်နိုင်ပါကြောင်း ရေးပြချင်သောအတွေးတစ်စဖြင့် ရေးသားလိုက်ရပါသည်။

(၁၀) ကြိမ်မြောက် မဲခေါင်ဒေသအတွင်း လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးအစည်းအဝေး ကမ္ဘောဒီးယား၌ ကျင်းပ

နေပြည်တော် မေ ၄

(၁၀) ကြိမ်မြောက် မဲခေါင်ဒေသအတွင်း လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေး အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ဧပြီ ၂၈ ရက်မှ ၂၉ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့၌ ကျင်းပရာ အစည်းအဝေးသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင်ထွန်း၊ ရဲမှူးကြီး ဇော်ဆန်း၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ယုယုဆွေ၊ မဲခေါင်ဒေသအတွင်း ရှိနိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ ထိုင်းနှင့်ဗီယက်နမ်နိုင်ငံတို့မှ အဆင့်မြင့်အရာရှိကြီးများ၊ မလေးရှားနိုင်ငံမှ ကိုယ်စားလှယ်၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ UNIA P, UN-ACT, World Vision, Save the Chidren, JICA, IOM X, Terre des Hommes (Nethelands), မဲခေါင်လူငယ်ဖိုရမ်မှ ကိုယ်စားလှယ်များ၊ အရပ်ဖက်အဖွဲ့အစည်းများနှင့် အလှူရှင်နိုင်ငံများမှ ကိုယ်စားလှယ်များ စုစုပေါင်း ၂၇၀ တက်ရောက်ခဲ့သည်။

အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေးတွင် မဲခေါင်(၆)နိုင်ငံမှ COMMIT (Coordinated Mekong Ministerial Initiative against Trafficking) Task Force ခေါင်းဆောင်များမှ COMMIT Process ၏ နိုင်ငံအလိုက်အောင်မြင်မှုများကို တင်ပြဆွေးနွေးခဲ့ကြပြီး အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ အာဆီယံဒေသအတွင်း လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို လည်းကောင်း၊ မလေးရှားနိုင်ငံကိုယ်စားလှယ်မှ မလေးရှားနိုင်ငံ၏ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာများကို လည်းကောင်း၊ IOM (ကမ္ဘောဒီးယား)မှ မဲခေါင်ဒေသအတွင်း ကျန်းမာရေးနှင့် လူကုန်ကူးမှုတို့အကြောင်း သုတေသန စာတမ်းတွေ့ရှိချက်များကို လည်းကောင်း၊ Association of Cambodian Recruitment Agencies မှ ကမ္ဘောဒီးယားနိုင်ငံ၏ အလုပ်ရှာဖွေပေးရေး ကုမ္ပဏီများ၏ အတွေ့အကြုံ လုပ်ထုံးလုပ်နည်းများကို လည်းကောင်း၊ Asia Microsoft Operations Pte. Ltd,Microsoft မှ နည်းပညာအကူအညီဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးတွင် ဆောင်ရွက်နေမှု အတွေ့အကြုံများကို လည်းကောင်း၊ Independent Journalist မှ မီဒီယာ အခန်းကဏ္ဍအရေးပါပုံကို လည်းကောင်း၊ Chair of COMMIT Cambodia မှ COMMIT ASPA IV (၂၀၁၅-၂၀၁၈) ကို နောက်ဆုံး အတည်ပြုခြင်းကို လည်းကောင်း၊ World Vision နှင့် Save the Children တို့မှ COMMIT ASPA IV ကို အကောင်အထည်ဖော်ရာတွင် အရပ်ဘက်အဖွဲ့အစည်းများက ပံ့ပိုးမည့်အစီအစဉ်များကို လည်းကောင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

မိုးရာသီ ပုလဲသွယ်စပ်မျိုးစပါး စိုက်ပျိုးထုတ်လုပ်မှု အရှိန်အဟုန်မြှင့်တင်ရေး ညှိနှိုင်းစည်းဝေး

ပဲခူး မေ ၄

ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ၂၀၁၅-၂၀၁၆ ခုနှစ် မိုးရာသီ ပုလဲသွယ်စပ်မျိုးစပါး စိုက်ပျိုးထုတ်လုပ်မှု အရှိန်အဟုန်မြှင့်တင်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဧပြီ ၂၉ ရက်က ကျင်းပသည်။

အဆိုပါ အစည်းအဝေးတွင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုက ဧပြီ ၂၃ ရက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ အုတ်တွင်း ခရီးစဉ်တွင် လမ်းညွှန်ချက်အရ ပုလဲသွယ်စပ်မျိုးအား ၂၀၁၅-၂၀၁၆ ခုနှစ် မိုးရာသီတွင် ကွင်းပြတ်၊ အုပ်စုပြတ်၊ မြို့နယ်ပြတ်စိုက်ပျိုးနိုင်ရေး ဆောင်ရွက်သွားရန်၊ စိုက်ပျိုးပညာပေး ဝန်ထမ်းများအနေဖြင့် စားနပ်ရိက္ခာဖူလုံပိုလျှံရေး၊ တောင်သူဝင်ငွေတိုးတက်ရေးကို အဓိကတာဝန်အဖြစ် အလေးထားဆောင်ရွက်ကြရန် ယခုအောင်မြင်နေသော ဈေးကွက်အနေအထားကို တောင်သူများနားလည်အောင် ရှင်းလင်းပညာပေးကြရန်၊ ခရိုင်အတွင်း ရေတော်မိုးတော်ဧရိယာများကိုဦးစားပေး ရွေးချယ်ပြီး မြို့နယ်လုံးကျွတ် တစ်မြို့နယ်နှင့် ကျန်မြို့နယ်များ၊ တစ်မြို့နယ်လျှင် သုံးအုပ်စု ကွင်းပြတ်၊ အုပ်စုပြတ်ကို ဖြစ်နိုင်သည့်နေရာကို ဦးစားပေးရွေးချယ်ဆောင်ရွက်ကြရန် ယနေ့မှစ၍ ကွင်းဆင်းပြီး အားကျိုးမာန်တက် အထူးကြိုးစား ဆောင်ရွက်ကြရန်နှင့် ဌာနမှလိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးမည့် အစီအစဉ်များကို အကျယ်တဝင့် ရှင်းလင်းမှာကြားသွားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ဦးစီးမှူး ဦးလှမြင့်က ရေတော်မိုးတော် စိုက်ဧကများတွင် မြို့နယ်လုံးကျွတ် အုပ်စုလုံးကျွတ်စီမံချက်ရေး ဆွဲဆောင်ရွက်ရန် ပြောကြားသည်။

ယင်းနောက် လမ်းညွှန်ချက်များကို မြို့နယ်များမှပြန်လည်ဆွေးနွေး တင်ပြခဲ့ကြောင်း သိရသည်။

မြင့်နိုင်(ပြည်)

အုတ်ဖုတ်ရန်မြေကျင်းတူးဖော်ရာမှ ရှေးဟောင်းဘုရားများ တွေ့ရှိ

အမေး။ ။ကိုသက်(ဦးကုန်း)
အရေး။ ။သိန်းတိုး(ဦးကုန်း)
ဓာတ်ပုံ-ထွန်းထွန်း(ဦးကုန်း)

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် အနောက်ဘက် နှစ်မိုင်အကွာ သရက်တပင်အုပ်စု သရက်တပင်ကျေးရွာတွင် အုတ်ဖုတ်ရန် မြေတူးဖော်ရာမှ ရှေးဟောင်းစေတီအောက်ခံပလ္လင်နှင့် ဘုရားရုပ်ပွားတော်များ၊ ခေါင်းလောင်းနှင့် ရုပ်တုအများအပြား တူးဖော်တွေ့ရှိရသဖြင့် နေ့စဉ် ပရိသတ် ၃၀၀၀ ကျော်လာရောက်ကြည့်ရှုနေကြရာ ပွဲဈေးတန်းများဖြင့် အထူးစည်ကားလျက်ရှိသော သရက်တပင် ပေါ်တော်မူ သာသနာပြုနယ်မြေသို့ သွားရောက်ပြီးတာဝန်ရှိသူများထံ သတင်းရယူခဲ့သည်။

မေး။ ။ ဘုရားစတင်တူးဖော်တွေ့ရှိပုံကို ဦးစွာရှင်းပြပေးပါ။

ဖြေ။ ။ ကျွန်တော်က သရက်တပင်အုပ်ချုပ်ရေးမှူး ဦးမြင့်စိုး ဖြစ်ပါတယ်။ ဒီမြေက ကျွန်တော့်ခြံမြေပါ။ အုတ်ဖုတ်ဖို့ တူးဖော်ရာကအစ စေတီပစ္စယံအစွန်းကို တူးမိပြီး ဆက်တိုက်ဆိုသလို တွေ့လာရတော့တာပါပဲ။

မေး။ ။ ဘယ်အချိန်မှာစတွေ့ပြီး ဘယ်လိုထူးခြားမှုတွေရှိပါသလဲ။

ဖြေ။ ။ ဖေဖော်ဝါရီ ၈ ရက်က စတူးပါတယ်။ ၁၅ ရက်နေ့ ညနေ ၄နာရီလောက်ပစ္စယံအစွန်းကို မြေအောက်အနက် ၆ ပေ ကျော် လောက်မှာ တွေ့ပါတယ်။ ရှေးခေတ် အင်္ဂတေလက်ရာ ပုံစံနဲ့ ထုလုပ်ထားတဲ့ အမြင့် ၄ပေ အလျား ပေ ၂၀ အကျယ် ၃ပေ ၃ လက်မရှိတဲ့ နဂါးရှစ်ကောင်က အုတ်တံတိုင်းသဖွယ် စေတီပရိဝုဏ်ကို လေးထောင့်ပုံစံဝန်းရံထားတယ်။

မေး။ ။ နောက်ထပ်ဘာတွေကို တွေ့ရှိသေးလဲ သိပါရစေ။

ဖြေ။ ။ နောက်ထပ်ကတော့အမြင့် ၃ပေ-၂လက်မရှိတဲ့ခြင်္သေ့ လေးကောင် ကို စေတီပစ္စယံလေးထောင့်မှာတွေ့ရပါတယ်။ စေတီပစ္စယံအကျယ်ကတော့ ရှေ့နောက် ၁၂ ပေ-၆လက်မ ၊ အမြင့် ၅ ပေရှိပါတယ်။ ထူးဆန်းတာက ပစ္စယံလေးထောင့်ဆိုပေမယ့် အမြင့် ၃ပေ -၁ လက်မရှိတဲ့ အရှေ့မုခ်တစ်ခုတည်း တွေ့ရပါတယ်။ ဒါ့အပြင် မနုသီဟရုပ်တု၊ ဘီလူးရုပ်တု၊ နတ်မင်းရုပ်တုတွေကိုလည်း တွေ့ရပါတယ်။ ကျန်တာတွေကိုတော့ ပေါ်တော်မူ ဘုရားအကျိုးတော်ဆောင် ဦးတင်မြင့်က ရှင်းလင်းဖြေကြားပေးမှာဖြစ်ပါတယ်။

မေး။ ။ နောက်ထပ်ထူးခြားတာရှိရင်လည်း ရှင်းပြပါဦး။

ဖြေ။ ။ မတ် ၂၆ ရက် မှာ ငွေသားနဲ့ ပြုလုပ်ထားတဲ့ ဉာဏ်တော် ၃လက်မ ရှိဘုရားဆင်းတုတော် နှစ်ဆူ၊ မတ် ၂၈ ရက်မှာ အမြင့် နှစ်လက်မခွဲရှိတဲ့ ခေါင်းလောင်းတစ်လုံးနဲ့ အမြင့် နှစ်ပေရှိ လက်ဝါးသဏ္ဌာန် အပိုင်းအစတစ်ခုကို ထပ်မံရရှိခဲ့ပါတယ်။ အဲဒီလက်ဝါးကို ရောဂါတွေပျောက်ကင်းတယ်ဆိုပြီး ရေစိမ်ကြတဲ့၊ ရေမန်းယူနေကြတဲ့ ပရိသတ်အများအပြားရှိပါတယ်။ တစ်နေ့ရေစည် ၁၀လုံးမက ပရိတ်ရေဝေငှပေးနေပါတယ်။

မေး။ ။ ဒါနဲ့ပတ်သက်ပြီး သက်ဆိုင်ရာကိုတင်ပြထားတာတွေ ရှိပါသလား။

ဖြေ။ ။ မတ် ၂၈ ရက်မှာ ပြည်မြို့ ရှေးဟောင်းသုတေသနဌာနက လာရောက်စစ်ဆေးသွားခဲ့ပါတယ်။ သူတို့က လွန်ခဲ့သောနှစ်ပေါင်း ၂၀၀ ကျော် ရှေးဟောင်းလက်ရာလို့ပြောပါတယ်။ ပစ္စည်းတွေကိုလည်း ပြင်ဆင်တာတို့၊ မွမ်းမံတာတို့ မပြုလုပ်ဖို့ လက်ရှိအတိုင်း ခေတ္တထိန်းသိမ်းထားဖို့ပြောပါတယ်။ ဆက်လက်ပြီး မြေသားတူးဖော်ရာမှ အုတ်တံတိုင်းများ လေးထောင့်ပုံစံပေါ်လာ ပြီဖြစ်ပါတယ်။ အုတ် တံတိုင်းအကျယ် ပေ ၄၀ ×၄၀ ရှိကြောင်း တွေ့ရပါတယ်။ ပစ္စည်းများ အစုံတွေ့ကြရပြီဖြစ်လို့ တူးဖော်မှုဆိုင်ရာ လုပ်ငန်းများကို ဧပြီ ၄ ရက်မှစပြီး ခေတ္တရပ်ဆိုင်းထားပါတယ်။

မေး။ ။ ဒီဘုရားမှာတွေ့ရတဲ့ အုတ်ချပ်ကြီးတွေရဲ့ အကျယ်အတိုင်းအတာကိုလည်း ပြောပြပေးပါ။

ဖြေ။ ။ အုတ်ချပ်ကြီးတွေက နှစ်မျိုးရှိပါတယ်။ အလျား ၁၁လက်မ၊ အနံ ၅ပေ ၁လက်မ၊ ထု ၁ ဒသမ ၇ လက်မ နဲ့အခြား အုတ်ချပ်ကြီးတွေကအလျား ၁၃ လက်မ၊ အနံ ၇ လက်မ၊ ထု ၂ လက်မအထိရှိပါတယ်။

မေး။ ။ နောက်ဆုံးအခြေအနေကိုရှင်းပြပေးပါဦး။

ဖြေ။ ။ နေ့စဉ်လာကြည့်တဲ့ပရိသတ်က ၃၀၀၀ ကျော်ရှိတယ်။ လာသမျှ လူတွေကို အာဟာရဒါနပြုပေးပါတယ်။ အလှူ့ကျ သံဃာတော်များနှင့် အလှည့်ကျဂေါပကအဖွဲ့များ စနစ်တကျဖွဲ့စည်းပြီး ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပါတယ်။ နတ်တလင်းမြို့ကိုရောက်တဲ့အခါ တာပွန်လမ်းမှ အနောက်ဘက် တစ်မိုင်ခွဲကျော်ကွာဝေးတဲ့ ကျောင်းကြီးရွာကိုကျော်ဖြတ်ပြီး သရက်တပင်ရွာကို ရောက်ရှိမှာဖြစ်ပါတယ်။ ယခုအခါမှာ အနယ်နယ်အရပ်ရပ်မှ လှူဒါန်းမှုတို့ကြောင့် အလှူငွေကျပ် သိန်း ၁၀၀ ကျော်ရရှိနေပြီဖြစ်ပါတယ်။

ယခုလိုဖြေကြားပေးတဲ့အတွက် ကျေးဇူးအထူးတင်ရှိပါတယ်။

သီပေါဇေယျသုခအောင်ချမ်းသာမင်္ဂလာစေတီထီးတော်တင် မင်္ဂလာအခမ်းအနားကျင်းပ

သီပေါ မေ ၄

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့ ဇာတ်စုရပ် ရတနာရွှေဂူ ကျောင်းတိုက်ကြီး၏ ပဓာနနာယက ဆရာတော် မြို့နယ်ဩဝါဒါစရိယ ဘဒ္ဒန္တခေမိန္ဒအား အမျှုးထား၍ ရွှေဂူဘုရား ရုပ်ပွားတော်မြတ်ကြီးကို ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်းနှင့် ဆွမ်းဆန်တော်ကြီး တင်လှူခြင်း၊ လွန်ခဲ့သောနှစ်ပေါင်း ၁၂၀ ကျော် ဆရာတော်များ အဆက်ဆက် တည်ထားကိုးကွယ်ခဲ့သော စေတီတော်ဟောင်းကို ငုံ၍ဇေယျသုခ အောင်ချမ်းသာမင်္ဂလာဘွဲ့အမည် သမုတ်လျက်စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ထီးတော်တင်လှူပွဲမင်္ဂလာ အခမ်းအနားကို ကဆုန်လပြည့်နေ့ (မေ ၂ ရက်)က ရတနာ ရွှေဂူကျောင်း ရင်ပြင်ပေါ်၌ကျင်းပသည်။

အခမ်းအနားတွင် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ထီးတော်များကို နံနက် ၇ နာရီမှစတင်ပင့်ဆောင်ရာ ထီးတော် တင်ပွဲဖြစ်မြောက်ရေး ကော်မတီဝင်များ၊ ဂေါပကအဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများ၊ ရှမ်းပလောင်တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ အလှူ့ရှင်များက စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ထီးတော်များကို အမွှေးနံ့သာရည်များ ပက်ဖျန်း၍ ပူဇော်ကန်တော့သည်။

စိန်ဖူးတော်နှင့် ထီးတော်များကို နံနက် ၈ နာရီခွဲတွင် အောင်မြင်စွာ တင်လှူနိုင်ခဲ့ပြီး စေတီတော်ဝန်းကျင် တစ်ခုလုံး အောင်စည်အောင်မောင်းများတီးခတ်ခြင်း၊ မေတ္တာသုတ်နှင့် ပဋ္ဌာန်း(၂၄)ပစ္စည်းရွတ်ဖတ်သရဇ္ဈာယ်ခြင်းဖြင့် ပူဇော်ကန်တော့ခဲ့ကြကြောင်း သိရသည်။

စိုင်း(သီပေါ)

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတွင် ယနာနို့ဆွမ်း ဆက်ကပ်လှူ

နေပြည်တော် မေ ၄

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး လိုဏ်ဂူတော် ဂေါတမဗုဒ္ဓရုပ်ပွားဆင်းတုတော်ရှေ့တွင် ဘုရားရှင်အားရည်မှန်း၍ ယနာနို့ဆွမ်း ဆက်ကပ်လှူဒါန်းပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို ကဆုန်လပြည့်(ဗုဒ္ဓနေ့) မေ ၂ ရက် နံနက် ၅ နာရီတွင် ကျင်းပခဲ့ရာ ပျဉ်းမနားမြို့ မဟာလယ်တီစံကျောင်းတိုက် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တအာစိဏ္ဏနှင့် သံဃာနှစ်ပါးတို့ ကြွရောက်တော်မူကြပြီး ဂေါပကအဖွဲ့ဝင်များ၊ ဂေါပကရုံးဝန်ထမ်းများ၊ ဝတ်အသင်းအဖွဲ့များ တက်ရောက် ကြည်ညိုပူဇော်ခဲ့ကြသည်။

ဂေါပကအဖွဲ့ဝင်များက လိုဏ်ဂူတော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားဆင်းတုတော်လေးဆူ၊ ဆုတောင်းပြည့်(ပန်းပေါင်း) ရုပ်ပွားတော်မြတ်ကြီးနှင့် စွယ်တော်မြတ်နှစ်ဆူတို့အား ယနာနို့ဆွမ်းနှင့် သောက်တော်ရေချမ်းတို့ကို ဆက်ကပ်လှူဒါန်းပူဇော်ခဲ့ကြကာ လယ်တီစံကျောင်းတိုက် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တအာစိဏ္ဏထံမှ ကိုးပါးသီလခံယူဆောက်တည်၍ ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထု ပစ္စည်းများဆက်ကပ်လှူဒါန်းခဲ့ကြသည်။ **သီဟန်သိန်း(အေးချမ်းမြေ)**

လျှောင်းတော်မူမြတ်စွာဘုရား အုတ်မြစ်စီ မင်္ဂလာအခမ်းအနားကျင်းပ

ဖာန်းမော် မေ ၄

ကချင်ပြည်နယ် ဖာန်းမော်မြို့တွင် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပညိန္ဒာလင်္ကာရနှင့် သိမ်မဟာစေတီ ဂေါပကအဖွဲ့မှ ဦးစီး၍ အများကောင်းမှုဖြင့် ပေါင်းစု၍ မဟာသိမ်တော်ကြီးဘုရားဝင်းအတွင်း ဆုတောင်းပြည့်ဘုရားတောင်ဘက်၌ တည်ထားကိုးကွယ်ပူဇော်မည်ဖြစ်ရာ လျှောင်းတော်မူမြတ်စွာဘုရား အုတ်မြစ်စီမင်္ဂလာအခမ်းအနားကို မေ ၂ ရက်က ကျင်းပသည်။

ဆက်လက်၍ ဘဒ္ဒန္တပညိန္ဒာလင်္ကာရ အမှူးပြုသော သံဃာတော်များ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိန်မြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစွမ်းထက်ဝေ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်သက်ထွန်း၊ မြို့မရဲစခန်းမှူး ရဲမှူးအောင်သန်းမော်နှင့် ဂေါပကအဖွဲ့ဝင်များက ကျွန်းကြီးလေးကျွန်း ရတနာအုတ်၊ ကြီးလေးကြီးရတနာအုတ်၊ အရပ်ရှစ်မျက်နှာ နေ့နံ ရတနာအုတ်များစီထား ကိုးကွယ်ပူဇော်ပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးခဲ့ကြသည်။

လျှောင်းတော်မူဘုရားပလ္လင်တော် အလျား ပေ ၈၀၊ အနံပေ ၂၀၊ အမြင့် ငါးပေ၊ ရုပ်ပွားတော် အလျား ၇၂ ပေ၊ အမြင့် ၁၉ပေ၊ ဗုဒ္ဓဝင်ပြတိုက် အလျား ပေ ၁၀၀၊ အနံ ပေ ၃၀၊ အမြင့် ၁၂ပေ ရှိကြောင်း သိရသည်။ **ဝါဝါ(ဖာန်းမော်)**

ဗုဒ္ဓနေ့အခမ်းအနား ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်(ရန်ကုန်)၌ စည်ကားသိုက်မြိုက်စွာကျင်းပ

ရန်ကုန် မေ ၄

ကဆုန်လပြည့်ဗုဒ္ဓနေ့ အထိမ်းအမှတ်ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းခြင်းနှင့် ဗုဒ္ဓနေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပခြင်း၊ ဗုဒ္ဓနေ့တရားတော်ဟောကြားခြင်းတို့ကို သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်(ရန်ကုန်) ၌ မေ ၂ ရက်က ကျင်းပခဲ့သည်။

သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ ဦးဆောင်သည့် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်(ရန်ကုန်)မှ ဆရာတော်၊ သံဃာတော်များ ဦးဆောင်ကာ ဗုဒ္ဓနေ့အခမ်းအနားကို ဖွင့်လှစ်ခဲ့ပြီး ဗုဒ္ဓဖွားတော်မူခြင်း၊ ဘုရားအဖြစ်သို့ ရောက်ရှိတော်မူခြင်း၊ တရားဦးတရားမြတ် ဟောကြားတော်မူခြင်းနှင့် ပရိနိဗ္ဗာန်စံတော်မူခြင်းစသည့် မြတ်ဗုဒ္ဓနေ့ထူးနေ့မြတ်များနှင့် ကဆုန်လပြည့်ဗုဒ္ဓနေ့ ထူးမြတ်ပုံများကို ရုပ်ပုံကားချပ်များဖြင့် ပြသခဲ့သည်။

ထို့နောက် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ရှေ့ရှိ ဗောဓိညောင်ပင်ကို တက်ရောက်လာသူများက ညောင်ရေသွန်းလောင်းကြပြီး ညပိုင်းတွင် သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရက မြတ်ဗုဒ္ဓ၏ ဘဝဖြစ်စဉ်ကို ပြည်တွင်းပြည်ပ တရားနာပရိသတ်များ နာယူနိုင်ရန် ဟောကြားပေးခဲ့ကြောင်း သိရသည်။

တရားနာပရိသတ်နှင့် ဗုဒ္ဓနေ့အထိမ်းအမှတ်ပွဲသို့ တက်ရောက်သူ သုံးထောင်ကျော်ရှိခဲ့ပြီး တရားနာပရိသတ်များ အလွန်များပြားခဲ့ကြောင်း သိရသည်။ တက်ရောက်လာကြသူများအား စတုဒိသာအလှူများပေးလှူခဲ့ပြီး အဆိုပါအခမ်းအနားသို့ အမေရိကန်သံအမတ်ကြီးနှင့် USIP အဖွဲ့၊ ကနေဒါ သံအမတ်ကြီးတို့ တက်ရောက်ခဲ့ပြီး ဘာသာတရားအချင်းချင်း သင့်မြတ်စွာ မှီတင်းနေထိုင်ခြင်းနှင့် ကိုးကွယ်ယုံကြည်မှုဆိုင်ရာများအကြောင်း ဆွေးနွေးခဲ့ကြပြီး ဗုဒ္ဓနေ့အထိမ်းအမှတ်ရုပ်ပုံများကို ကြည့်ရှုလေ့လာခဲ့ကြသည်။

အဆိုပါအခမ်းအနားတွင် သီတဂူဆရာတော်က ကဆုန်လပြည့်နေ့နှုတ်ခွန်းဆက်လွှာကို ဟောကြားခဲ့ရာ "ကမ္ဘာလောကကြီးတစ်ခုလုံး၏ စစ်ဘေးဒဏ်အားလုံး၊ သဘာဝဘေးဒဏ်အားလုံး အပြီးတိုင်ချုပ်ငြိမ်းကြပါစေဟု လေးနက်သော ကရုဏာဖြင့် ဆုမွန်ကောင်း တောင်းပါတယ်။ လူမျိုးမရွေး၊ ဘာသာမရွေး လူသားအားလုံးတို့ ငြိမ်းချမ်းပျော်ရွှင်စွာ လက်တွဲ နေထိုင်နိုင်ကြပါစေဟု သတ္တဝါလောကတစ်ခုလုံးသို့ ဖြူစင်သော မေတ္တာဓာတ်ကို ပို့လွှတ်ပါတယ်။ သုံးမျိုးသုံးထပ်အားဖြင့် ထူးမြတ်သော ဤဗုဒ္ဓနေ့သည် ဗုဒ္ဓဘာသာဝင်တို့အတွက်သာ မဟုတ် ကမ္ဘာပေါ်ရှိ လူသားအားလုံးတို့အတွက်ပါ အထူးမြတ်ဆုံးသော မင်္ဂလာအခါတော်နေ့ပင် ဖြစ်ပါတယ်" ဟု ဆုတောင်းမေတ္တာပေးပို့ကာ မြတ်စွာဘုရား ဖွားမြင်တော်မူစဉ်ကကြွေးကြော်သံ၊ ဥရုဝေလတောအုပ်နေရဥ္စရာမြစ်ကမ်းဝယ် ဘုရားအဖြစ်သို့ ရောက်ရှိတော်မူချိန် ကြွေးကြော်သံနှင့် ဘီစီ ၅၄၃ သက်တော် ၈၀ အရွယ် ကုသိနာရုံ အင်ကြင်းတောတွင် ပရိနိဗ္ဗာန်စံရာတွင် သံဃာခုနစ်သိန်းကျော်တို့အလယ် နောက်ဆုံးကြွေးကြော်သံတို့ကို ပူဇော်ခဲ့ကြောင်း သိရသည်။

သတင်း-ခင်လေးမြင့်အောင်
ဓာတ်ပုံ-သီတဂူစတား

အင်းတော်မြို့နယ်၌ သွေးလွန်တုပ်ကွေး ကာကွယ်နှိမ်နင်းခြင်း လုပ်ငန်းဆောင်ရွက်

အင်းတော် မေ ၄

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့ အောင်ဇေယျရပ်ကွက်၌ မေ ၂ ရက် နံနက် ၇ နာရီက အမျိုးသားရေးစီမံချက်ဖြင့် သွေးလွန်တုပ်ကွေး ပိုးလောက်လမ်းများနှိမ်နင်းရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အင်းတော်မြို့နယ် ဆရာဝန်ဒေါက်တာ ကျော်ကျော်လင်းနှင့် ကျန်းမာရေးဝန်ထမ်းများ၊ အင်းတော်မြို့နယ် ငှက်ဖျားတိုက်ဖျက်ရေးမှူး ဦးတင်အန်း၊ အင်းတော်မြို့နယ် စည်ပင်သာယာရေး ဦးစီးအရာရှိ ဦးအေးမင်းထွန်းနှင့် ဝန်ထမ်းများ၊ အောင်ဇေယျရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးညွန့်ရွှေ၊ အင်းတော်မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အဖွဲ့ဝင်များသည် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးအတွက် နေအိမ်များရှိ ရေသိုလှောင်ထားရှိသည့် ရေလှောင်ကန်များ၊ စဉ့်အိုးများ၊ ရေအိုးများအစရှိသည်တို့အား နေ့စဉ် သို့မဟုတ် သုံးရက်တစ်ကြိမ် ဖုံး၊ သွန်၊ လဲ၊ စစ်စနစ်ကျင့်သုံးရန် အသိပညာပေး ဟောပြောခြင်း၊ စစ်ဆေးဆောင်ရွက်ခြင်းများ ပြုလုပ်ခဲ့ကြကြောင်း၊ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးအတွက် စနေနေ့တိုင်း ယခုကဲ့သို့ ရပ်ကွက်များအတွင်းသို့ လှည့်လည်စစ်ဆေးပြီး အသိပညာပေးဟောပြောခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ခင်မောင်ဆွေ (မော်လူး)

မြစိမ်းရောင်စီမံကိန်းအခြေအနေကွင်းဆင်းစစ်ဆေး

ကျောက်ပန်းတောင်း မေ ၄

မန္တလေးတိုင်း ဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဒေါက်တာမြင့်ကြူနှင့် တာဝန်ရှိသူများသည် မေ ၁ ရက်က ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ်၌ တစ်ရွာလျှင် ငွေကျပ်သိန်း ၃၀၀ နှုန်းဖြင့် မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ကျေးရွာများအား ကွင်းဆင်းစစ်ဆေးခဲ့သည်။

တိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဒေါက်တာမြင့်ကြူနှင့် အဖွဲ့သည် မတည်ပံ့ပိုးချေးငွေကျပ်သိန်း ၃၀၀ ဖြင့် ဆိတ်၊ ဝက်၊ နွားမွေးမြူရေးလုပ်ငန်း၊ စိုက်ပျိုးရေးကုန်ထုတ်လုပ်ငန်းနှင့် ရောင်းဝယ်ရေးလုပ်ငန်းများဖြင့် အောင်မြင်ဖြစ်ထွန်းနေသော အကျီးစု၊ သစ်ဆပ်ပင်၊ ကြက်ဆူတော၊ ဗြိစင်အင်းကျေးရွာများနှင့် ငါးမွေးမြူရေးလုပ်ငန်းဆောင်ရွက်အောင်မြင်နေသော သစ်တိန်းကျေးရွာများသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးကြပြီး ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ မိမိတို့ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို မိမိတို့၏ စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်းနှင့်ကျေးရွာနေပြည်သူတို့၏ လူမှုစီးပွားဘဝများမြင့်မားတိုးတက်စေရေး အတွက်လည်း နိုင်ငံတော်အစိုးရကယခုကဲ့သို့ မြစိမ်းရောင်ကျေးရွာစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်သဖြင့် နိုင်ငံတော်၏ စေတနာကိုတုံ့ပြန်သောအားဖြင့် မိမိတို့ကိုယ်တိုင် အမှန်တကယ်ဖွံ့ဖြိုးတိုးတက်အောင် စည်းကမ်းရှိရှိဖြင့် စနစ်တကျ ကြိုးစားဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်တွင် ကျေးရွာငါးရွာဆောင်ရွက်ခွင့်ရရှိခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကမ်းပြူကျေးရွာနှင့် ပန်းတော်ကျင်းကျေးရွာနှစ်ရွာထပ်တိုးရရှိခဲ့ရာ စုစုပေါင်းစီမံကိန်းဝင်ကျေးရွာ ခုနစ်ရွာရှိပြီဖြစ်ကြောင်းသိရသည်။

(မြို့နယ် ပြန်/ဆက်)

အေးမြသာယာမြို့ ဓာတ်အားပြည့်ဝပြီ

အေးမြသာယာ မေ ၄

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) သာယာဝတီခရိုင် အေးမြသာယာမြို့၌ လျှပ်စစ်ဓာတ်အားပြည့်ဝစွာရရှိစေရေးနှင့် အန္တရာယ်ရှိဓာတ်တိုင်များအား အစားထိုးပြောင်းလဲခြင်းများ လုပ်ကိုင်လျက်ရှိရာ လုပ်ငန်းအားလုံးပြီးစီးပြီဖြစ်ခြင်းကြောင့် မကြာမီ လျှပ်စစ်ဓာတ်အားပိုမိုသုံးစွဲခွင့်ရရှိတော့မည်ဖြစ်ကြောင်း သိရသည်။ ယခုအခါ ရန်ကုန်-ပြည်လမ်းပေါ်ရှိ ၄၀၀ ဗို့ ဓာတ်အားလိုင်းကို ဆက်သွယ်ထားသော ဆွေးမြေ့သစ်သားဓာတ်တိုင် ၅၆ တိုင်ကို ၁၁ ကေဗွီဓာတ်အား နှစ်ထပ်လိုင်းများအဖြစ် ပြောင်းလဲတည်ဆောက်ခြင်းလုပ်ငန်းကို ယခုနှစ် ဘဏ္ဍာရေးခွင့်ပြုချက်အရ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယခုအခါလုပ်ငန်းများ ပြီးစီးခဲ့ပြီဖြစ်ကြောင်း အေးမြသာယာမြို့နယ် လျှပ်စစ်မှူး ဦးကျော်စံလင်းက ပြောကြားသည်။

မြို့နယ်လျှပ်စစ်ဝန်ထမ်းများက ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစွာဖြင့် ဓာတ်အားအပြည့် အဝရရှိတော့မည် ဖြစ်ကြောင်း သိရသည်။

နန်းနွယ်နီထွန်း

မော်လမြိုင်မြို့၏ ပထမဆုံးသော အနုပညာပြပွဲကျင်းပ

မော်လမြိုင် မေ ၄

မော်လမြိုင်မြို့နေ ပြည်သူများ အနုပညာရသခံစားခွင့်ရနိုင်ရေး၊ မျိုးဆက်သစ်အနုပညာရှင် ဝါသနာရှင်များ ထပ်မံပေါ်ထွက်လာစေရေး ရည်ရွယ်ကာ မြို့ခံအနုပညာရှင်များ စုပေါင်းပြသသော မော်လမြိုင်မြို့၏ ပထမဆုံးသောအနုပညာပြပွဲကို မေ ၁ ရက်မှ မေ ၅ ရက်ထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါအနုပညာပြပွဲကို မော်လမြိုင်မြို့၏ လူစည်ကားရာ စက်ကဲကုန်းရပ်၊ မြို့မရဲစခန်းရှေ့ ကမ်းနားလမ်း ညဈေးတန်းတွင် ညနေ ၅ နာရီမှည ၁၁ နာရီထိ ခင်းကျင်းပြသခြင်းဖြစ်သည်။

"မော်လမြိုင်မြို့မှာ အဲဒီလို အနုပညာခံစားတတ်တဲ့၊ ဖန်တီးနိုင်တဲ့ အနုပညာရှင်တွေ ရှိတယ်ဆိုတာကိုလည်း သိစေချင်တဲ့ရည်ရွယ်ချက်လည်းပါပါတယ်။ အခုကျင်းပတဲ့အချိန်မှာ ပြည်သူတွေ တော်တော်စိတ်ဝင်စားတာတွေ့ရပါတယ်။ 3D ပန်းချီကိုလည်း ပြသထားပါတယ်။ ခုဆို ဓာတ်ပုံတွေရိုက်ကြ၊ ဖေ့စ်ဘွတ်ခ်မှာလည်း ပျံ့နှံ့နေတာကိုတွေ့ရတော့ တော်တော်ပီတိဖြစ်ရပါတယ်" ဟု အနုပညာပြပွဲမှ ပါဝင်သူ အနုပညာရှင်တစ်ဦးက ပြောကြားသည်။

အဆိုပါအနုပညာပြပွဲတွင် ပန်းချီ၊ ပန်းပု၊ ကဗျာ၊ ကာတွန်း၊ ဒီဇိုင်း၊ ဓာတ်ပုံ စသည်ဖြင့် အနုပညာရပ်ခြောက်မျိုးပါဝင်ကာ မော်လမြိုင်မြို့ခံအနုပညာရှင်များက စုပေါင်းပါဝင်ကာ ဖန်တီးချယ်မှုန်းပြသထားခြင်းဖြစ်သည်။

အနုပညာပြပွဲတွင် ပန်းချီအနုပညာလက်ရာများဖြင့် ပါဝင်ပြသထားသော ပန်းချီဆရာ ဆရာမင်းစံရှားက "ပြပွဲက ခုလိုအောင်မြင်တာတွေ့ရတော့ ကိုယ့်ရဲ့အနုပညာတွေကို ဖော်ထုတ်ခွင့်ရတာဖြစ်တဲ့အတွက် ဝမ်းသာပါတယ်။ ဒေသအာဏာပိုင်တွေရဲ့ခွင့်ပြုချက်၊ အနုပညာရှင်တွေရဲ့ ထက်သန်တဲ့စေတနာ၊ စပွန်ဆာတွေ၊ နေရာထိုင်ခင်း စတဲ့ အချက်လေးချက်နဲ့ ပြည့်စုံလို့ ကျင်းပနိုင်တာပါ။ ကျွန်တော်တို့က အနုပညာတစ်ခုဖန်တီးမယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ သွားတာဖြစ်တဲ့အတွက် ရှိနေတဲ့ အခက်အခဲလေးတွေကို ကျော်ဖြတ်နိုင်ခဲ့ပါတယ်" ဟု ဆိုသည်။

ခန့်မှန်းအားဖြင့် အနုပညာရှင် ဦးရေ ၅၀ ကျော် ပါဝင်ပူးပေါင်းကာ ဒေသနေ အနုပညာရှင်များ၏ စေတနာအရင်းခံဖြင့် တန်ဆောင်မုန်းလကဲ့သို့သော ပွင့်လင်းရာသီများတွင်လည်း နောက်ထပ်ဒုတိယအကြိမ်၊ တတိယအကြိမ်စသဖြင့် ယခုကဲ့သို့ ပြပွဲများ ထပ်မံကျင်းပသွားရန် ရည်ရွယ်ထားကြောင်းလည်း သိရသည်။

မြတ်မွန်ထွေး(မြန်မာ့အလင်း)

တောင်ညိုဆည်ရေသောက်စနစ်ကြောင့် နွေစပါးများ လျာထားချက်ပို

ဇီးကုန်း မေ ၄

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့နယ်အတွင်း တောင်ညိုဆည်ရေသောက်စနစ်ဖြင့် စိုက်ပျိုးခဲ့သော နွေစပါးများမှာ ယခုနှစ်တွင် ရေကောင်းမွန်မှုကြောင့် လျာထားချက်ထက် ပြည့်မီသည့်အပြင် ကျော်လွန်ခဲ့ကြောင်းသိရသည်။

ဇီးကုန်းမြို့နယ်တွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း နွေစပါးစီမံကိန်းလျာထားချက် ၂၂၂၉ ဧက သတ်မှတ်ထားသော်လည်း ယခုနှစ် စိုက်ပျိုးပြီး နွေစပါးများတွင် ၃၂၁၂ ဧကမှာ ဆည်ရေရရှိမှုကြောင့် အောင်မြင်ဖြစ်ထွန်းခဲ့သဖြင့် မူလလျာထားချက်ထက် ၉၈၃ ဧက ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း နတ်တလင်းမြို့နယ် ဆည်မြောင်းဦးစီးဌာန ဦးစီးအရာရှိ ဦးစပ်ခွန်ဦးက ပြောကြားသည်။

"ကျွန်တော်တို့ ရွှေကြို့ပင် တစ်လျှောက်က နွေစပါးကွင်းတွေအားလုံး ဆည်ရေရရှိလို့ အောင်မြင်ပါတယ်။ ပြီးခဲ့တဲ့နှစ်က အကြောင်းကြောင်းတွေကြောင့် ဒီဘက်မှာ ဧက ၄၀၀ ကျော် ပျက်စီးဆုံးရှုံးခဲ့တာ ဖြစ်ပါတယ်။ တောင်သူအချို့လည်း ကြွေးတင်ခဲ့ရပါတယ်။ နွေစပါးအောင်မြင်မှ ကျွန်တော်တို့ ဘဝတွေကို မြင့်မားစေတာပါ။ ဆည်ရေနှစ်တိုင်းပုံမှန်ရလာမယ်ဆိုရင် တောင်သူတွေ အဆင်ပြေတယ်"ဟု ရွှေကြို့ပင် ရွာမှ နွေစပါးလုပ်ကိုင်သူ ဦးတင်ဦးကပြောကြားသည်။

ဇီးကုန်းမြို့နယ် အရှေ့ဘက် နွေစပါးကွင်းများသည် တောင်ညိုဆည်နှင့် မိုင် ၂၀ သာဝေးကွာပြီး နှစ်စဉ်ဆည်ရေရသဖြင့် နွေစပါးစိုက်ပျိုးလုပ်ကိုင်နေသော စီမံကိန်းဝင်လယ်မြေများလည်း ဖြစ်သည်။

ကိုသက်(ဇီးကုန်း)

ပထမတန်းကျောင်းသားတစ်ဦး အင်းအတွင်း ရေနစ်သေဆုံး

ရေစကြို မေ ၄

မေ ၁ ရက် မွန်းလွဲ ၂ နာရီက ရေစကြိုမြို့မရဲစခန်းမှူး ဒုရဲမှူး စည်သူအောင်သည် ဆင်ခြေယာကျေးရွာမှ ကလေးငယ်တစ်ဦးရေနစ်သေဆုံးကြောင်းသတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ ဆင်ခြေယာကျေးရွာနေ ဦးအောင်မျိုး၏သားဖြစ်သူ မောင်ကောင်းစည်သူ (၆ နှစ်) ပထမတန်းကျောင်းသားသည် ဧပြီ ၃၀ ရက်တွင် ၎င်း၏အဘိုး လယ်ထဲသို့ လိုက်သွားခဲ့၍ နံနက်ပိုင်းတွင် နွားကျောင်းသွားခဲ့ရာ ကလေးငယ်ပြန်မလာသဖြင့် ၎င်း၏အဘိုးဖြစ်သူက လိုက်လံရှာဖွေရာ မသထာအင်းကမ်းစပ်တွင် အဝတ်အစားများတွေ့ရှိပြီး အင်းကမ်းစပ်နှင့် ၁၀ ပေခန့်အကွာ မသထာအင်းအတွင်း ရေအနက်သုံးပေခန့်တွင် ရေနစ်သေဆုံးနေသည်ကို တွေ့ရှိခဲ့ခြင်းဖြစ်ပြီး သေဆုံးခြင်းနှင့်ပတ်သက်၍ ရေစကြိုမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိသည်။

ကိုရဲ

ကမ္ဘာ့ပထမကျောက်စိမ်းစေတီတော်ထီးတော်တင်ပွဲ၌ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ မြန်မာ့ရိုးရာခြင်းဝိုင်းများအလှခတ်ပူဇော်မည်

ဆွေသဟာမျိုးဆက်သစ်ခြင်းဝိုင်းမှ အာရှဖိတ်ခေါ်နှင့် ဆီးဂိမ်းရွှေတံဆိပ်ဆုရှင် မဆုတွယ်တာ၏ခြင်းခတ်ဟန်။

နေပြည်တော် မေ ၄

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူနယ်တွင် ကိုယ်ထည်တစ်ခုလုံး ကျောက်စိမ်းများဖြင့် ထုဆစ်ပုံဖော်ထားသည့် မြန်မာနိုင်ငံတွင်သာမက ကမ္ဘာ့ပထမ ကျောက်စိမ်းစေတီတော်မြတ်ကြီးထီးတင်ပွဲကို မေလထဲတွင် ကျင်းပမည်ဖြစ်ရာ အဆိုပါထီးတင်ပွဲတွင် မြန်မာ့ရိုးရာခြင်း အလှခတ် သွားရောက်ဖျော်ဖြေရန် နေပြည်တော် ပျဉ်းမနားမြို့ ဆွေသဟာ မျိုးဆက်သစ်ခြင်းဝိုင်းမှ စီစဉ်လေ့ကျင့်လျက်ရှိကြောင်း ခြင်းဝိုင်း ခေါင်းဆောင် ဒေါ်ဆွေဆွေမာ (ဆီးဂိမ်းနည်းပြ)ထံမှ သိရသည်။

အဆိုပါ ကျောက်စိမ်းစေတီအား အာရှခြင်းလုံးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဦးစိုးနိုင်ကစ၊ လယ်၊ ဆုံးလျှုဒါန်းတည်ဆောက်ထားခြင်း ဖြစ်သောကြောင့်ခြင်း ဥက္ကဋ္ဌ၏ကမ္ဘာ့ပထမကျောက်စိမ်း စေတီထီးတင်ပွဲတွင် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ နာမည်ကြီး မြန်မာ့ရိုးရာခြင်းအဖွဲ့များ စုစည်းပါဝင်ဖျော်ဖြေခတ်ကစားကြမည်ဖြစ်ကြောင်း၊ ပျဉ်းမနားမြို့ မီးရထားရပ်ရှိ ဆွေသဟာမျိုးဆက်သစ် မြန်မာ့ရိုးရာခြင်းဝိုင်းသည်လည်း အာရှဖိတ်ခေါ်ဖလား၊ အရှေ့တောင်အာရှဆီးဂိမ်းနှင့် အမျိုးသားအားကစားပွဲတော်တို့တွင် ဆုတံဆိပ်ရ ခြင်းလုံးအားကစားသမားများအား မွေးထုတ်ပေးလျက်ရှိသော ခြင်းအသင်းဖြစ်ကာ လက်ရှိတွင် ပျဉ်းမနားမြို့နှင့် မြို့ဝန်းကျင်မှ ခြင်းလုံးဝါသနာရှင် လူငယ်မောင်မယ် ၄၀ ခန့်အား သင်တန်းပေးလျက်ရှိကြောင်း သိရှိရသည်။

ကာရန်ခ

ဆိပ်ဖြူ၌ အမျိုးသမီးတစ်ဦး ကြိုးဆွဲချသေဆုံး

ဆိပ်ဖြူ မေ ၄

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ကျားတွဲကျေးရွာ တောင်ဘက် နှစ်ဖာလုံခန့်အကွာ လောကမှန်ကူဘုရားကုန်းအနီး ဒဟတ်ပင်ကျေးရွာ၌ မေ ၂ ရက် ညနေ ၆ နာရီခွဲတွင် အမျိုးသမီးတစ်ဦး ကြိုးဆွဲချသေဆုံးခဲ့ကြောင်း သိရသည်။ သေဆုံးသူအမျိုးသမီးမှာ မလှမွန် (၁၉ နှစ်) ကျားတွဲကျေးရွာ ဆိပ်ဖြူမြို့နယ်နေသူဖြစ်ကြောင်း သိရပြီး အနီကွက်အကျီလက်ရှည် လည်ပင်းတွင် ချည်ကြိုးအဖြစ် အသုံးပြုပြီး ကြိုးဆွဲချကာပြင်ပဒဏ်ရာမတွေ့ရှိရဘဲ သေဆုံးနေကြောင်းစစ်ဆေးတွေ့ရှိခဲ့ကြောင်း အမှုစစ်ရဲအရာရှိထံမှ သိရသည်။ ထိုအမျိုးသမီး သေဆုံးခြင်း အဖြစ်မှန်သိရှိနိုင်ရေးအတွက် ဆိပ်ဖြူမြို့နယ်မြို့မရဲစခန်းက အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ကျော်ဇေယျ

နတ်မောက်မြို့နယ်၌ လူသေအလောင်း တစ်လောင်းတွေ့ရှိ

နတ်မောက် မေ ၄

နတ်မောက်မြို့နယ်မြို့မရဲစခန်း နယ်မြေထန်းပင်ကျေးရွာ အုပ်ချုပ်ရေးမှူးက မေ ၂ ရက် နံနက် ၉နာရီက လူသေအလောင်းတစ်လောင်းတွေ့ရှိကြောင်း သတင်းပေးချက်အရ သက်သေများနှင့်အတူ ရဲတပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ စိတ်ပေါ့သွပ်သူ မောင်အောင်ကျော်စိုး (၃၅ နှစ်) ထန်းပင်ချိုင်းကျေးရွာ နတ်မောက်မြို့နယ်နေသူမှာ ရွာ၏အရှေ့မြောက်ဘက် ပေပင်ကုန်းကျေးရွာ လှည်းလမ်းမပေါ်တွင် မြောက်ဘက်သို့ခေါင်းပြု၍မှောက်လျက်အနေအထားဖြင့် ခန္ဓာကိုယ်တွင် ပြင်ပဒဏ်ရာမတွေ့ရဘဲ သေဆုံးနေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိသည်။

ကျော်ဇေယျ(မကွေး)

မဆင်မခြင်မောင်းနှင်သည့် ကုန်တင်ယာဉ် ဆိုက်ကားနှင့်တိုက်မိ၍ လူတစ်ဦးပွဲချင်းပြီးသေဆုံး

ဇီးကုန်း မေ ၄

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် ချောင်းကမ်းတစ်စု ကရင်ကုန်းကျေးရွာအနီးတွင် ဧပြီ ၂၉ ရက် နံနက် ၇ နာရီက ရန်ကုန်ဘက်မှ နတ်တလင်းမြို့ဘက်သို့ မောင်းလာသော ခြောက်ဘီးကုန်တင်ယာဉ်နှင့်ဆိုက်ကားတို့ အပြိုင်တစ်ဖက်မှဝင်လာသောမော်တော်ယာဉ်ကို တိမ်းရှောင်ရင်း ဆိုက်ကားကို တိုက်မိပြီး လူတစ်ဦးနေရာတွင် ပွဲချင်းပြီးသေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇီးကုန်းမြို့နယ် ကရင်ကုန်းကျေးရွာအနီးတွင် ရန်ကုန်ဘက်မှ နတ်တလင်းမြို့သို့ ကျော်သူအောင် မောင်းနှင်လာသော အီစူးဇူး ခြောက်ဘီးကုန်တင်ယာဉ်သည် ယှဉ်လျက်စီးနင်းလာသော ဦးအောင်ကြွယ်၏ ဆိုက်ကားကို ကျော်တက်စဉ်တစ်ဖက်မှ ရုတ်တရက်ဝင်လာသော မော်တော်ယာဉ်အား တိမ်းရှောင်ရာမှ ဆိုက်ကားကို တိုက်မိရာ ဦးအောင်ကြွယ်မှာ ဦးခေါင်း၌ ပြင်းထန်ဒဏ်ရာ တစ်ချက်၊ ခြေထောက်ဒဏ်ရာ တစ်ချက်ရရှိပြီး နေရာ၌ပင်ပွဲချင်းပြီးသေဆုံးသွားသဖြင့် မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်း ကျော်သူအောင်အား ဇီးကုန်းမြို့မရဲစခန်းမှအမှုစစ် ဒုရဲအုပ် ဝေလွင်ကိုက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

ထွန်းထွန်း(ဇီးကုန်း)

သလဲဘာ-ကျောက်ကုန်း မူးမြစ်ကူးတံတားတည်ဆောက်ရန် အင်ဂျင်နီယာ အကြိုလုပ်ငန်းများ စတင်ဆောင်ရွက်

မုံရွာ မေ ၄

ကျေးလက်နေပြည်သူများ ပညာရေး၊ ကျန်းမာရေး ကဏ္ဍများနှင့်ကုန်စည်စီးဆင်းမှုတို့ကို အထောက်အကူဖြစ်စေရန် ရည်ရွယ်ပြီး စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ် သလဲဘာကျေးရွာနှင့်ဝက်လက်မြို့နယ် ကျောက်ကုန်းကျေးရွာတို့ကို ဆက်သွယ်ပေးမည့် ခုနစ်စင်းမြောက် သလဲဘာ-ကျောက်ကုန်းမူးမြစ်တံတား တည်ဆောက်နိုင်ရေး အကြိုအင်ဂျင်နီယာလုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

မူးမြစ်ကူးတံတားတည်ဆောက်မည့်အစီအစဉ်နှင့်ပတ်သက်ပြီး "တံတားအူလမ်းကြောင်း ရှာခြင်းနှင့် မြေတိုင်းခြင်း၊ အင်ဂျင်နီယာ အကြိုလုပ်ငန်းတွေကို ဧပြီ ၂၈ ရက်က စတင်လုပ်ဆောင်နေပါပြီ။ တံတားအရှည်ကို ပေ ၆၀၀ (သို့မဟုတ်) ပေ ၅၄၀ တည်ဆောက်သွားမှာဖြစ်ပြီး အထက်က အတည်ပြုပေးတဲ့ပုံစံနဲ့ကျွန်တော်တို့ တည်ဆောက်သွားမှာပါ။ ဒီတံတားသစ်တည်ဆောက်စဉ်ကာလ အတွင်းဒေသခံပြည်သူတွေနဲ့ တည်ဆောက်ရေးလုပ်ငန်းတွေအဆင်ပြေစေဖို့အတွက် အခုလက်ရှိ အသုံးပြုနေတဲ့ သစ်သားတံတားကို ရေလမ်းကင်းလွတ်နယ်မြေမြှင့်ပြီး ဆက်လက်အသုံးပြုသွားမှာပါ။ တည်ဆောက်ရေးလုပ်ငန်းတွေကို မေလနောက်ဆုံးပတ်လောက်ဆိုရင်တော့ စနိုင်လောက်မယ် ထင်ပါတယ်။ အခုမြစ်ကူးတံတား တည်ဆောက်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးရန်ပုံငွေမှကျပ်သိန်းပေါင်း ၁၂၀၀၀ ကျော်ဖြင့် ၂၀၁၅ ခုနှစ်အတွင်း အပြီးတည်ဆောက်သွားမှာပါ" ဟု အဆိုပါတံတားအသစ်ကို တာဝန်ယူတည်ဆောက်မည့် စစ်ကိုင်းတိုင်းဒေသကြီး တံတားအထူးအဖွဲ့ (၁)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ မူးမြစ်ကူးတံတား တည်ဆောက်မည့်နေရာတွင် ယခင်က နှစ်စဉ်နွေရာသီတွင် ယာယီသစ်သား တံတား တည်ဆောက်ကာ အသုံးပြုလျက်ရှိပြီး မိုးရာသီ မူးမြစ်ရေတက်ချိန်တွင်လှေများ ၊ ဖောင်များဖြင့်ကုန်စည်စီးဆင်းမှု၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍတို့အတွက် ခက်ခဲစွာ ဖြတ်ကူးသွားလာခဲ့ရသဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်ညွှန်ကြားမှု၊ ဒေသခံ ပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့်ရာသီမရွေး သွားလာနိုင်သည့်မြစ်ကူးတံတားတစ်စင်းကို စတင်တည်ဆောက်ရန် ဆောင်ရွက်နေခြင်းဖြစ်သည်။

မူးမြစ်ကူးတံတား တည်ဆောက်ပေးမှုနှင့်ပတ်သက်ပြီး "ကျွန်တော်တို့ဒေသမှာက ယာယီတံတား ဆောက်တာနဲ့ ပြန်ဖျက်တာနဲ့တင်ငွေကျပ် သိန်း ၅၀လောက်ကနှစ်စဉ် ကုန်ကျနေရတယ်။ အခုမြစ်ကူးတံတားက အရာတော်မြို့နယ်နဲ့ ဝက်လက် မြို့နယ်သာမက မြင်းမူမြို့နယ်နဲ့ စစ်ကိုင်းမြို့နယ်တွေအထိ ဆက်သွယ်သွားလာနိုင်တဲ့အတွက် ကျေးရွာအတွက် အများကြီးအကျိုးရှိပါတယ်" ဟု သလဲဘာကျေးရွာ ဒေသခံတစ်ဦးကပြောသည်။

ယခုတည်ဆောက်မည့် သလဲဘာ-ကျောက်ကုန်း မူးမြစ်ကူးတံတားသစ်တည်ဆောက်ပြီးစီးသွားပါက အရာတော်၊ ဝက်လက်၊ မြင်းမူမြို့နယ်နှင့်စစ်ကိုင်းမြို့နယ်တို့မှ ကျေးရွာများရှိ ဒေသခံပြည်သူများ၏ ကုန်စည်စီးဆင်းမှု၊ စိုက်ပျိုးရေး၊ ကျန်းမာရေး၊ ပညာရေးနှင့်လူမှုရေးကဏ္ဍများမြန်ဆန်လာမည်ဖြစ်ကြောင်း သိရသည်။

ဖိုးချမ်း(မုံရွာ)

လူငယ်တိုက်စစ်မှူး မာကီယဲလ်ရဲ့ အလားအလာ

ဥရောပတစ်ခွင်မှာ လိဂ်ပွဲစဉ်တွေပြီးဆုံးခါနီး ရောက်လာခဲ့ချိန်မှာ နွေရာသီအပြောင်းအရွှေ့က လှုပ်ခတ်လာပြီဖြစ်ပါတယ်။ လူငယ်ကြယ်ပွင့်တွေကို မျက်စိကျလာတဲ့ ထိပ်တန်းကလပ်တွေက စိတ်ဝင်စားမှုနဲ့ စောင့်ကြည့်နေတဲ့ ကစားသမားတစ်ဦးကတော့ လက်ရှိမိုနာကိုကလပ်မှာ ခြေစွမ်းပြနေတဲ့ ပြင်သစ်လူငယ်ကစားသမား မာကီယဲလ် ဖြစ်ပါတယ်။

ပြင်သစ်နိုင်ငံ မာဆေးမြို့ ဇာတိသားဖြစ်တဲ့ မာကီယဲလ်ဟာ တိုက်စစ်ထူးချွန်တဲ့ လူငယ်ကစားသမားဖြစ်ပြီး ဂိုးသွင်းထက်မြက်သူလည်းဖြစ်ပါတယ်။ အသက် ၁၉ နှစ်သာရှိသေးပေမယ့် ဒီနှစ်ဘောလုံးရာသီမှာ မိုနာကိုအသင်းအတွက် ရှစ်ဂိုးသွင်းယူပေးနိုင်ပြီး အားထားရတဲ့ တိုက်စစ်မှူးတစ်ဦးအဖြစ် ရပ်တည်နေသူလည်း ဖြစ်ပါတယ်။

ဘောလုံးအထိန်းအသိမ်းကောင်းမွန်ပြီး လျင်မြန်တဲ့ ထိုးဖောက်မှုတွေနဲ့ အမှတ်မထင်ကန်သွင်းချက်တွေက သေချာတိကျတဲ့အတွက် မိုနာကိုအသင်းရဲ့ အဓိကတိုက်စစ်မှူးအဖြစ် တဖြည်းဖြည်းနေရာရရှိလာသူဖြစ်ပါတယ်။ တိုက်စစ်အပြင် ကွင်းလယ်အထိ လိုက်ပါကစားနိုင်သူဖြစ်တာမို့ အသင်းအတွက် အားကိုးရသူတစ်ဦးပါပဲ။

အန်သိုနီမာကီယဲလ်ဟာ အသက် ၁၀ နှစ်အရွယ်ကတည်းက လိုင်ယွန်အကယ်ဒမီအသင်းမှာ ခြေစွမ်းပြနေပြီဖြစ်ပါတယ်။ ဒီလို ငယ်ငယ်ရွယ်ရွယ်နဲ့ ခြေစွမ်းပြနိုင်တာကြောင့် အသက် ၁၇ နှစ်အရွယ်မှာ လိုင်ယွန်အသင်းကြီးမှာ ပါဝင်ကစားခွင့် ရရှိခဲ့သူဖြစ်ပါတယ်။ လိုင်ယွန်အသင်းမှာ ခြေစွမ်းပြနေတဲ့ကစားဖော်တွေနဲ့အတူ လိုင်ယွန်အသင်း အောင်ပွဲတွေရအောင် စွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်ပါတယ်။

လိုင်ယွန်အသင်းကြီးမှာ ပြိုင်ဘက်ကစားသမားတွေကို ကျော်ဖြတ်ပြီး ပထမပွဲထွက်ကစားခွင့်ရဖို့ဆိုတာ တော်ရုံကြိုးစားလို့မရတာမို့ စိတ်ဓာတ်ယိမ်းယိုင်ခဲ့ပေမယ့် မဆုတ်မနစ်ကြိုးစားမှုကြောင့် လိုင်ယွန်အသင်းမှာ အားထားရတဲ့ တိုက်စစ်မှူးတစ်ဦးအဖြစ် ရောက်ရှိလာတာ ဖြစ်ပါတယ်။

မာကီယဲလ်ဟာ ပြင်သစ်ယူ-၁၉ အသင်းနဲ့အတူ ၂၀၁၃ ဥရောပယူ-၁၉ ပြိုင်ပွဲမှာ ဒုတိယဆုရရှိခဲ့ပြီး အဲဒီ ၂၀၁၃ ခုနှစ်မှာ လိုင်ယွန်ကနေပြောင်းရွှေ့ကြေးပေါင် ငါးသန်းနဲ့ မိုနာကိုအသင်းကို ရောက်ရှိလာတာ ဖြစ်ပါတယ်။ ဖယ်လ်ကာအိုအနေနဲ့ အသင်းကထွက်ခွာသွားလို့ မိုနာကိုမှာတော့ အခုဆိုရင် မာကီယဲလ်က အဓိကတိုက်စစ်မှူးဖြစ်နေတာပါ။

အသက် ၁၉ နှစ်သာရှိသေးတဲ့ အဲဒီပြင်သစ်လူငယ်ကို အင်္ဂလန်ပရီမီယာလိဂ် ထိပ်တန်းအသင်းတွေကလည်း ခေါ်ယူနိုင်ဖို့ အပြိုင်ကြိုးစားနေကြတာမို့ လာမယ့်နွေရာသီအပြောင်းအရွှေ့ကာလမှာ ဘယ်အသင်းကို ရောက်ရှိသွားမယ်ဆိုတာ စိတ်ဝင်စားစရာဖြစ်နေပါတယ်။

မိုနာကိုအသင်းနည်းပြ ဂျာဒင်းကတော့ တိုက်စစ်အတွက် ဒီလိုလူငယ်ကစားသမားတစ်ဦးကို ကျွန်တော်တို့အသင်းမှာ ရေရှည်ရှိနိုင်အောင် ကြိုးစားသွားမှာဖြစ်ပါတယ်။ လာမယ့် ဘောလုံးရာသီမှာတော့ သူ့ရဲ့ ခြေစွမ်းက ပိုမိုထက်မြက်လာဖို့ရှိပါတယ်လို့ ပြောကြားနေပါတယ်။

ဒါကြောင့် မိုနာကိုအသင်းမှာ မာကီယဲလ် ဆက်လက် ကစားဖို့ရှိနေပြီး မာကီယဲလ်ကိုယ်တိုင်ကလည်း မိုနာကို အသင်းမှာ ကစားရတာ ပျော်ရွှင်နေပါတယ်လို့ ဆိုနေတာမို့ လာမယ့်နွေရာသီအပြောင်းအရွှေ့ကာလမှာ မိုနာကိုမှာပဲ ဆက်ရှိနေမလား စောင့်ကြည့်ရမှာဖြစ်ပါတယ်။ ။

မိုးမြင့်လင်းလက်

“အသက် ၁၉ နှစ်သာရှိသေးပေမယ့် ဒီနှစ်ဘောလုံးရာသီမှာ မိုနာကိုအသင်းအတွက် ရှစ်ဂိုးသွင်းယူပေးနိုင်ပြီး အားထားရတဲ့ တိုက်စစ်မှူးတစ်ဦးအဖြစ် ရပ်တည်နေသူလည်းဖြစ်ပါတယ်”

တန်းဆင်းဇုန်အတွင်းမှ လွတ်မြောက်သွားဖွယ်ရှိနေတဲ့ ဆန်းဒါးလန်း

ဒီနှစ် ပရီမီယာလိဂ်အဆုံးသတ်ချိန်မှာတော့ ဆန်းဒါးလန်းအသင်းဟာ ရုန်းကန်ကြိုးစားရင်း တန်းဆင်းဇုန်အတွင်းမှ လွတ်မြောက်သွားဖွယ်ရှိနေပါတယ်။ ဆောက်သမ်တန်လို မာကျောတဲ့အသင်းကိုတောင်မှ နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ကစားသွားနိုင်တာကို ကြည့်ခြင်းအားဖြင့် ရာသီအကုန်မှာ တန်းဆင်းဇုန်အတွင်းမှ လွတ်မြောက်သွားနိုင်ပါတယ်။ လက်ကျန်ပွဲတွေမှာ ရှုံးပွဲမရှိဘူးဆိုရင် ဆန်းဒါးလန်းအသင်းဟာ မမျှော်လင့်ဘဲ တန်းဆင်းဇုန်အတွင်းမှ လွတ်မြောက်သွားနိုင်ပါတယ်။ ဆန်းဒါးလန်းအသင်းဟာ အောက်ဆုံးသုံးသင်းအနက် ထိပ်ဆုံးမှာရှိနေပါတယ်။

ဆန်းဒါးလန်းအထက်မှာ လက်စတာနဲ့ နယူးကာဆယ်တို့က အမှတ်မတိမ်းမယိမ်းဖြစ်နေပါတယ်။ ဒီအသင်းတွေဟာ လာမယ့် လက်ကျန်ပွဲစဉ်တွေမှာ ပြိုင်ဘက်တွေကို အနိုင်နဲ့သရေတွက်ပြီးကစားမယ့် အသင်းတွေပါ။ ပရီမီယာလိဂ်မှာ ထိပ်ပိုင်းအသင်းတွေရဲ့ အခြေအနေကို စိတ်ဝင်စားမှုနည်းသွားပေမယ့် အောက်ဆုံးတန်းဆင်းပြိုင်ပွဲအသင်းတွေရဲ့ ရုန်းကန်မှုကတော့ စိတ်ဝင်စားဖွယ်ရှိနေပါသေးတယ်။ အောက်ဆုံးနှစ်သင်းဖြစ်တဲ့ ကျူပီအာနဲ့ ဘန်လေကတော့ တန်းဆင်းဖို့ သေချာနေတဲ့အသင်းတွေလို့ ပြောလို့ရပေမယ့် ဆန်းဒါးလန်းကိုတော့ မပြောနိုင်သေးပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဆန်းဒါးလန်းအထက်မှာရှိတဲ့ အသင်းတွေဖြစ်တဲ့ လက်စတာနဲ့ နယူးကာဆယ်တို့ရဲ့ အမှတ်တွေနဲ့ သိပ်ကွာတဲ့အနေအထားမဟုတ်ပါဘူး။ ဒီအတွက် ဆန်းဒါးလန်းအသင်းဟာ တန်းဆင်းဇုန်အတွင်းမှ လွတ်မြောက် သွားနိုင်လိမ့်မယ်လို့ဘောလုံးကျွမ်းကျင်သူတွေက မျှော်လင့်ထားကြပါတယ်။

ပုံမှန်ခြေစွမ်းပြဖို့ ရုန်းကန်နေရတဲ့ ဝီရှရီ

အာဆင်နယ်ကွင်းလယ်ကစားသမား ဂျက်ဝီရှရီအနေနဲ့ အသင်းနဲ့အတူ ပုံမှန်ခြေစွမ်းပြကစားနိုင်ဖို့ ရုန်းကန်ကြိုးစားနေရပါတယ်။ နည်းပြ အာစင်ဝင်းဂါးကတော့ ဝီရှရီအကောင်းဆုံးပုံစံကစားနိုင်ဖို့ တစ်နှစ်၊ နှစ်နှစ်ကြာလိမ့်မယ်လို့ ပြောဆိုလိုက်ပါတယ်။ အသက် ၂၃ နှစ်အရွယ်ရှိတဲ့ ဝီရှရီဟာ ခြေမျက်စိဒဏ်ရာမှ ပြန်လည်သက်သာလာပြီး ကစားခွင့်ရခဲ့သော်လည်း အရန်လူအဖြစ်သာ ရှိနေပါတယ်။ ချယ်လ်ဆီးနဲ့ကစားခဲ့တဲ့ပွဲမှာ အရန်လူအဖြစ်နဲ့ ပါဝင်ကစားခဲ့ပါတယ်။ လွန်ခဲ့တဲ့ငါးလက အနားယူနေရာမှ ပထမဆုံး ပြန်လည်ကစားနိုင်ခဲ့ခြင်းဖြစ်ပါတယ်။ သူဟာ ဒဏ်ရာကြောင့် တစ်နှစ်၊ နှစ်နှစ်လောက်နေမှ ပြန်လည်ယုံကြည်မှုရလာပြီး အကောင်းဆုံးပုံစံနဲ့ ကစားနိုင်လိမ့်မယ်လို့ နည်းပြအာစင်ဝင်းဂါးက ဆိုပါတယ်။

ဝီရှရီဟာ ၂၀၀၈ ခုနှစ်က အာဆင်နယ်အသင်းရဲ့ အသက်အငယ်ဆုံးကစားသမားအဖြစ် ပါဝင်ကစားခဲ့ပါတယ်။ အဲဒီတုန်းက သူ့ရဲ့ အသက်က ၁၆ နှစ်သာရှိပါတယ်။ သို့ပေမယ့် ပြီးခဲ့တဲ့ နိုဝင်ဘာလကတည်းက ဒဏ်ရာတွေ ဆက်တိုက်ရခဲ့တဲ့အတွက် ပြိုင်ပွဲတွေနဲ့လွဲချော်ခဲ့ရပါတယ်။ ယခုအခါ အသင်းနဲ့အတူ ပြန်လည်ကစားနိုင်ပြီဖြစ်ပေမယ့် ထပ်ပြီး ဒဏ်ရာရမှုတွေမရှိမှ အကောင်းဆုံးပုံစံနဲ့ ကစားနိုင်မှာဖြစ်ပါတယ်။

လေးနှစ်ဆက်တိုက် စီးရီးအေချန်ပီယံဖြစ်သွားတဲ့ ဂျူဗင်တပ်စ်

ဂျူဗင်တပ်စ်ကတော့ လေးနှစ်ဆက်တိုက်စီးရီးအေချန်ပီယံဖြစ်သွားခဲ့ပါပြီ။ ဆမ်ဒိုးရီးယားအိမ်ကွင်းမှာ ဗီဒယ်ရဲ့ တစ်လုံးတည်းသော ခေါင်းတိုက်ဂိုးနဲ့ အနိုင်ရသွားပြီးတဲ့နောက် ဂျူဗင်တပ်စ်တို့ လေးနှစ်ဆက်တိုက် ချန်ပီယံဖြစ်ခဲ့ပါတယ်။ ချီလီကွင်းလယ်ကစားသမားဗီဒယ်ဟာနည်းပြအယ်လီဂရီလက်ထက်မှ ခြေစွမ်းပြကစားနိုင်ခဲ့တဲ့ ကစားသမားဖြစ်ပါတယ်။ အသက် ၄၇ နှစ်အရွယ်ရှိတဲ့ အယ်လီဂရီကို ကွန်တီထွက်ခွာပြီးနောက် နည်းပြအဖြစ် ပြီးခဲ့တဲ့ နွေရာသီက ရွေးချယ်ခဲ့ပါတယ်။ ကွန်တီဟာ လက်ရှိအခြေအနေမှာ အီတလီ လက်ရွေးစင်အသင်းရဲ့ နည်းပြတာဝန်ထမ်းဆောင်နေပါတယ်။ သူ့အနေနဲ့ အနာဂတ် ဂျူဗင်တပ်စ်ဖလားဆွတ်ခူးဖို့ အခက်အခဲများစွာ ရှိလာနိုင်တဲ့အတွက် ထွက်ခွာခဲ့တယ်လို့ ဆိုပါတယ်။ သို့သော်လည်း အယ်လီဂရီဟာ ဂျူဗင်တပ်စ်မှာ ရုန်းကန်ကြိုးစားခြင်းမပြုရဘဲ ဖလားရယူပေးနိုင်ခဲ့ပါတယ်။

ဂျူဗင်တပ်စ်အသင်းဟာ လက်ကျန်ပွဲ လေးပွဲကစားဖို့အလိုမှာ ဒုတိယနေရာက လာဇီယိုကို အမှတ်အသာနဲ့ ဖလားဆွတ်ခူးနိုင်ခဲ့တာဖြစ်ပါတယ်။ အယ်လီဂရီ ဟာ ၂၀၁၀-၂၀၁၁ ရာသီက မီလန်အသင်းနဲ့အတူ ပထမဆုံးသော စီးရီးအေဖလား ဆွတ်ခူးနိုင်ခဲ့ပါတယ်။ ဂျူဗင်တပ်စ်အသင်းအနေနဲ့ ချန်ပီယံလိဂ်ဆီမီးဖိုင်နယ် ပထမအကျော့အဖြစ် အင်္ဂါနေ့မှာ လက်ရှိချန်ပီယံ ရီးရဲမက်ဒရစ်နဲ့ ကစားရမှာဖြစ်ပါတယ်။ လာဇီယိုအသင်းနဲ့ အီတလီဖလား ဗိုလ်လုပွဲကစားဖို့လည်း ရှိပါတယ်။

➤ ကောင်းမြတ်သူ - စုစည်းသည်။ ➤

ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ လူမှုစီးပွားမြှင့်တင်ရေး၊ ဆင်းရဲမှုလျှော့ချရေးနှင့် သမဝါယမ

အမှတ်စဉ်(၈)

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးအခမ်းနားသို့ ဒုတိယသမ္မတ တက်ရောက်အားပေးစဉ်

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုလယ်ယာအဆင့်သို့ ကူးပြောင်းရေးသည် အဓိကဖြစ်ရာ သမဝါယမဝန်ကြီးဌာနမှ ပြည်ပချေးငွေမပါ၊ သမဝါယမအသင်းများပိုင်ငွေကြေးနှင့် အသင်းပိုင်ပစ္စည်းများကို အပေါင်ထားကာ ဘဏ်ချေးငွေရယူ၍ (၃၁-၃-၂၀၁၅) နေ့အထိ လယ်ယာသုံး၊ လုပ်ငန်းသုံးစက်ကိရိယာအရစ်ကျ ငွေချေစနစ်ဖြင့် ရောင်းချပေးနိုင်မှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်သည်-

စဉ်	တိုင်းဒေသကြီး/ပြည်နယ်	မြို့နယ်	အသင်း	အသင်းသား	လယ်ယာသုံးစက်ကိရိယာ		လုပ်ငန်းသုံးစက်ကိရိယာ		ရေလုပ်ငန်းသုံးပစ္စည်းများ		စုစုပေါင်း	
					စီးရေ	တန်ဖိုး (ကျပ်သန်း)	စီးရေ	တန်ဖိုး (ကျပ်သန်း)	စီးရေ	တန်ဖိုး (ကျပ်သန်း)	စီးရေ	တန်ဖိုး (ကျပ်သန်း)
၁	နေပြည်တော်	၈	၇၃	၄၅၂	၉၂	၂၄၀.၉၁၆	၃၆၀	၃၅၅.၀၁၅	-	-	၄၅၂	၅၉၅.၉၃၁
၂	ကချင်	၁	၄	၁၅	၁၅	၁၀၇.၉၈၂	-	-	-	-	၁၅	၁၀၇.၉၈၂
၃	စစ်ကိုင်း	၃၂	၂၀၅	၁၁၁၂	၃၆၂	၁၂၅၀.၄၆၃	၇၅၀	၂၈၆.၈၇၅	-	-	၁၁၁၂	၁၅၃၇.၃၃၈
၄	တနင်္သာရီ	၄	၁၂	၁၂၂	၇၃	၄၂.၄၀၈	၄၉	၈.၂၂၀	-	-	၁၂၂	၅၀.၆၂၈
၅	ပဲခူး	၂၈	၃၃၅	၈၅၈	၆၂၃	၁၅၄၉.၂၅၀	၂၃၅	၁၆၆.၂၂၀	-	-	၈၅၈	၁၇၁၅.၄၇၀
၆	မကွေး	၂၄	၁၆၉	၄၃၂	၂၇၀	၉၆၀.၅၉၇	၁၇၇	၉၇.၃၆၂	-	-	၄၄၇	၁၀၅၇.၉၅၉
၇	မန္တလေး	၁၆	၁၀၈	၁၉၉	၁၉၆	၈၇၈.၉၀၅	၁၀	၂၂.၂၀၀	-	-	၂၀၆	၉၀၁.၁၀၅
၈	မွန်	၉	၃၂	၃၅၇	၁၆	၁၀.၂၁၄	၃၄၂	၄၆.၃၀၇	၂	၀.၇၉၀	၃၆၀	၅၇.၃၁၁
၉	ရခိုင်	၁	၁	၅၃	-	-	၅၃	၃၅၁.၂၀၀	-	-	၅၃	၃၅၁.၂၀၀
၁၀	ရန်ကုန်	၃၈	၃၁၈	၃၇၉၈	၈၄၀	၁၃၄၉.၆၄၇	၂၉၇၉	၁၅၄၂.၆၆၅	-	-	၃၈၁၉	၂၈၉၂.၃၁၂
၁၁	ရှမ်း	၂၅	၃၂၈	၁၄၆၄	၁၁၀၀	၂၂၄၁.၆၈၀	၃၆၆	၁၉၁.၆၆၀	-	-	၁၄၆၆	၂၄၃၃.၃၄၀
၁၂	ဧရာဝတီ	၂၆	၅၆၆	၂၉၃၆	၁၆၈၅	၁၃၂၀.၀၅၀	၇၆၃	၁၉၆.၃၂၀	၅၁၉၉	၁၆၄.၆၄၅	၇၆၄၇	၁၆၈၁.၀၁၅
	စုစုပေါင်း	၂၀၂	၂၁၅၁	၁၁၇၉၈	၅၂၇၂	၉၉၅၂.၁၁၂	၆၀၈၄	၃၂၆၄.၀၄၄	၅၂၀၁	၁၆၅.၄၃၅	၁၆၅၅၇	၁၃၃၈၁.၅၉၁

အရစ်ကျငွေချေစနစ် (Hire Purchase) ဖြင့် ရောင်းချပေးမှုကြောင့် စက်ငှားသုံးဘဝမှ စက်ပိုင်ဘဝသို့ ရောက်ရှိမှု (Result)

အရစ်ကျငွေချေစနစ်ဖြင့်(၁၆၅၅၇)စီးရောင်းချပေးခဲ့သည့်အနက် အောက်ပါ (၁၉၃၄)စီးမှာ ငွေအကျေ ပေးသွင်းပြီး၍ ကိုယ်ပိုင်ရရှိပြီးဖြစ်သည် -

စဉ်		စက်ကိရိယာ	အသင်းသား	အရေအတွက်	တန်ဖိုး(ကျပ်သန်း)
၁		လယ်ယာသုံးစက်ကိရိယာ	၂၀၃	၂၀၃	၂၄၆.၈၃၈
	၁	လက်တွန်းထွန်စက်	၆၄	၆၄	၁၁၅.၁၅၄
	၂	ထွန်စက်	၄	၄	၃၅.၁၆၀
	၃	အင်ဂျင်	၃၄	၃၄	၁၂.၈၂၂
	၄	ရေစုပ်စက်	၇၈	၇၈	၂၄.၇၅၇
	၅	ထော်လာဂျီ	၉	၉	၃၈.၇၉၀
	၆	မြက်ဖြတ်စက်	၂	၂	၀.၁၃၀
	၇	နောက်တွဲယာဉ်	၃	၃	၂.၉၁၀
	၈	ထယ်/ထွန်	၁၄	၁၄	၁၄.၁၉၅
	၉	အခြား	၅	၅	၂.၉၂၀
၂		လုပ်ငန်းသုံးစက်ကိရိယာ	၁၇၁၉	၁၇၁၉	၃၀၄.၅၈၈
	၁	သုံးဘီးဆိုင်ကယ်	၁၁	၁၁	၂၄.၃၅၀
	၂	ဆိုင်ကယ်	၂၃၆	၂၃၆	၁၄၇.၁၄၁
	၃	အပ်ချုပ်စက်	၁၄၅၂	၁၄၅၂	၁၃၀.၀၉၇
	၄	ဆိုက်ကား	၂၀	၂၀	၃.၀၀၀
၃		ရေလုပ်ငန်းသုံးပစ္စည်း	၂	၂	၀.၇၉၀
	၁	အင်ဂျင်	၂	၂	၀.၇၉၀
		စုစုပေါင်း	၁၉၃၄	၁၉၃၄	၅၅၂.၂၁၆

Daedong လယ်ယာသုံး စက်ကိရိယာများ ရောင်းချသည့်စနစ်

လယ်ယာကဏ္ဍ အထောက်အကူဖြစ်စေရန်အတွက် ကိုးရီးယားနိုင်ငံချေးငွေဖြင့်တင်သွင်းထားသည့် Daedong လယ်ယာသုံး စက်ကိရိယာများကို အောက်ပါစနစ်အတိုင်းရောင်းချပေးလျက်ရှိသည်-

- စက်ပစ္စည်းများ စတင်ဝယ်ယူသည့်အချိန်တွင် လက်ငင်းပေးရမည့် ငွေ (Down Payment) အဖြစ် စက်တန်ဖိုး၏ (၁၀%) ကိုပေးသွင်းရမည်။
- (၁)နှစ်ပြည့်ပါက စက်ပစ္စည်းတန်ဖိုး (၅%)နှင့် ကနဦးပေးသွင်းခဲ့သည့် Down Payment (၁၀%) မပါဝင်ဘဲ ကျန်ရှိသည့် စက်ပစ္စည်းတန်ဖိုး၏ (၉၀%) အပေါ်တွင် ကျသင့်အတိုး (၂%) နှင့် အသင်းအဆင့်ဆင့် စီမံခန့်ခွဲမှုစရိတ် (၈%)၊ စုစုပေါင်း (၁၀%)ကို ပေးသွင်းရမည်။
- ၂၀၁၅ ခုနှစ်၊ မေလနောက်ပိုင်းတွင် ဝယ်ယူသည့်အသင်းသားတောင်သူများသည် Down Payment (၁၀%) ပေးသွင်းပြီး တစ်နှစ်ပြည့်ပါက စက်ပစ္စည်းတန်ဖိုး (၁၀၀%) အပေါ်တွင်ကျသင့် အတိုး (၂%) နှင့် အသင်းအဆင့်ဆင့် စီမံခန့်ခွဲမှုစရိတ် (၈%)၊ စုစုပေါင်း (၁၀%) ပေးသွင်းရမည်။
- လက်တွန်းထွန်စက် DT 100N အား (၅)နှစ်အတွင်း အရစ်ကျစနစ်ဖြင့်ရောင်းချပေးမည်။
- မြင်းကောင်ရေ (၅၀)အားအောက် CK 2810၊ DS 3510၊ DS 4110၊ DS 4510 နှင့် EX 50 တို့အား (၆)နှစ်အတွင်း အရစ်ကျစနစ်ဖြင့် ရောင်းချပေးမည်။
- မြင်းကောင်ရေ (၅၀)အားအထက် RX 6020၊ PX 9020၊ DSC 62 နှင့် DSM 72G တို့အား (၇)နှစ်အတွင်း အရစ်ကျစနစ်ဖြင့် ရောင်းချပေးမည်။
- (၅)နှစ်အရစ်ကျဝယ်ယူသူသည် ဆိုင်းငံ့ကာလ (၁)နှစ်ပြီးပါက (၆) လလျှင်တစ်ကြိမ်ဖြင့် (၈)ကြိမ် အရစ်ကျ ပေးသွင်းရမည်။
- (၆)နှစ်အရစ်ကျဝယ်ယူသူသည် ဆိုင်းငံ့ကာလ (၁)နှစ်ပြီးပါက (၆) လလျှင်တစ်ကြိမ်ဖြင့် (၁၀)ကြိမ် အရစ်ကျပေးသွင်းရမည်။
- (၇)နှစ်အရစ်ကျဝယ်ယူသူသည် ဆိုင်းငံ့ကာလ (၁)နှစ်ပြီးပါက (၆) လလျှင်တစ်ကြိမ်ဖြင့် (၁၂)ကြိမ် အရစ်ကျပေးသွင်းရမည်။

မှတ်ချက်။ (၁) အသင်းသားတောင်သူများ၏ဆန္ဒအရ သတ်မှတ်ထားသည့်ကာလထက်စော၍ ငွေပေးချေလိုပါကလည်း ပေးချေသည့်ကာလထိသာ ကျသင့်သည့်အတိုးနှင့် စက်ပစ္စည်းတန်ဖိုးကို တစ်ပါတည်းပေးသွင်းဆောင်ရွက်နိုင်သည်။
(၂) လက်ငင်းငွေချေဝယ်ယူပါက ဝယ်ယူမည့်စက်ပစ္စည်းတန်ဖိုး၏ (၁၀%) ထည့်ပေါင်း၍ ဈေးနှုန်းသတ်မှတ်ရောင်းချ ပါမည်။
(၃) စက်ပစ္စည်းရောင်းဈေးနှုန်းအား CIF တန်ဖိုးအပေါ်တွင် စက်ပစ္စည်းရောက်ရှိသည့်နေ့ (၃၁-၁၂-၂၀၁၄)ရက်နေ့ရှိ ဒေါ်လာပေါက်ဈေး (၁၀၄၀)ကျပ်ဖြင့် တွက်ချက်၍ အထွေထွေကုန်ကျစရိတ်ကို ထည့်ပေါင်းပြီး တိုင်းဒေသကြီး/ပြည်နယ်အလိုက် ကျသင့်သတ်မှတ်သည့်ဈေးနှုန်းအတိုင်းအသင်းသားတောင်သူများသို့ရောင်းချ ပေးလျက်ရှိပါသည်။

တိုင်းဒေသကြီး/ပြည်နယ်အလိုက် Daedong စက်ပစ္စည်းဈေးနှုန်းများ

(ကျပ်)

စဉ်	စက်ပစ္စည်း အမျိုးအစား	နေပြည်တော်	ကချင်	ကယား	ကရင်	ချင်း	စစ်ကိုင်း	တနင်္သာရီ	ပဲခူး	မကွေး	မန္တလေး	မွန်	ရခိုင်	ရန်ကုန်	ရှမ်း (တောင်)	ရှမ်း (မြောက်)	ဧရာဝတီ
၁	13 HP လက်တွန်းထွန်စက်	၃၈၄၆၁၃၃	၃၈၇၅၆၇၈	၃၈၄၈၄၅၁	၃၈၄၆၁၃၃	၃၈၇၅၆၇၈	၃၈၅၂၉၅၁	၃၈၅၂၉၅၁	၃၈၁၄၃၁၄	၃၈၅၀၆၇၈	၃၈၅၀၆၇၈	၃၈၄၆၁၃၃	၃၈၅၂၉၅၁	၃၈၁၄၃၁၄	၃၈၅၂၉၅၁	၃၈၅၂၉၅၁	၃၈၁၆၅၈၇
၂	28 HP Tractor	၁၂၀၁၄၆၉၂	၁၂၀၈၃၄၄၂	၁၂၀၅၂၁၉၂	၁၂၀၁၄၆၉၂	၁၂၀၈၃၄၄၂	၁၂၀၅၂၁၉၂	၁၂၀၄၉၀၆၇	၁၂၀၀၂၁၉၂	၁၂၀၄၉၀၆၇	၁၂၀၄၉၀၆၇	၁၂၀၁၄၆၉၂	၁၂၀၄၉၀၆၇	၁၁၉၇၀၉၄၂	၁၂၀၅၂၁၉၂	၁၂၀၅၂၁၉၂	၁၂၀၀၂၁၉၂
၃	35 HP Tractor	၁၄၃၈၂၀၇၅	၁၄၄၅၀၈၂၅	၁၄၄၅၇၀၇၅	၁၄၃၈၂၀၇၅	၁၄၄၅၀၈၂၅	၁၄၄၅၇၀၇၅	၁၄၄၅၀၈၂၅	၁၄၃၅၇၀၇၅	၁၄၄၅၀၈၂၅	၁၄၄၅၀၈၂၅	၁၄၃၈၂၀၇၅	၁၄၄၅၀၈၂၅	၁၄၂၉၄၅၇၅	၁၄၄၅၇၀၇၅	၁၄၄၅၇၀၇၅	၁၄၃၅၇၀၇၅
၄	41 HP Tractor	၁၆၁၂၉၅၄၂	၁၆၁၉၈၂၉၂	၁၆၂၀၄၅၄၂	၁၆၁၂၉၅၄၂	၁၆၁၉၈၂၉၂	၁၆၂၀၄၅၄၂	၁၆၁၉၈၂၉၂	၁၆၁၀၀၄၅၄၂	၁၆၁၉၈၂၉၂	၁၆၁၉၈၂၉၂	၁၆၁၂၉၅၄၂	၁၆၁၉၈၂၉၂	၁၆၀၄၂၀၄၂	၁၆၂၀၄၅၄၂	၁၆၂၀၄၅၄၂	၁၆၁၀၀၄၅၄၂
၅	45 HP Tractor	၁၇၀၈၇၄၆၀	၁၇၁၅၆၂၁၀	၁၇၁၆၂၄၆၀	၁၇၀၈၇၄၆၀	၁၇၁၅၆၂၁၀	၁၇၁၆၂၄၆၀	၁၇၁၅၆၂၁၀	၁၇၀၅၆၂၁၀	၁၇၁၅၆၂၁၀	၁၇၁၅၆၂၁၀	၁၇၀၈၇၄၆၀	၁၇၁၅၆၂၁၀	၁၆၉၉၉၉၆၀	၁၇၁၆၂၄၆၀	၁၇၁၆၂၄၆၀	၁၇၀၆၂၄၆၀
၆	50 HP Tractor	၁၉၃၇၉၆၂၂	၁၉၄၇၁၂၈၉	၁၉၄၇၉၆၂၂	၁၉၃၇၉၆၂၂	၁၉၄၇၁၂၈၉	၁၉၄၇၉၆၂၂	၁၉၄၇၉၆၂၂	၁၉၃၃၇၉၅၅	၁၉၄၇၁၂၈၉	၁၉၄၇၁၂၈၉	၁၉၃၇၉၆၂၂	၁၉၄၇၉၆၂၂	၁၉၂၆၂၉၅၅	၁၉၄၇၉၆၂၂	၁၉၄၇၉၆၂၂	၁၉၃၄၆၂၈၉
၇	60 HP Tractor	၂၄၁၇၀၂၅၆	၂၄၂၆၁၉၂၃	၂၄၂၇၀၂၅၆	၂၄၁၇၀၂၅၆	၂၄၂၆၁၉၂၃	၂၄၂၇၀၂၅၆	၂၄၂၇၀၂၅၆	၂၄၁၂၈၅၈၉	၂၄၂၆၁၉၂၃	၂၄၂၆၁၉၂၃	၂၄၁၇၀၂၅၆	၂၄၂၇၀၂၅၆	၂၄၀၅၃၅၈၉	၂၄၂၇၀၂၅၆	၂၄၂၇၀၂၅၆	၂၄၁၃၆၉၂၃
၈	90 HP Tractor	၃၃၆၉၇၁၄၄	၃၄၀၃၀၄၇၇	၃၄၀၄၇၁၄၄	၃၃၆၉၇၁၄၄	၃၄၀၃၀၄၇၇	၃၄၀၄၇၁၄၄	၃၄၀၃၀၄၇၇	၃၃၇၆၃၈၁၁	၃၄၀၃၀၄၇၇	၃၄၀၃၀၄၇၇	၃၃၆၉၇၁၄၄	၃၄၀၃၀၄၇၇	၃၃၆၁၃၈၁၁	၃၄၀၄၇၁၄၄	၃၄၀၄၇၁၄၄	၃၃၇၈၀၄၇၇
၉	62 HP ရိတ်သိမ်းခြွေလှေ့စက်	၂၇၀၂၆၆၈၇	၂၇၂၁၀၀၂၀	၂၇၂၂၆၆၈၇	၂၇၀၂၆၆၈၇	၂၇၂၁၀၀၂၀	၂၇၂၂၆၆၈၇	၂၇၂၁၀၀၂၀	၂၆၉၄၃၃၅၄	၂၇၂၁၀၀၂၀	၂၇၂၁၀၀၂၀	၂၇၀၂၆၆၈၇	၂၇၂၁၀၀၂၀	၂၆၇၉၃၃၅၄	၂၇၂၂၆၆၈၇	၂၇၂၂၆၆၈၇	၂၆၉၆၀၀၂၀
၁၀	72 HP ရိတ်သိမ်းခြွေလှေ့စက်	၃၁၇၀၄၃၇၉	၃၁၈၈၇၇၁၂	၃၁၉၀၄၃၇၉	၃၁၇၀၄၃၇၉	၃၁၈၈၇၇၁၂	၃၁၉၀၄၃၇၉	၃၁၈၈၇၇၁၂	၃၁၆၂၁၀၄၆	၃၁၈၈၇၇၁၂	၃၁၈၈၇၇၁၂	၃၁၇၀၄၃၇၉	၃၁၈၈၇၇၁၂	၃၁၄၇၁၀၄၆	၃၁၉၀၄၃၇၉	၃၁၉၀၄၃၇၉	၃၁၆၃၇၇၁၂

လယ်ယာသုံးစက်ကိရိယာများ ဝယ်ယူရာတွင် လိုက်နာရမည့် ‘ စံ ’ နှုန်း သတ်မှတ်ချက်များ

- Demand Form ဖြင့်ကိုယ်တိုင်ဆန္ဒပြုသည့် သမဝါယမအသင်း/ အသင်းသားဖြစ်ရမည်။ သက်ဆိုင်ရာဝိုင်းကြီးချုပ်အဖွဲ့နှင့် အသင်းကထောက်ခံသူဖြစ်ရမည်။
- သမဝါယမအသင်းစုချုပ်များမှ တာဝန်ယူ၍ စက်ပစ္စည်းတန်ဖိုးနှင့်ကာမိရန် ဒေသအလိုက် လယ်ယာမြေတန်ဖိုးအပေါ် လုံလောက်သောလယ်ဧကများကို အာမခံအဖြစ်ရယူရမည်။ (ဥပမာ - ဒေသအလိုက် လယ်ယာမြေတန်ဖိုး ကာလပေါက်စျေး အပေါ်မူတည်၍ လယ်ဧက (၂/၃) ဧက ရယူ၍လည်းကောင်း၊ တန်ဖိုးနည်းဒေသများတွင် (၅)ဧက အထက် ရယူ၍လည်းကောင်း စက်ပစ္စည်းတန်ဖိုးနှင့် ကာမိအောင်ဆောင်ရွက်ရမည်။)
- လယ်မြေဧကပိုင်ဆိုင်မှုနှင့် စက်ပစ္စည်းတန်ဖိုး မကာမိပါက အသင်းသားပိုင် အိမ်၊ ဝိုင်း၊ ခြံ၊ မြေ တို့ကိုလည်း အာမခံအဖြစ် ရယူဆောင်ရွက်နိုင်သည်။
- လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို ကြိုးစားလုပ်ကိုင်သူဖြစ်ပြီး ဝယ်ယူသည့်စက်ပစ္စည်းတန်ဖိုးကို အပြေအကျေ ပေးဆပ်နိုင်သူဖြစ်ရမည်။
- လယ်ယာပိုင်ဆိုင်သူမဟုတ်သော်လည်း အခြားလယ်ယာမြေများကို သီးစားလုပ်ကိုင်သူ၊ လုပ်ငန်းကြိုးစား လုပ်ကိုင်သူများကို သက်ဆိုင်ရာဝိုင်းကြီးချုပ်အဖွဲ့နှင့် အသင်းကထောက်ခံသူဖြစ်ပါက လက်တွန်းထွန်စက် အမျိုးအစားကိုသာ ရောင်းချပေးမည်။
- သမဝါယမအသင်းပိုင်၊ ကျေးရွာပိုင်အဖြစ် ဝယ်ယူလိုပါက အသင်းသားများအားလုံး၏ သဘောတူညီမှုဖြင့် ဝယ်ယူခွင့်ပြုမည်။ သက်ဆိုင်ရာ သမဝါယမအသင်းအမှုဆောင်အဖွဲ့၊ မြို့နယ်သမဝါယမအသင်းစုနှင့် အထောက်အကူပြုအဖွဲ့တို့က ငွေပေးချေမှုကို တာဝန်ယူရမည်။
- စက်ပစ္စည်းဝယ်ယူမည့် သမဝါယမအသင်း/အသင်းသားသည် မိမိလုပ်ငန်း အောင်မြင်အောင် ကြိုးစားလိုစိတ်ရှိပြီး နာမည်ပျက်မရှိသည့် သမဝါယမ အသင်း/အသင်းသားဖြစ်ရမည်။
- စက်ပစ္စည်းဝယ်ယူသူများ လိုက်နာရမည့်စည်းကမ်းနှင့် တာဝန်သတ်မှတ်ချက်ပါ အချက်များကိုလည်းကောင်း၊ စက်ပစ္စည်းဝယ်ယူခြင်း စာချုပ်ပါအချက်များကိုလည်ကောင်း လိုက်နာနိုင်သူဖြစ်ရမည်။
- ကုမ္ပဏီများမှ Hire Purchase စနစ်ဖြင့် ဝယ်ယူသောစက်ပစ္စည်း ကိရိယာများနှင့် Daedong လယ်ယာသုံးစက်ပစ္စည်းကိရိယာများအား (၂) မျိုးလုံးကို တစ်ဦးတည်းက ပြိုင်တူဝယ်ယူခြင်းခွင့်မပြုရန်။

ပြန်လည်ပေးဆပ်ခြင်း

Daedong Industrial Co.,Ltd မှ ကြိုတင်ငွေအဖြစ်ချေးယူသည့် အမေရိကန်ဒေါ်လာ (၁၅) သန်းအား ၂၀၁၆ခုနှစ်၊ ဇန်နဝါရီလ (၂) ရက်နေ့တွင် ကျသင့်သည့် အတိုးနှင့်အရင်းအား တစ်လုံးတည်း ပြန်လည်ပေးချေရမည်။ Shinhan Bank မှ ချေးယူသည့် အမေရိကန်ဒေါ်လာ (၈၅) သန်းအား ချေးငွေစတင် ထုတ်ယူသည့်နေ့မှ တစ်နှစ်ပြည့်သည့်အချိန်တွင် အရင်း၏ (၂)% နှင့်ကျသင့်သည့်အတိုးကိုလည်းကောင်း၊ ကျန်ချေးငွေကို (၆)လတစ်ကြိမ် အရင်း (၁၂) ပုံ (၁)ပုံနှင့် ကျသင့်သည့်အတိုးကို (၁၂) ကြိမ် ပေးချေရမည်ဖြစ်ပြီး သမဝါယမအသင်းအဆင့်ဆင့်မှ အောက်ပါအချိန် ကာလများအတိုင်း ပြန်လည်၍ မပျက်မကွက် ပေးဆပ်ရပါမည်-

- ချေးငွေများပြန်လည်ပေးဆပ်ရာတွင် သမဝါယမအသင်းသားတောင်သူများမှ အခြေခံသမဝါယမအသင်းများသို့လည်းကောင်း၊ အခြေခံသမဝါယမ အသင်းများမှ မြို့နယ်သမဝါယမအသင်းစုများသို့လည်းကောင်း၊ ဆက်လက်၍ သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်သမဝါယမအသင်းစုချုပ်များမှ ဗဟိုသမဝါယမအသင်းသို့လည်းကောင်း သတ်မှတ်ထားသည့်နေ့ရက်များအတိုင်း အတိုး ၊ အရင်းများ အပြေအကျေပြန်လည်ပေးဆပ်ရမည်။
- ဗဟိုသမဝါယမအသင်းမှ ငွေထုတ်ချေးငွေနှင့် အတိုးများအား ပြန်လည်ပေးဆပ်ခြင်းကို သမဝါယမဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာန၏ မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်၊ MD-010691 သို့ တစ်နှစ်ပြည့်သည့်အချိန်တွင် အထက်ပါအတိုင်း ပေးသွင်းရမည်ဖြစ်ပြီး ကျန်ချေးငွေများကို (၆) လတစ်ကြိမ် အရင်း၊အတိုး အချိုးကျ (၁၂)ကြိမ်ကို မပျက်မကွက် သတ်မှတ်ရက်များအတိုင်း ပေးဆပ်ရမည်၊
- အခြေခံသမဝါယမအသင်းများမှ မြို့နယ်သမဝါယမအသင်းစုများသို့ သတ်မှတ်ကာလအတွင်း ချေးငွေအရင်းနှင့် အတိုးများ ပြန်လည်ပေးဆပ်ရမည်။
- မြို့နယ်သမဝါယမအသင်းစုများမှ တိုင်းဒေသကြီး/ ပြည်နယ်သမဝါယမအသင်းစုချုပ်များသို့ သတ်မှတ်ကာလအတွင်း ချေးငွေအရင်းနှင့် အတိုးများပြန်လည် ပေးဆပ်ရမည်။
- တိုင်းဒေသကြီး / ပြည်နယ်သမဝါယမအသင်းစုချုပ်များမှ ဗဟိုသမဝါယမအသင်းသို့ သတ်မှတ်ကာလအတွင်း ချေးငွေအရင်းနှင့် အတိုးများ ပြန်လည် ပေးဆပ်ရမည်။
- ဗဟိုသမဝါယမအသင်းမှ သမဝါယမဦးစီးဌာန၏ MD Account မှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ် (MEB) သို့နှစ်စဉ် ဖေဖော်ဝါရီလ ပထမပတ်အတွင်းနှင့် ဩဂုတ်လ ပထမပတ်အတွင်း ချေးငွေအရင်းနှင့် အတိုးများပြန်လည်ပေးဆပ်ရမည် ။
- လယ်သမားများထံမှရရှိသည့် Down Payment ရရှိမည့် (၁၀%)ရငွေ၊ လက်ငင်းရောင်းချရငွေ၊ သတ်မှတ်ကာလမတိုင်မီ ပြန်လည်ပေးဆပ်သည့်ငွေတို့ကို သက်ဆိုင်ရာအသင်းအဆင့်ဆင့် လမ်းကြောင်းမှတစ်ဆင့် ဗဟိုသမဝါယမအသင်းသို့ ချက်ချင်းပေးပို့ရမည်။
- ဗဟိုသမဝါယမအသင်းသည် ကိုးရီးယားနိုင်ငံ Daedong နှင့် Shinhan Bank သို့ အရစ်ကျပေးဆပ်ရမည့် စက်ကိရိယာတန်ဖိုးချေးငွေ အမေရိကန်ဒေါ်လာ သန်း (၁၀၀) ကို သတ်မှတ်ရက်များအတိုင်း သမဝါယမဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာန၊ MD-010691 မှတစ်ဆင့် ကိုးရီးယားနိုင်ငံ Daedong နှင့် Shinhan Bank သို့အပြည့်အဝ ပြန်လည်ပေးဆပ်ရမည်။

Daedong လယ်ယာသုံးစက်ကိရိယာများအတွက် Main Service Center များဖွင့်လှစ်ထားရှိမှု

စဉ်	တိုင်းဒေသကြီး/ ပြည်နယ်	ဆက်သွယ်ရမည့် ဖုန်းနံပါတ်	ဆက်သွယ်ရမည့်လိပ်စာ
၁	ရန်ကုန်	09-977242133	အမှတ် (၁၉၄၄) ၊ ပီမိုးနင်းလမ်းနှင့် ရန်ကုန်-ပုသိမ်လမ်းထောင့်၊ လှိုင်သာယာမြို့နယ်
၂	မန္တလေး	09-977242134	အခန်း(၅) ၊ အဆောင်(၈) ၊ (၇၈)လမ်း ၊ ရန်ကုန်-မန္တလေးလမ်း ၊ ကွဲဆည်ကန်၊ ပြည်ကြီးတံခွန်မြို့နယ်
၃	နေပြည်တော်	09-977242135	အမှတ် (PSHM-5) ၊ မင်္ဂလာဒီပရပ်ကွက်၊ ရာဇသင်္ဂဟလမ်း ၊ ဥတ္တရသီရိမြို့နယ်
၄	စစ်ကိုင်း	09-977242134	အမှတ်(၆၈၆)၊နတ်လှူထိပ်ပန်ရပ်၊ မုံရွာမြို့နယ်
၅	ဧရာဝတီ	09-977242137	အမှတ် (၁၈၆/ဂ)၊ကွင်းယားအရှေ့ကျေးရွာအုပ်စု ၊ ကန်ကြီးထောင့်မြို့နယ်
၆	မကွေး	09-977242135	မေလအတွင်း ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

Daedong လယ်ယာသုံးစက်ကိရိယာများအား အာမခံစနစ်ဖြင့်ဝန်ဆောင်မှုပေးမည်

- ❖ လက်တွန်းထွန်စက် DT 100N အား (၃)နှစ်အာမခံပေးမည်။
- ❖ မြင်းကောင်ရေ(၅၀)အားအောက် CK 2810၊ DS 3510 ၊ DS 4110၊ DS 4510၊ EX 50 တို့အား (၁)နှစ် အာမခံ ပေးမည်။ (၁နှစ်ထက်ပို၍ အာမခံပေးနိုင်ရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်)
- ❖ မြင်းကောင်ရေ (၅၀)အားအထက် RX 6020၊ PX 9020၊ DSC 62 နှင့် DSM 72G တို့အား (၁)နှစ် အာမခံပေးမည်။
- ❖ ပျက်စီးသည့်စက်ကိရိယာပစ္စည်းအတွက် အစားထိုးခေတ္တလဲလှယ်ပေးနိုင်ရေး အဆင်သင့်ထားရှိဆောင်ရွက်မည်။
- ❖ အာမခံ(၁)နှစ်အတွင်း ချို့ယွင်းပျက်စီးပါက ဆက်သွယ်ရေးကောင်းသည့်ဒေသများတွင် (၂၄)နာရီအတွင်း၊ ဆက်သွယ်ရေး ခက်ခဲသည့် ဒေသများတွင် (၃) ရက်အတွင်း လာရောက်ပြင်ဆင်ဆောင်ရွက်ပေးနိုင်ရန် စီစဉ်ထားရှိပါသည်။
- ❖ အာမခံ(၁)နှစ်ပြည့်ပြီးသည့်အခါ တိုင်းဒေသကြီး/ပြည်နယ်များရှိ Service Center များမှ အင်ဂျင်နီယာများသည် စက်ပစ္စည်း ပျက်စီးရာနေရာသို့ လာရောက်ပြင်ဆင်ဆောင်ရွက်ပေးပါမည်။ (ထိုသို့ပြင်ဆင်ရာတွင် စက်ပစ္စည်းဝယ်ယူသူမှ စရိတ်ကျခံရ ပါမည်။)
- ❖ ကျေးရွာတွင်လဲလှယ်တပ်ဆင်နိုင်သည့် စက်ပစ္စည်းမျိုးမဟုတ်ပါက Service Center သို့ယူဆောင်၍ ပြင်ဆင်ပေးပါမည်။
- ❖ 72 HP ရိတ်သိမ်းခြွေလှေ့စက်အတွက် အသုံးပြုရမည့်စက်သုံးဆီမှာ Premier Diesel ဖြစ်သည်။ (အခြားစက်သုံးဆီများ အသုံးပြု၍ စက်ပစ္စည်းများပျက်စီးမှုဖြစ်ပေါ်လာပါက Daedong ကုမ္ပဏီမှ အခမဲ့ပြင်ဆင်ပြုပြင်လဲလှယ် ပေးမည်မဟုတ်ပါ။)
- ❖ သုံးစွဲသူ၏အမှားကြောင့် စက်ပစ္စည်းများပျက်စီးခြင်းဖြစ်ပါက Daedongကုမ္ပဏီမှ အခမဲ့ပြင်ဆင်ပြုပြင်လဲလှယ်ပေးမည် မဟုတ်ပါ။
- ◀◀ တစ်ဖက်ဖော်ပြပါ Service Center များ၏ လိပ်စာနှင့်ဖုန်းနံပါတ်များကို ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။
- ❖ လုပ်ငန်းလိုအပ်ချက်ပေါ်မူတည်၍ Service Center များထပ်မံတိုးချဲ့ဖွင့်လှစ်ဆောင်ရွက်သွားပါမည်။

တိုင်းဒေသကြီး/ပြည်နယ်များအလိုက် Daedong လယ်ယာသုံးစက်ကိရိယာပစ္စည်းနှင့်ပတ်သက်၍ နည်းပညာသင်တန်းဖွင့်လှစ်မှု

စဉ်	တိုင်းဒေသကြီး/ ပြည်နယ်	မြို့နယ်	တက်ရောက်မည့် အသင်းသား	ပို့ချမည့် အချိန်	ပို့ချမည့် နေရာ	ပို့ချမည့် နေ့ရက်	သင်တန်းပို့ချပေးမည့်သူ	မှတ်ချက်
၁	နေပြည်တော်	၈	၃၅	၁၃း၀၀ မှ ၁၆း၀၀ ထိ	ဘက်စုံစိုက်ပျိုးရေးခြံ	၁၉-၂-၂၀၁၅ မှ ၂၁-၂-၂၀၁၅ ထိ	ကိုရီးယားသင်တန်းတက်ပြီးသူ(၂)ဦး ၊ (Daedong ကိုယ်စားလှယ် ၊ စက်မှုလယ်ယာဦးစီးဌာန)	ပြီး
		၈	၁၂၅	၉း၀၀ မှ ၁၇း၀၀ ထိ	ပျဉ်းမနားမြို့နယ်အသင်းစု	၁၉-၃-၂၀၁၅	Daedong Industrial Co.,Ltd	
၂	ကယား	၃	၁၅	၉း၀၀ မှ ၁၅း၀၀ ထိ	RTCဝန်း	၁၅-၂-၂၀၁၅ မှ ၁၆-၂-၂၀၁၅ ထိ	ကိုရီးယားသင်တန်းတက်ပြီးသူ(၁)ဦး ၊ စက်မှုလယ်ယာဦးစီးဌာန	ပြီး
၃	စစ်ကိုင်း	၃၁	၂၀၅	၁၀း၀၀ မှ ၁၇း၀၀ ထိ	ချောင်းဦးမြို့နယ်အသင်းစု	၁၇-၁-၂၀၁၅ မှ ၁၈-၁-၂၀၁၅ ထိ	ကိုရီးယားသင်တန်းတက်ပြီးသူ(၂)ဦး၊ Daedong ပညာရှင် (၁) ဦး	ပြီး
		၂၇	၁၂၈	၈း၀၀ မှ ၁၅း၅၀ ထိ		၁၃-၃-၂၀၁၅ ၁၄-၃-၂၀၁၅	Daedongမှ ပညာရှင် (၂)ဦး၊ Family United Power မှ Engineer (၁) ဦး၊ ကိုရီးယားသင်တန်းတက်ပြီးသူ(၂)ဦး	
၄	ပဲခူး	၂၅	၈၉	၉း၀၀ မှ ၁၅း၃၀ ထိ	တိုင်းအသင်းစုချုပ်ရုံး သင်တန်းခန်းမ	၂၈-၂-၂၀၁၅	Daedongမှပညာရှင် (၁)ဦး	ပြီး
		၁၄	၁၀၀	၉း၀၀ မှ ၁၆း၀၀ ထိ	တောင်ငူမြို့နယ်၊ ကောင်းမှုတော် ဘုရားအနီး တောင်သူ၏လယ်မြေ	၇-၅-၂၀၁၅	Daedongမှပညာရှင် (၂)ဦး၊ ကိုရီးယားသင်တန်းတက်ပြီးသူ(၂)ဦး၊ စက်မှုလယ်ယာဦးစီးဌာနမှ (၂)ဦး	Combine Harvester နည်းပညာသင်တန်း
၅	မကွေး	၂၅	၇၆	၉း၀၀ မှ ၁၆း၀၀ ထိ	ဘုရားပြုကျေးရွာ ၊ မကွေးမြို့နယ်	၁၈-၂-၂၀၁၅ မှ ၂၀-၂-၂၀၁၅ ထိ	Daedongမှပညာရှင် (၂)ဦး၊ စက်မှုလယ်ယာဦးစီးဌာန	ပြီး
၆	မန္တလေး	၂၂	၅၀	၈း၀၀ မှ ၁၅း၅၀ ထိ	သမစုချုပ်/နို့ချက်စက်ရုံ	၁၁-၃-၂၀၁၅ မှ ၁၂-၃-၂၀၁၅ ထိ	Daedong မှပညာရှင်များ၊ မန္တလေးတိုင်းဒေသကြီးအသင်းစုချုပ်	ပြီး
၇	မွန်	၇	၉၂	၉း၀၀ မှ ၁၂း၅၀ ထိ	ရာမညအားကစားကွင်း	၁၀-၂-၂၀၁၅ မှ ၁၁-၂-၂၀၁၅ ထိ	Daedong မှပညာရှင်များ	ပြီး
၈	ရန်ကုန်	၉	၁၂၈	၉း၀၀ မှ ၁၅း၅၀ ထိ	လှိုင်သာယာမြို့နယ်စု	၄-၄-၂၀၁၅ မှ ၅-၄-၂၀၁၅ ထိ	ကိုရီးယားသင်တန်းတက်ပြီးသူ ၊ Daedong မှပညာရှင်	ပြီး
		၁၃	၂၀၀	၉း၀၀ မှ ၁၆း၀၀ ထိ	တိုက်ကြီးမြို့နယ်၊ ကျိုက်စကိုင်းကျေးရွာ	၅-၅-၂၀၁၅	Daedongမှပညာရှင် (၂)ဦး၊ ကိုရီးယားသင်တန်းတက်ပြီးသူ(၂)ဦး၊	Combine Harvester နည်းပညာသင်တန်း
၉	ရှမ်း(တောင်)	၇	၃၆	၉း၀၀ မှ ၁၆း၀၀ ထိ	ရွှေညောင် ၊ စိုက်/သုခြံ	၁-၃-၂၀၁၅ မှ ၂-၃-၂၀၁၅ထိ	ကိုရီးယားသင်တန်းတက်ပြီးသူ (၁)ဦး၊ စက်မှုလယ်ယာဦးစီးဌာနမှ ဦးစီးမှူး (၂)ဦး	ပြီး
၁၀	ဧရာဝတီ	၂၆	၁၀၁	၉း၀၀ မှ ၁၆း၀၀ ထိ	ပုသိမ်မြို့ ၊ ကိုးသိန်းအားကစားကွင်း	၆-၃-၂၀၁၅	Daedongမှ ပညာရှင် (၁)ဦး၊ မြန်မာအင်ဂျင်နီယာ (၃)ဦး၊ ကိုရီးယားသင်တန်း တက်ပြီးသူ (၂)ဦး	ပြီး
		၂၆	၁၁၀		ကန်ကုန်းကျေးရွာ၊ ကန်ကြီးဒေါင့်မြို့နယ်	၃၀-၄-၂၀၁၅ မှ ၁-၅-၂၀၁၅ ထိ	Daedongမှပညာရှင် (၂)ဦး၊ ကိုရီးယားသင်တန်းတက်ပြီးသူ(၂)ဦး၊ စက်မှုလယ်ယာဦးစီးဌာနမှ (၂)ဦး	Combine Harvester နည်းပညာသင်တန်း

မှတ်ချက်။ လိုအပ်ချက်ပေါ်မူတည်၍ သင်တန်းများဆက်လက်ဖွင့်လှစ်ဆောင်ရွက်သွားပါမည်။

အလောင်းမင်းတရားနှင့် ရွှေဘို

မောင်သာ(ရှေးဟောင်းသုတေသန)

ယခင်အပတ်မှအဆက်

ရခိုင်ပြည်ကိုချန်လှပ်၍ နိုင်ငံတော်တစ်ခုလုံးကို ပေါင်းစည်းအုပ်ချုပ်ခဲ့သည့် အလောင်းမင်းတရား ဦးအောင်ဇေယျသည် သက္ကရာဇ် ၁၁၁၅ ခုနှစ်မှာပင် မြို့တော်၊ ကျုံး၊ နန်းတော်၊ ရွှေချက်သိုစေတီ၊ ပဟိုရ်စင်၊ နတ်ကွန်းတော်နှင့်ကန်တော်ဟူသော ခုနစ်ဌာနကို တစ်ပြိုင်တည်း ပန္နက်ချကာ ရွှေဘိုမြို့ကို တည်ခဲ့သည်။ မြို့တော်အကျယ်သည် တာ ၂၀၀၀ ဖြစ်၍ တံခါးတော် ၁၀ ခု ထားရှိခဲ့သည်။ မြို့တော်အရှေ့မျက်နှာနှင့် အနောက်မျက်နှာတွင် တံခါးသုံးခုစီနှင့် တောင်မျက်နှာနှင့် မြောက်မျက်နှာတွင် တံခါးနှစ်ပေါက်စီ ပြုလုပ်ခဲ့ပေသည်။

အလောင်းမင်းတရားသည် သက္ကရာဇ် ၁၁၁၉ ခုနှစ်တွင် ဟံသာဝတီကိုအောင်နိုင်ခဲ့ပြီး မြို့တော်ရွှေဘိုသို့ ပြန်လည်ရောက်ရှိလာပြီးနောက် မူလက ထန်းလုံးတပ်အဖြစ်တည်ခဲ့သော ရန်ကြီးအောင်မြို့ကို တံခါးပေါက် ၄၀ ပါသော မြို့ကြီးတစ်မြို့အဖြစ် ၁၁၁၉ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၀ ရက်တွင် တိုးချဲ့တည်ထောင်ခဲ့သည်။ ကုန်းဘောင်ခေတ် မြန်မာနိုင်ငံ၏ မြို့တော်များအနက် ရွှေဘို၊ အမရပူရနှင့် မန္တလေး မြို့များသည် စတုရန်းပုံမြို့ရိုးများဖြင့် လေးထောင့်စပ်စပ် တည်ဆောက်ခဲ့ကြသည်။ အမရပူရမြို့သည် တာဝန်း ၂၀၀၀၊ မန္တလေးမြို့သည် တာဝန်း ၂၄၀၀ ရှိပြီး ရွှေဘိုမြို့သည် တာဝန်း ၄၄၀၀ ဖြစ်သဖြင့် ကုန်းဘောင်ခေတ် စတုရန်းပုံမြို့များတွင် အကြီးဆုံးဖြစ်ပေသည်။

ရွှေဘိုမြို့ဝန်းအတိုင်းအတာသည် အမျိုးမျိုးကွဲပြားနေသဖြင့် ဘိုးတော်ဘုရားဗဒုံမင်းသည် မြန်မာသက္ကရာဇ် ၁၁၇၇ ခုနှစ်တွင် အလုံမြို့ဝန် သီရိဓမ္မာသောက၊ ရတနာသိဃ်မြို့ဝန်ဇေယျသင်္ခ၊ မြို့သူကြီး ဇေယျမဟာဗိုလ်၊ မြို့စာရေးငကောင်း၊ ငဝန်၊ စက်ဘောသစ်တို့အစုံအညီဖြင့် စာရေးကြီးကျော်ထင်နန္ဒမိတ်အား တိုင်းတာစေခဲ့သည်။ ယင်းအဖွဲ့၏ တိုင်းတာချက်အရ ရွှေဘိုမြို့သည် အရပ်တစ်မျက်နှာလျှင် ၁၀၀၁ တာရှိပြီး မြို့လေးမျက်နှာ တာဝန်း ၄၀၀၄ အတိအကျရှိသည့် မြို့ကြီးဖြစ်ကြောင်း တွေ့ရှိကြရပေသည်။ မြို့ရိုးတစ်ဖက်စီတွင် တန်ဆောင်းကြီးတစ်ခု၊ တံခါးပေါင်း ၁၀ ခု၊ ပြတင်းပေါက် ၂၂ ခုစီခန့် ပြုလုပ်ထားသည်။ တံခါးတစ်ပေါက်လျှင် ၁၂ တောင်ခန့် ကျယ်ဝန်းလျက် ကျောက်များစီချထားသဖြင့် ကျောက်တံခါးများဟု ခေါ်တွင်ခဲ့ကြသည်။

မြို့မြေရိုး၏အရှေ့ဘက် ဟန်လင်းတံခါးနှင့် တောင်ဘက်တံခါးတို့သည် ကျုံးနေရာတွင်ရှိနေခြင်းကြောင့် ယခင်မြို့ဟောင်း၏ မြောက်အရပ်နှင့် အနောက်အရပ်ရှိ ကျုံးများကို မြို့သစ်တည်ချိန်တွင် ဖို့ပစ်လိုက်ဟန်ရှိကြောင်း ပညာရှင်တစ်ဦးက သုံးသပ်ခဲ့သည်။

ရွှေဘိုမြို့ရိုးသည် အပြင်မြေသားမြို့ရိုးနှင့် အတွင်းအုတ်မြို့ရိုးဟူ၍ နှစ်ထပ်ရှိရာတွင် အပြင်မြေမြို့ရိုးသည် စတုရန်းပုံတည်ဆောက်ထားခဲ့သော်လည်း ယခုခေတ် ခေတ်မီစနစ်များဖြင့် တိုင်းထွာရေးဆွဲထားသည့် မြေပုံများတွင် စတုရန်းပုံအတိအကျမဟုတ်ဘဲ မြောက်ဘက်မြို့ရိုးသည် အရှေ့မြောက်ထောင့်မှ အနောက် ၄ ဒီဂရီ တောင်ဘက်သို့လည်းကောင်း၊ တောင်ဘက်မြို့ရိုးသည် အနောက်တောင်ထောင့်မှ အရှေ့ ၄ ဒီဂရီမြောက်ဘက်သို့လည်းကောင်း တိမ်းစောင်းနေကြောင်း တွေ့ရှိရပေသည်။ အရှေ့အနောက် မြို့ရိုးများသည်လည်း တောင်မြောက်တန်းမနေဘဲ အရှေ့မြို့ရိုးသည် မြောက်ဘက်တွင် အနောက်သို့၊ အနောက်မြို့ရိုးသည် တောင်ဘက်တွင် အရှေ့သို့ ၂ ဒီဂရီစီ တိမ်းစောင်းနေကြသည်။

အပြင်မြေမြို့ရိုး၏အတွင်း၌ အုတ်မြို့ရိုးတစ်ထပ် ပြုလုပ်ထားရာ လေးဖက်ပတ်လည်အတိုင်းအတာ ၁၅၉၆ တာရှိပြီး အုတ်မြို့ရိုးသည် စတုဂံပုံဖြစ်သည်။ အရှေ့အနောက် (အနံ) ၃၅၂ တာနှင့် တောင်မြောက် (အလျား) ၄၄၆ တာရှိသည်။ တောင်မြောက် (အလျားဘက်)တွင် တံခါးပေါက် သုံးပေါက်စီနှင့် အရှေ့အနောက် (အနံဘက်)တွင် တံခါးပေါက် နှစ်ပေါက်စီ ပြုလုပ်ထားသဖြင့် စုစုပေါင်း တံခါး ၁၀ ပေါက်ရှိသည်။ အုတ်မြို့ရိုးသည် အခြေတွင် တစ်တာခန့်အထုပြုလုပ်ထားပြီး မြို့ရိုးအမြင့်သည် ၁၂ တောင်ဖြစ်သည်။ မြို့ရိုးတစ်လျှောက် ပြအိုး ၂၈ အိုးရှိသည်။ မြို့ရိုးအောက်ခြေမှ ၁၀ ပေအကွာတွင် မြို့ရိုးပတ်လည်တစ်လျှောက် တာ ၂၀ ကျယ်၍ အတောင် ၂၀ နက်သည့်ကျုံးကို တူးဖော်ထားခဲ့ပေသည်။

ဖော်ပြခဲ့သည့် မြေမြို့ရိုးနှင့် အုတ်မြို့ရိုးနှစ်ထပ်၏ အတွင်းဝယ် အလောင်းမင်းတရား၏ နန်းမြို့တော်ရှိသည်။ နန်းမြို့တော်သည် မြို့ရိုးထု တစ်တာ၊ အမြင့် ခုနစ်တောင်ရှိသည်။ အလျား တာ ၁၀၀၊ အနံ ၆၄ တာကို အုတ်ရိုးကာရံထားသည်။ ယင်းအဝန်းအဝိုင်းအတွင်းတွင် အရှေ့ဘက်မှ ၃၄ တာအကွာ၌ ထု ငါးတောင်၊ အမြင့် ငါးတောင်ရှိသော အုတ်ရိုးတစ်ခုကို ထပ်မံကာရံထားပြီး အလယ်တွင် ဗဟိုဝင်ပေါက်တစ်ခု ပြုလုပ်ထားသည်။ ထိုနေရာမှ ၁၅ တာအကွာတွင် ထု လေးတောင်၊ အမြင့် လေးတောင်ရှိသော အုတ်ရိုးကို ထပ်မံကာရံထားပြီး ယင်းအုတ်ရိုး၏အတွင်းပိုင်းတွင် ရွှေပုံမင်္ဂလာနန်းဆောင်များကို ဆောက်လုပ်ထားခဲ့သည်။

အလောင်းမင်းတရား တည်ထောင်ခဲ့သည့် ရတနာသိဃ်၊ ရာဇဌာနီမင်းနေပြည်သည် အလောင်းမင်းတရား ဦးအောင်ဇေယျလက်ထက် (အေဒီ ၁၇၅၂- ၁၇၆၀)နှင့် သားဖြစ်သူ တပယင်းမင်းလက်ထက် (အေဒီ ၁၇၆၀- ၁၇၆၃)တွင် ဘုရင်နန်းစိုက်ရာ နေပြည်တော်ဖြစ်ခဲ့သည်။ ဆင်ဖြူရှင်မင်းလက်ထက်(အေဒီ ၁၇၇၃- ၁၇၇၆) လက်ထက်တွင် ဆင်ဖြူရှင်မင်းသည် ရွှေဘိုတွင် နှစ်နှစ်သာနန်းစံပြီး အင်းဝသို့ပြောင်းရွှေ့နန်းစိုက်ခဲ့သဖြင့် ရွှေဘိုမြို့တော်သည် အေဒီ ၁၇၇၅ ခုနှစ်တွင် ဘုရင်နန်းစိုက်ရာမြို့အဖြစ်မှ အဆုံးသတ်ခဲ့ပေသည်။

ပိုင်နက်နယ်မြေကျယ်ဝန်းကာ အာဏာစက်ကြီးမားခဲ့သည့် တတိယမြန်မာနိုင်ငံတော်ကို ဦးဆောင်တည်ထောင်ခဲ့သူ အလောင်းမင်းတရားကြီး တည်ထားခဲ့သည့် ရွှေဘိုမြို့ မူလနန်းတော်ကား မရှိတော့ပေ။ သို့သော်လည်း နိုင်ငံတော်က မူလပုံစံအတိုင်း နန်းတော်ရာကို ပြန်လည်တည်ဆောက်ထားခဲ့သည်။ အင်္ဂလိပ်တို့အုပ်စိုးခဲ့စဉ်က ရွှေဘို အလောင်းမင်းတရားနန်းတော်ရာနေရာတွင် အကျဉ်းထောင်ပြုလုပ်ခဲ့ပြီး အလောင်းမင်းတရားနန်းစံရာနေရာ၌ ကြိုးတိုက်ပြုလုပ်ကာ အလောင်းမင်းတရားကြီး၏အောင်မြေကို နာမ်နှိမ်ခဲ့ကြောင်း ပြောဆိုမှုများလည်းရှိသည်။

လွန်ခဲ့သော နှစ်ပေါင်း ၂၆၀ ကျော်က ကုန်းဘောင်အင်ပါယာကြီး သန္ဓေတည်ခဲ့ရာ ရွှေဘိုမြို့သည် မြန်မာတို့၏ ဂုဏ်ယူဖွယ် ဘူမိနက်သန်နေရာအဖြစ် မြန်မာ့သမိုင်းတွင် ထင်ရှားစွာ မှတ်တမ်းတင်နိုင်ခဲ့သည်။ အလောင်းမင်းတရား၏ အောင်မြေသည်လည်း နာမည်ကြီးလှပေသည်။ အလောင်းမင်းတရားသည် မြန်မာနိုင်ငံကို သူ့ခေတ်သူ့အခါက ကံဆိုးမိုးမှောင်ကျနေသည့် အခြေအနေမှကယ်တင်ကာ နှစ်ပေါင်း ၁၃၃ နှစ်ကြာတည်တံ့ခဲ့သော ကုန်းဘောင်ခေတ် တတိယနိုင်ငံတော်ကို ထူထောင်ခဲ့သည့် ဘုရင်မင်းမြတ်တစ်ဦးဖြစ်သည်။ သို့ဖြစ်ပေရာ မြန်မာတို့ဂုဏ်ယူလေးစားကြရသည့် အလောင်းမင်းတရားဦးအောင်ဇေယျ တစ်ချိန်သောကာလက ထီးနန်းစိုက်ခဲ့ကာ တတိယမြန်မာနိုင်ငံတော်ကြီးကို ထူထောင်ခဲ့သည့် ရွှေဘိုနန်းမြို့ကို သွားရောက်လေ့လာသင့်ကြပါပေသည်။ ။

အလောင်းမင်းတရားသည် မြန်မာနိုင်ငံကို သူ့ခေတ်သူ့အခါက ကံဆိုးမိုးမှောင်ကျနေသည့် အခြေအနေမှကယ်တင်ကာ နှစ်ပေါင်း ၁၃၃ နှစ်ကြာတည်တံ့ခဲ့သော ကုန်းဘောင်ခေတ် တတိယနိုင်ငံတော်ကို ထူထောင်ခဲ့သည့် ဘုရင်မင်းမြတ်တစ်ဦးဖြစ်

ရွှေပြည်သာစေတီတော်စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်သစ်တင်လှူပူဇော်

ကော့သောင်း မေ ၄

ကော့သောင်းမြို့ ရွှေပြည်သာ ရပ်ကွက် ရွှေပြည်သာကျောင်းတိုက် ဝင်းကုန်းတော်ပေါ်ရှိ ပုဂံအာနန္ဒာ စေတီတော်ပုံတူ ရွှေပြည်သာ စေတီစိန်ဖူးတော်နှင့် ငှက်မြတ် နားတော်သစ်တင်လှူပူဇော်ပွဲ အခမ်းအနားကို မေ ၂ ရက်က အဆိုပါ စေတီတော်ရင်ပြင်တော်၌ ကျင်းပသည်။

အခမ်းအနားတွင် ဆရာတော် သံဃာတော်များထံမှ တက်ရောက်လာသည့် ကော့သောင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးကျော်ဇာနည်လွင်နှင့် ဌာနဆိုင်ရာများ၊ အလှူရှင်များ၊ ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ ဝတ်ရွတ်အဖွဲ့များ၊ ယောဂီများ၊ အလှူရှင်များက စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကိုပင့်ဆောင်၍ စေတီတော်လက်ျာရစ် လှည့်လည်အပူဇော်ခံပြီး စေတီတော်အထွတ်သို့ ပန်းရထားများဖြင့် တင်လှူပူဇော်ကြသည်။ ယင်းနောက် ရွှေမိုးငွေမိုးရွာသွန်းဖြိုးခဲ့ကြောင်း သိရသည်။

ကျော်စိုး(iprd)

မြို့လုံးကျွတ်ဆွမ်းဆန်တော်လောင်းလှူပွဲကျင်းပ

လှိုင်ကော် မေ ၄

ကယားပြည်နယ်ဂုဏ်ဆောင် လွိုင်ကော်မြို့ သမိုင်းဝင်ဆုတောင်းပြည့် မြို့နာမ်ရွှေစေတီတော်မြတ်ကြီး၏ ရင်ပြင်ပတ်လည်၌ (၄၃)ကြိမ်မြောက် မြို့လုံးကျွတ် ဆွမ်းဆန်တော်လောင်းလှူပွဲအခမ်းအနားကို မေ ၂ ရက်က စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ကြောင်း သိရသည်။

စာသင်တိုက်အသီးသီးနှင့် သီလရှင်စာသင်တိုက်ပေါင်း ၄၉ ကျောင်းရှိ သံဃာတော်အရှင်သူမြတ်ပေါင်း ၇၄၇ ပါးနှင့် သီလရှင် ၂၆၅ ပါး စုစုပေါင်း ၁၀၁၂ ပါးတို့ကို ကယားပြည်နယ်ဝန်ကြီးရုံး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မိသားစုဝင်ဝန်ထမ်းများ၊ တပ်မတော်တပ်ရင်းတပ်ဖွဲ့များနှင့် မိသားစုဝင်များ၊ ရပ်ကွက်များမှ အလှူရှင်များက ဆွမ်းဆန်တော်နှင့် လှူဖွယ်ဝတ္ထုတို့ကို စုပေါင်းလာရောက်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

ရဲနောင်(လွိုင်ကော်)

ကျေးရွာချင်းဆက် မြေသားလမ်းချဲ့ထွင်ဖောက်လုပ်ပြီးစီး

ယင်းမာပင် မေ ၄

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ် တောင်ပုကျေးရွာအုပ်စု၌ လမ်းအကျယ် ပေ ၃၀ ခန့်ရှိသော တရော်ကျင်း-ကျောက်ပြုတ်- အိုးဘိုစသည့် ကျေးရွာသုံးရွာချင်းဆက် မြေသားလမ်း ချဲ့ထွင်ဖောက်လုပ်လျက်ရှိရာ ဧပြီ ၂၉ ရက်တွင် လမ်းအရှည်မိုင် ၆ မိုင် ၃ ဖာလုံ အထိ ဖောက်လုပ်ပြီးစီးကြောင်းသိရသည်။

"ကျွန်တော်က ကျောက်ပြုတ်ကျေးရွာသားတစ်ဦးဖြစ်တဲ့အတွက် ရွာနဲ့ အနီးပတ်ဝန်းကျင်မှာရှိတဲ့ မိဘပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်လုပ်ကိုင်ကာ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် သီးနှံကုန်ထုတ်လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ သယ်ယူပို့ဆောင်သွားလာမှု လျင်မြန်လွယ်ကူချောမွေ့စေရေးတို့အတွက် အဓိကရည်ရွယ်ပြီး လှူဒါန်းပေးတာပါ"ဟု အလှူရှင်ဦးသိန်းအောင်က ပြောကြားသည်။

တောင်ပုကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမောင်ထွေးက "ဒီလမ်းဟာ ယခင်က လှည်းလမ်းသာသာပဲရှိပါတယ်။ လမ်းအသုံးပြုသူများအနေဖြင့် အင်မတန်ခက်ခဲခဲ့ပါတယ်။ လမ်းကျဉ်းကာ လမ်းမကောင်းတဲ့အတွက်ကြောင့် အချိန်ကြာမြင့်စွာသွားလာရပြီး ပညာရေး၊ ကျန်းမာရေး၊ စတဲ့အဘက်ဘက်မှာ ပူပင်စိုးရိမ်မှုများ ဖြစ်ခဲ့ရပါတယ်။ ယခုတော့ အလှူရှင်၏ ထောက်ပံ့ကူညီပေးမှုကြောင့် ဒေသခံများရဲ့ လိုအပ်ချက်ပြည့်ဝသွားပါပြီ"ဟု ပြောသည်။

ထွန်းကိုကို(ယင်းမာပင်)

အမြို့မြို့အနယ်နယ် ပျံ့သည့်သတင်းစာ မြန်မာ့အလင်းတွင် ကြော်ငြာပါ

(၄)ကြိမ်မြောက် မဲခေါင်ဒေသအတွင်း လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေး ဝန်ကြီးအဆင့်အစည်းအဝေး ကမ္ဘောဒီးယား၌ကျင်းပ

နေပြည်တော် မေ ၄

(၄)ကြိမ်မြောက် မဲခေါင်ဒေသအတွင်း လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေးဝန်ကြီးအဆင့် အစည်းအဝေး ကို ဧပြီ ၃၀ ရက်က ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ကျင်းပရာ အဆိုပါအစည်းအဝေးသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း၊ ရဲမှူးချုပ် ဝင်းနိုင်ထွန်းနှင့် မဲခေါင်ဒေသအတွင်းရှိ နိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် မဲခေါင်ဒေသအတွင်း လူကုန်ကူးမှုတိုက်ဖျက်ရေးစီမံကိန်း COMMIT (Coordinated Mekong Ministerial Initiative against Trafficking) ၏ တတိယပူးတွဲ ကြေညာ စာတမ်းကို တက်ရောက်လာသည့် ဝန်ကြီး၊ ဒုတိယဝန်ကြီးများက လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့သည်။

အဆိုပါ ကြေညာစာတမ်းမှာ (၁) ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းနှင့် အခြားသော နိုင်ငံတကာ စာချုပ်စာတမ်းများတွင် ဖော်ပြပါရှိသည့် ကျေးကျွန်ပြုမှုပုံစံအားလုံးကို တိုက်ဖျက်မည့် ကတိကဝတ်ကို ခိုင်မာစေခြင်း၊ COMMIT နားလည်မှုစာချွန်လွှာတွင် ပါရှိသည့် လူကုန်ကူးမှုနှင့် စပ်ဆိုင်သည့် နိုင်ငံတကာ စာချုပ် စာတမ်းများ၏အရေးကြီးမှုကို အသိအမှတ်ပြုခြင်း၊ (၂) COMMIT စီမံကိန်း အဖွဲ့ဝင်နိုင်ငံများအကြားတွင်သော်လည်းကောင်း၊ အခြားဒေသများနှင့်သော်လည်းကောင်း၊ လူကုန်ကူးမှု တိုက်ဖျက်ရေးဖိုရမ်များတွင်သော်လည်းကောင်း၊ ကမ္ဘာ့အဆင့်တစ်ခုအဖြစ် ပိုမိုထိရောက်စေရေးအတွက် အတွေ့အကြုံကောင်းများ ဖလှယ်ရေးဆိုင်ရာ ရည်ရွယ်ချက်ကို ခိုင်မာစေခြင်း၊ (၃)လူကုန်ကူးခံရသူ ခွဲခြားသတ်မှတ်မှု လုပ်ငန်းစဉ်များ ပိုမိုတိုးတက်စေခြင်းနှင့် လူကုန်ကူးမှုနှင့် ရွှေ့ပြောင်းသွားလာမှု သံသရာအတွင်းရှိ မည်သည့်နေရာ၌မဆို ရောက်ရှိနေကြသော လူကုန်ကူးခံရသူနှင့် လူကုန်ကူးခံရနိုင်ဖွယ်ရှိသူများအား ကာကွယ်ပေးခြင်းစသည်တို့အတွက် ရည်ရွယ်ဆောင်ရွက်မှုများမှတစ်ဆင့် လူကုန်ကူးခြင်းနှင့် ဆက်စပ်အန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် လည်းကောင်း၊ တရားဝင် လုပ်ဆောင်ပေးမှုအားလုံးသည် လူကုန်ကူးခံရသူ၏ ဘေးကင်းလုံခြုံမှု၊ ဂုဏ်သိက္ခာနှင့် အခွင့်အရေးများကို အဓိကအလေးထားဆောင်ရွက်ပေးနိုင်ရေးအတွက် လည်းကောင်း ကတိကဝတ်ပြုခြင်း၊ (၄) မဲခေါင်ဒေသအတွင်းရှိ နှစ်နိုင်ငံအကြားတွင်သော်လည်းကောင်း၊ မဲခေါင်ဒေသအတွင်းရှိ နိုင်ငံများအကြားတွင်သော် လည်းကောင်း (သီးခြားကဏ္ဍနှင့် သာမန်ကဏ္ဍနှစ်ခုစလုံး)၊ နိုင်ငံတကာအဖွဲ့အစည်းများအကြားတွင်သော်လည်းကောင်း၊ ASEAN ကဲ့သို့သော ဒေသတွင်း အဖွဲ့အစည်းများအကြားတွင်သော်လည်းကောင်း ပေါင်းစပ်လက်တွဲ ဆောင်ရွက်ခြင်းများနှင့် နှစ်နိုင်ငံ/နှစ်ဖွဲ့နှင့် နိုင်ငံစုံ/အဖွဲ့စုံ စသည်ဖြင့် ညှိနှိုင်းဆွေးနွေးတိုင်ပင်ခြင်းများ ဆက်လက်လုပ်ဆောင်သွားနိုင်ရေးအတွက် ခိုင်မာသည့်ရည်ရွယ်ချက်ထားရှိခြင်း၊ (၅) COMMIT ၏ မူဘောင်အရ ညှိနှိုင်းချိတ်ဆက်မှုများ အကောင်အထည်ဖော် ဆောင်ရွက်မည့် အမျိုးသား COMMIT Taskforces များနှင့် သက်ဆိုင်ရာ stakeholders များ၏ စွမ်းရည်ထပ်မံမြှင့်တင်ရေးအပြင် ၎င်းတို့အပေါ်၌လည်းကောင်း၊ ၎င်းတို့၏ လုပ်ငန်းများအပေါ်၌လည်းကောင်း အစိုးရ၏အမြင့်ဆုံး အဆင့်များမှ ခိုင်မာသည့် အထောက်အပံ့များ ဆက်လက် ရရှိစေရေးတို့အတွက် ခိုင်မာသည့် သန္နိဋ္ဌာန်ချမှတ်ခြင်း၊ (၆) လူကုန်ကူးမှုတိုက်ဖျက်ရေး မူဝါဒများ၊ အစီအစဉ် (Programmes) များကို (ဒီဇိုင်းပုံစံထုတ်ခြင်း၊ ရေးဆွဲခြင်း၊ စောင့်ကြည့် အကဲခတ်ခြင်းများ အပါအဝင်)အကောင်အထည်ဖော်ရာတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ လူကုန်ကူးခံရသူများ အကူအညီပေးရေးအဖွဲ့များ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ လူကုန်ကူးခံရနိုင်ဖွယ်ရှိပြီး ရပ်တည်ရန်ခက်ခဲသည့် အသိုက်အဝန်းများ၊ လူကုန်ကူးခံရသူများနှင့် ပုဂ္ဂလိကကဏ္ဍတို့ ပါဝင်စေနိုင်မည့် စစ်မှန်သော ပူးပေါင်းဆောင်ရွက်မှုနည်းလမ်းတစ်ခုရရှိစေရေးအတွက် ခိုင်မာသည့် ကတိကဝတ်ပြုခြင်း၊ (၇)မဲခေါင်ဒေသအတွင်းရှိ COMMIT စီမံကိန်း အဖွဲ့ဝင်နိုင်ငံများ၏ အစိုးရများမှ တာဝန်ခွဲဝေပေးထားသည့် အရင်းအမြစ်များပိုမိုအားကောင်းခိုင်မာစေခြင်းဖြင့် ရေရှည်တည်တံ့ခိုင်မြဲမည့် COMMIT လုပ်ငန်းစဉ်တစ်ရပ်ရရှိစေရေးအတွက် ကောင်းမွန်ခိုင်မာသည့်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ (၈) မည်သည့်လူကုန်ကူးမှုဥပဒေ၊ လူကုန်ကူးမှုမူဝါဒ သို့မဟုတ် လူကုန်ကူးမှုဆိုင်ရာ အရေးယူဆောင်ရွက်မှုများတွင်မဆို တစ်သီးပုဂ္ဂလများနှင့် သူ/သူမတို့၏ အခွင့်အရေးများကို အဓိကထားဆောင်ရွက်ပေးသည့် ချဉ်းကပ် ဆောင်ရွက်မှုတစ်ခု၏ လက်တွေ့ဆန်သည့် သက်ေတတန်ဖိုးအပေါ် ခိုင်မာသော ယုံကြည်မှုရှိခြင်းနှင့် (၉)လူကုန်ကူးမှုများတွင် ပါဝင်ပတ်သက်နေသော မည်သည့် Public နှင့် Private ကဏ္ဍတို့ကိုမဆို ခွင့်လွှတ်ခြင်းမပြုဘဲ အရေးယူမည့် မူဝါဒတစ်ခုကို ထိန်းသိမ်းလိုက်နာခြင်းတို့ဖြစ်သည်။

မဲခေါင်ဒေသအတွင်း လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေး ဝန်ကြီးအဆင့် အစည်းအဝေးများကို (၃) နှစ်တစ်ကြိမ် မဲခေါင်ဒေသတွင်း နိုင်ငံများ အလှည့်ကျကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **မင်းမင်းလတ်**

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြိုင်ပွဲများ ကျင်းပမည်

ရန်ကုန် မေ ၄

၂၀၁၅ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးစားမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာ ပန်းချီပြိုင်ပွဲများ ကျင်းပနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး မူးယစ်ဆေးဝါးပြိုင်ပွဲနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ကကျင်းပရန် စီစဉ်ထားကြောင်း သိရသည်။

ထို့ကြောင့် ရန်ကုန်တိုင်းဒေသကြီးအနေဖြင့် ကာတွန်းပြိုင်ပွဲကို ဇွန် ၆ ရက် နံနက် ၉ နာရီမှ ၁၁ နာရီအထိ လည်းကောင်း၊ ပန်းချီပြိုင်ပွဲကို လသာမြို့နယ် အထက (၂)ကျောင်းရှိ မြည်းလာခန်းမ၌ မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ လည်းကောင်း ကျင်းပသွားမည်ဖြစ်ပြီး ကွန်ပျူတာပန်းချီပြိုင်ပွဲကို သတင်းအချက်အလက် နည်းပညာတက္ကသိုလ် အမှတ် (၂၄/၂၀) သံလွင်လမ်း ရွှေတောင်ကြား (၂) ရပ်ကွက် ဗဟန်းမြို့နယ်၌ ဇွန် ၇ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ လည်းကောင်း၊ ပိုစတာပြိုင်ပွဲကို အထက(၂) ကျောင်းရှိ မြည်းလာခန်းမ၌ မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိလည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။

ထို့ကြောင့် ပြိုင်ပွဲဝင်ပုံစံများကို မေ ၅ ရက်မှစတင်ကာ တကယ့်ဖြစ်ရပ်မှုခင်းမဂ္ဂဇင်း (ရုံးခန်းဟောင်း) မင်္ဂလာတောင်ညွန့် မြို့မရဲစခန်းဘေးတွင် အခမဲ့ ထုတ်ယူနိုင်ပြီး ဖြည့်စွက်ပြီး ပုံစံများကို ဇွန် ၅ ရက်နောက်ဆုံးထား၍မိမိထုတ်ယူခဲ့သည့် တကယ့်ဖြစ်ရပ်မှုခင်းမဂ္ဂဇင်း (ရုံးခန်းဟောင်း)သို့ ပြန်လည်ပေးပို့ရမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ ထုတ်ပြန်ချက်အရ သိရသည်။ **စိုးဝင်း(SP)**

သူငယ်ပြန် သတိမေ့ရောဂါအကြောင်း ပညာပေးဟောပြော

ရန်ကုန် မေ ၄

မြန်မာနိုင်ငံဆရာဝန်အသင်း (သက်ကြီးဆရာဝန်များ ထောက်ကူအဖွဲ့)က ကြီးမှူးပြီး အသက်အရွယ်ကြီးမြင့်သူများတွင် ဖြစ်တတ်သော သူငယ်ပြန်သတိမေ့ရောဂါ (DEMENTIA) အကြောင်း သိကောင်းစရာများအတွက် ဆောင်ရန်၊ ရှောင်ရန်၊ လိုက်နာကျင့်သုံးရန်၊ ဆေးကုသထုံးများအကြောင်း ပညာပေးဟောပြောပွဲကို ဧပြီ ၃၀ ရက် မွန်းလွဲ ၁ နာရီက တာမွေမြို့နယ် တောင်ဘက် မြင်းပြိုင်ကွင်းလမ်း အမှတ် ၁၄ (က) ရှိ သက်ကြီးဆရာဝန်များစင်တာ (Day Core Center)၌ ကျင်းပသည်။

အခမ်းအနားတွင် သက်ကြီးရွယ်အိုများတွင် ဖြစ်ပွားတတ်သော ရောဂါကို အထူးကုဆရာဝန် ဒေါက်တာထွန်းအောင် (Geriatrician- Singapore)က ဗီဒီယိုဆလိုက် ပရိုဂျက်တာဖြင့် ရှင်းလင်းတင်ပြပြီး သက်ကြီးဆရာဝန်များနှင့် စိတ်ပါဝင်စားသူ ၅၀ ကျော် တက်ရောက်ခဲ့ကြသည်။ ထို့နောက် တက်ရောက်လာကြသူများက မရှင်းလင်းသည်များနှင့် သိလိုသောအချက်များကိုမေးမြန်းရာ ဒေါက်တာသန်းထွန်းအောင်က ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်။

အောင်သန်း(မင်္ဂလာတောင်ညွန့်)

မူးယစ်ဆေးဝါး၊ ငွေများနှင့် ရွှေထည်ပစ္စည်းမျိုးစုံ သိမ်းဆည်းရမိ

ကသာ မေ ၄

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး လှစိန်က မူးယစ်ဆေးဝါးများ အရှိန်အဟုန်မြှင့် ဖော်ထုတ်ဖမ်းဆီးရေး ညွှန်ကြားချက်အရ ဝန်းသိုမြို့နယ် ရဲတပ်ဖွဲ့မှူးနှင့် စခန်းမှူးတို့၏ ကြီးကြပ်မှုဖြင့် ဝန်းသိုမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ဇော်လင်းထွန်းနှင့် တပ်ဖွဲ့ဝင်များသည် ကသာခရိုင် မှုခင်းနှိမ်နင်းရေးဌာနမှ ရဲတပ်ကြပ်ကြီး စိုးသန်းအဖွဲ့နှင့် ပူးပေါင်းပြီး မေ ၁ ရက် ည ၁၁ နာရီ မိနစ် ၅၀ ခန့်က မူးယစ်ဆေးဝါးသတင်းအရ ဝန်းသိုမြို့နယ် ကျောက်မဆင်ကျေးရွာနေ မြင့်မောင်၏ နေအိမ်ကို သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေခဲ့ကြသည်။

ထိုသို့ ရှာဖွေကြစဉ် အိမ်ရှင် မြင့်မောင်နှင့်အတူ အောင်လွင်၊ သစ်လွင်၊ မောင်ဝင်း၊ မြင့်အောင်တို့ ငါးဦးကို အသင့်တွေ့ရှိခဲ့ရပြီး ၎င်းတို့နှင့်အတူ Love is flower စာတန်းပါ အစိမ်းရောင် ဆပ်ပြာခွက်အတွင်း ထည့်လျက် ဘိန်းဖြူဟုယူဆရသော ဖြူဝါမှုန့်အလေးချိန် ၁၂ ဒသမ ၀၅ ဂရမ်ခန့်ပါ တစ်ခွက်နှင့် ၁၂ ဒသမ ၀၁ ဂရမ်ခန့်ပါ တစ်ခွက်၊ အပြာရောင်ဆပ်ပြာခွက်ဖြင့်ထည့်လျက် ဘိန်းဖြူဟုယူဆရသော ဖြူဝါမှုန့်အလေးချိန် ၁၃ ဒသမ ၀၁ ဂရမ်ခန့်ပါတစ်ခွက်၊ ပင်နီဆီလင်ပုလင်းဖြင့်ထည့်လျက် ဘိန်းဖြူဟုယူဆရသော ဖြူဝါမှုန့်အလေးချိန် ၀ ဒသမ ၂ ဂရမ်ခန့်ပါ တစ်ပုလင်း၊ ချမ်းစိမ့်စာတန်းပါ အဖြူရောင်ကော်ဘူးဖြင့် ထည့်လျက် ဘိန်းဖြူဟုယူဆရသော ဖြူဝါမှုန့်အလေးချိန် ၄ ဒသမ ၅၅ ဂရမ်ခန့်ပါတစ်ဘူး စုစုပေါင်း ဘိန်းဖြူအလေးချိန် ၄၁ ဒသမ ၈၂ ဂရမ်ခန့်ကိုလည်းကောင်း။

မူးယစ်ဆေးဝါး ရောင်းချရငွေဟု ယူဆရသော မြန်မာငွေစက္ကူ ငွေကျပ် ၈၀၀၀၀၀ ၊ B စာတန်းပါ ရွှေလက်စွပ်တစ်ကွင်း၊ Mစာတန်းပါ ရွှေလက်စွပ်တစ်ကွင်း၊ ရွှေဆံပိ တစ်ခု၊ ရွှေပန်းလက်ကောက်တစ်ကွင်း၊ ဆွဲသီးပါ ရွှေသံကွင်းဆက်ဆွဲကြိုး တစ်ကုံး စုစုပေါင်း ရွှေထည် ပစ္စည်း အလေးချိန် တစ်ကျပ် ၁၂ ပဲ နှစ်ရွေးကို လည်းကောင်း စုစုပေါင်း မူးယစ်ဆေးဝါး၊ ငွေနှင့် ရွှေထည်ပစ္စည်း တန်ဖိုးပေါင်း ငွေကျပ် ၆၁၀၂၀၀၀ ခန့် တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် သက်သေများရှေ့တွင် ရှာဖွေပုံစံဖြင့် ရေးသွင်းသိမ်းဆည်းခဲ့ပြီး ဥပဒေအရ အရေးယူပေးရန် ဒုရဲအုပ်ဇော်လင်းထွန်းက တိုင်တန်းခဲ့သည်။

မူးယစ်ဆေးဝါး၊ ငွေ၊ ရွှေထည်ပစ္စည်းများနှင့်အတူ တွေ့ရှိသူ အိမ်ရှင် မြင့်မောင်(၅၂ နှစ်) ကျောက်မဆင်ကျေးရွာ ဝန်းသိုမြို့နယ်နေသူအပါအဝင် ငါးဦးအား အမှုဖွင့်ကာ စခန်းမှူး ဒုရဲမှူး တင်မောင်ဝင်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဦးရဲ(ကသာ)

နဘားကျေးရွာတွင် နေအိမ်ကိုမီးရှို့သူအား အမှုဖွင့်

အင်းတော် မေ ၄

မေ ၁ ရက်က အင်းတော်မြို့နယ် ပင့်တင်ကျေးရွာနေ ထွန်းညို(ခ) ထွေးညိုမှာ အရက်သောက်စားမူးယစ်ပြီး ၎င်း၏နေအိမ်ကို မီးရှို့ကြောင်း သတင်းအရ အခင်းဖြစ်အရပ်သို့ နဘားရဲကင်းစခန်းမှ ဒုရဲအုပ်နှင့် သက်သေအရန်မီးသတ်တပ်ဖွဲ့တို့သည် ဦးပေါင်းကျေးရွာအုပ်ချုပ်ရေးမှူးတို့နှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

စစ်ဆေးတွေ့ရှိချက်အရ ထွန်းညို(ခ)ထွေးညိုသည် အခင်းဖြစ်အချိန်က ၎င်း၏သား အောင်သန်းမြင့်နှင့်စကားများပြီး နေအိမ်ခေါင်မိုးကို မီးရှို့ခဲ့ရာ ခေါင်မိုးရှိ သက်ငယ်များမီးလောင်ကျွမ်းခဲ့သဖြင့် ရပ်ကွက်နေပြည်သူများက ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ကြသည်။

နေအိမ်ကို မီးရှို့သူ ထွန်းညို(ခ)ထွေးညို (၄၈နှစ်) ပင့်တင်ကျေးရွာ အင်းတော်မြို့ နယ်နေသူကို အင်းတော်မြို့မရဲစခန်းက အမှုဖွင့်ထားပြီး ဒုရဲအုပ်ကျော်မင်းသူက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဦးရဲ(ကသာ)

ကျိုက်ဒုံမြို့တွင် မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းများ ဆောင်ရွက်

ကျိုက်ဒုံ မေ ၄

ကရင်ပြည်နယ် ကျိုက်ဒုံမြို့ NRC နှင့် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားရေး မှတ်ပုံတင်ရေးဦးစီး ဌာနတို့ ပူးပေါင်းဆောင်ရွက်သော မိုးပွင့်အထူးစီမံချက်ဖြင့် အခမဲ့ မှတ်ပုံတင်ကွင်းဆင်းဆောင်ရွက်ပေးခြင်းနှင့် ပေးအပ်ပွဲ အခမ်းအနားကို ဧပြီ ၃၀ ရက်က ကျိုက်ဒုံမြို့ တောင်ပေါ်ကျောင်း၌ ကျင်းပကြောင်း သိရသည်။

အခမ်းအနားသို့ ကရင်ပြည်နယ် ဝန်ကြီးချုပ်တက်ရောက်အမှာစကားပြောကြားပြီး ပြည်နယ်လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံ တင်ရေးဦးစီးဌာန ဦးစီးမှူးက မှတ်ပုံတင်ဆောင်ရွက်ပေးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း၊ ဖာပွန်မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောထွန်းမြအောင်နှင့် တာဝန်ရှိသူများက ရပ်ကွက်နှင့် ပတ်ဝန်းကျင် ကျေးရွာများမှ တိုင်းရင်းသားပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ် ၁၅၆ ကတ်နှင့် အိမ်ထောင်စု လူဦးရေ စာရင်း ၅၅ စောင်ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

နေမျိုးလွင်

မြန်မာ့တော်ဝင်ကျွန်းသစ်များ မူလဘူတ ပေါက်ရောက်ရာဒေသ

ပဲခူးရိုးမ စိမ်းလန်းစိုပြည်ဖို့

သတင်းဆောင်းပါး-ခင်မောင်ထွေး
ဓာတ်ပုံ- ကိုလွင်(ဆွာ)

ပေါက်ခေါင်း-အုတ်တွင်း ပဲခူးရိုးမဖြတ်လမ်းရောက် ခရီးသွားတစ်ဦးအဖို့ မြင်မြင်သမျှက အသစ်အဆန်း ဖြစ်ရ၏။ ရန်ကုန်-မန္တလေးအဝေးပြေးလမ်း အုတ်တွင်း-တောင်ငူ အပိုင်းရောက်ဖို့အရေး ပဲခူးရိုးမအတွင်း လေးနာရီကျော်မျှ ခရီးနှင်ခဲ့ရ၏။

ဒုတိယကမ္ဘာစစ်အတွင်းက တောင်ကုတ်မှ ဆုတ်ခွာလာခဲ့သော ဂျပန်တပ်တော်ကြီးကို မုတ်သုံမိုးနှင့် ငှက်ဖျား၊ အူရောင်ငန်းဖျားရောဂါတို့၏ ထိုးနှက်မှုများ၊ စစ်တောင်းမြစ်ဝှမ်းသို့ ထိုးဖောက် စစ်ဆင်နိုင်ဖို့အရေး နေပြောက်မတိုးသည့် တောကြီးမျက်မည်းအတွင်း နေ့နေ့ညည ဆုတ်ခွာရင်း ဆာလောင်မွတ်သိပ်မှုနှင့်အတူ ဗျာဓိတရား၏ ထပ်ဆင့် ထိုးနှက်မှုများကြောင့်ကျဆုံးခဲ့ရသည့် ဂျပန်စစ်သည်တော်များ အင်အားချည့်နဲ့မှုကြောင့် ပဲခူးရိုးမ၏ နွံတောထဲတွင် ခြေလှမ်းပြန်မနုတ်နိုင်တော့ဘဲ မတ်တတ်ဖြင့်ပင် ဂျပန်စစ်သည်တော်များ ကျဆုံးခဲ့ရာ ပဲခူးရိုးမ။

အာဇာနီတည်ဆောက်ရေးဟူသည့် ကြွေးကြော်သံတို့ အခြေပြုရာ ဗမာပြည်ကွန်မြူနစ်ပါတီ အင်အားကြီးထွားရာ ပဲခူးရိုးမ၊ တပ်မတော်နှင့်ပြည်သူတို့လက်တွဲဆင်နွှဲခဲ့သည့် ဖြတ်လေးဖြတ် စစ်နည်းဗျူဟာ ဗမာပြည်ကွန်မြူနစ်ပါတီ တစ်ဦးတစ်ယောက်မျှ ခြေမချနိုင်လောက်အောင် အကြွင်းမဲ့ချုပ်ငြိမ်းရာ ပဲခူးရိုးမ။

အရည်အသွေးအကောင်းဆုံးကျွန်းသစ်များ၏ မူလဘူတပေါက်ရောက်ရာ (Home of Teak)အရပ်ဒေသ ပဲခူးရိုးမ။

မော်တော်ယာဉ်ပေါ်တွင် ခဏတာ မေးစက်ချင်သောစိတ်ကို ကြွကြွခံကာ ဆိုခဲ့ပါအစဉ်အလာကြီးမားသော ပဲခူးရိုးမကို အချိန်အတန်ကြာ ဖြတ်သန်းလေ့လာ ခွင့်ရခဲ့၍ ကျေနပ်ရ၏။

ပဲခူးရိုးမသည် နေပြည်တော်ကောင်စီ နယ်မြေ၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့ပါဝင်ပြီး ခရိုင် ၁၀ ခရိုင်နှင့် မြို့နယ်ပေါင်း ၃၂ မြို့နယ်အတွင်း တည်ရှိ၍ ဧရိယာ ဧကပေါင်း ၁၂ ဒသမ ၅၂ သန်း ကျယ်ဝန်းပြီး လူဦးရေ ၆ ဒသမ ၃ သန်း ကျော်ရှိသည်။

ပစ္စက္ခတွင်မူ တောင်ကတုံးအချို့နှင့် အရိပ်မဲ့မြင်ကွင်းအချို့နှင့်အတူ နွေနှောင်းရက်လွန် အရွက်မဲ့ ကျွန်းပင်ပျိုတို့ကား ပဲခူးရိုးမကို တန်ဆာဆင်ထား၏။

လူဦးရေတိုးပွားလာမှုနှင့်အတူ သစ်၊ ထင်း လိုအပ်ချက်အတွက် သစ်တောအပေါ် ပိုမိုမှီခိုလာခြင်း၊ တရားမဝင်သစ်ထုတ်ယူခြင်း၊ စိုက်ပျိုးမြေများနှင့် လူနေအိမ်ခြေများ သစ်တောများအတွင်း ကျူးကျော်တိုးချဲ့လာခြင်း၊ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်း၊ ဆည်တာတမံများ တည်ဆောက်ခြင်းနှင့် သစ်တောကြိုးဝိုင်းအတွင်း အခြားမြေအသုံးချမှုများလာခြင်းတို့က ပဲခူးရိုးမသစ်တောဖုံးလွှမ်းမှုလျော့ကျလာခြင်း အကြောင်းရင်းများဖြစ်ကြောင်း သက်ဆိုင်ရာဝန်ကြီးဌာန၏မှတ်တမ်းများအရ သိရသည်။

၁၉၉၀ ပြည့်နှစ်တွင် သစ်တောဖုံးလွှမ်းမှုမှာ ၃၃ ဒသမ ၃ ရာခိုင်နှုန်းရှိခဲ့ပြီး ၂၀၁၀ ပြည့်နှစ်တွင်မူ ၂၅ ဒသမ ၈၃ ရာခိုင်နှုန်းသာ ကျန်ရှိတော့ကြောင်း အဆိုပါ မှတ်တမ်းများအရ သိရသည်။

ထို့ကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေး ဦးစားပေးလုပ်ငန်းများအဖြစ် သဘာဝတောထိန်းသိမ်းခြင်း၊ ဓမ္မတာမျိုးစပ်ခြင်း၊ သဘာဝတော တန်ဖိုးမြှင့်စိုက်ပျိုးခြင်း၊ စိုက်ခင်းတည်ထောင်ခြင်း၊ တရားမဝင်သစ်များဖမ်းဆီးခြင်း၊ သဘာဝကျွန်းတောထိန်းသိမ်းရေး နယ်မြေများ သတ်မှတ်ခြင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်းနှင့် စံပြသစ်တောကျေးရွာများ တည်ထောင်ခြင်း၊ တိုးချဲ့ပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် သစ်တောသုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို ကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

နှစ်စဉ် (၅)နှစ်စီမံကိန်းများ ရေးဆွဲဆောင်ရွက်ခြင်း၊ ပဲခူးရိုးမ စီမံကိန်းလုပ်ငန်း (၁၁)ရပ်ကိုလည်း သတ်မှတ်ဆောင်ရွက်ခြင်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

အလားတူ တောင်ငူခရိုင်တွင် သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစား ကျဆင်းခြင်းမှ ကာဗွန်ထုတ်လွှတ်မှုလျှော့ချနိုင်ရေးအတွက် REDD + စီမံကိန်းနှစ်ခုကို ကိုရီးယားသစ်တောဌာန (KFS)၊ အပြည်ပြည်ဆိုင်ရာ အပူပိုင်းဒေသသစ်နှင့်ပတ်သက်သော အဖွဲ့အစည်း (ITTO)တို့နှင့် ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ သစ်တောဦးစီးဌာနသည် ၂၀၁၁-၂၀၁၂ ခုနှစ်မှ ၂၀၁၄-၂၀၁၅ ခုနှစ်အထိ ပဲခူးတိုင်းဒေသကြီးအတွင်း ပဲခူး၊ တောင်ငူ၊ သာယာဝတီနှင့် ပြည်ခရိုင်အလိုက် စီးပွားရေး (ကျွန်း) စိုက်ခင်းဧရိယာဧက ၁၉၂၀၀ ကို တည်ထောင်စိုက်ပျိုးခဲ့ပြီး ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ကျွန်းစိုက်ခင်း ဧက ၁၀၀၀ တည်ထောင်စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိသည်။

သို့ဖြင့် အရည်အသွေးအကောင်းဆုံး ကျွန်းသစ်များ မူလဘူတပေါက်ရောက်ရာ အရပ်ဒေသ (Home of Teak) ပဲခူးရိုးမတွင် ၁၉၈၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ကျွန်းစိုက်ခင်း ၃၇၁၆၇၇ ဧက၊ ပုဂ္ဂလိက (ကျွန်း)စိုက်ခင်း ၇၂၈၆၅ ဧကနှင့် ပုဂ္ဂလိက(သစ်မာမျိုးစုံ) စိုက်ခင်း ၁၅၇၇၂ ဒသမ ၆ ဧက တည်ထောင်စိုက်ပျိုးထားကြောင်း မှတ်တမ်းများအရ သိရသည်။

ပုဂ္ဂလိက သစ်တောစိုက်ခင်းတည်ထောင်ခြင်းကို အစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် ကြိုးဝိုင်းကြိုးပြင်ကာကွယ်တောများတွင် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ပုဂ္ဂလိက ကျွန်းနှင့်သစ်မာစိုက်ခင်းများ စိုက်ပျိုးတည်ထောင်ခြင်းကို ၂၀၀၆ ခုနှစ်မှ စတင်ခွင့်ပြုပေးလျက်ရှိရာ နိုင်ငံတစ်ဝန်းလုံးတွင် ပုဂ္ဂလိက၊ ကုမ္ပဏီ၊ လုပ်ငန်းရှင်ပေါင်း ၂၆၅၂ ဦးက ရင်းနှီးမြှုပ်နှံလုပ်ကိုင်ဆောင်ရွက်လျက်ရှိပြီး ပဲခူးတိုင်းဒေသကြီး၌ လုပ်ငန်းရှင်ပေါင်း ၄၅၈ ဦးအထိ ရင်းနှီးမြှုပ်နှံလုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သို့ဖြင့် ပဲခူးရိုးမသစ်တော ဖုံးလွှမ်းမှုမှာ ၂၀၁၀ ပြည့်နှစ်တွင် ၂၅ ဒသမ ၈၃ ရာခိုင်နှုန်းမှ ၂၀၁၅ ခုနှစ်တွင် ၂၆ ဒသမ ၂ ရာခိုင်နှုန်းအထိ ပြန်လည်တိုးတက်လာခဲ့သည်။ ယခု နွေရာသီကာလဖြစ်၍ ကျွန်းပင်ပျိုတို့မှာ အရွက်မဲ့နေခြင်းဖြစ်သော်လည်း မိုးရာသီဆိုပါလျှင် ကျွန်းရွက်ဖားဖားကြီးတို့ဖြင့် စိမ်းလန်းလှပသည်ဟု တာဝန်ရှိသူတစ်ဦးက ဆိုသည်။

နွေနှောင်းကာလ ပဲခူးရိုးမရောက် ခရီးသွားတစ်ဦး၏ ပေါက်ခေါင်း-အုတ်တွင်း ရိုးမဖြတ်လမ်းခရီးကား နွေရက်များပီပီ နေ့တာရှည်လှသည်။ သို့နှင့်အမျှ ခရီးအဆုံးက ရောက်လုချေပြီ။

အုတ်တွင်းမြို့နယ် ခပေါင်းကြိုးပြင်ကာကွယ်တောစိုက်ခင်းအမှတ် ၁/၂၀၀၇ စီးပွားရေး (ကျွန်း)ဧက ၁၀၀၀ စိုက်ကွင်းသို့အရောက်တွင်မူ ခရီးလမ်းအတွင်း ပန်းသမျှတို့က လေအဝှေ့တွင် ယိမ်းကနေကြသည့် ကျွန်းပင်ပျိုတို့ကြောင့် နွမ်းသမျှလန်းရပါသည်။

ကျွန်းသစ်ပေါက်ရောက်ရာ မူလဘူတဒေသတစ်ခုအဖြစ် ဆက်လက်တည်တံ့စေပြီး အဆင့်မီကျွန်းတောဧရိယာများ များပြားလာစေရန်နှင့် မြန်မာ့တော်ဝင်ကျွန်းသစ်ကို သားစဉ်မြေးဆက်တိုင် မတိမ်ကောမပပျောက်ရေး ထိန်းသိမ်းထားရန် စသည့် ရည်ရွယ်ချက်များနှင့်လည်း လိုက်ဖက်လှပေသည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာရှင်တစ်ဦး၏ "ကျွန်ုပ်တို့သည် ကမ္ဘာမြေကြီးကို ဘိုးဘွားများထံမှ လက်ဆင့်ကမ်းခဲ့ခြင်းမဟုတ်၊ မျိုးဆက်သစ်များထံမှ ခေတ္တငှားရမ်းယူထားခြင်းသာ ဖြစ်သည်"ဟူသည့် ဆိုစကားနှင့်အညီ ပဲခူးရိုးမဒေသစိမ်းလန်းစိုပြည်ရေးကို ဆက်လက်အရှိန်အဟုန်မြှင့် ဆောင်ရွက်ခြင်းဖြင့် မျိုးဆက်သစ်တို့ထံ ပြန်လည်လွှဲပြောင်းပေးအပ်ကြပါစို့။ ။

ကြက်ခြေနီအဖွဲ့နှင့် ကင်းထောက်လူငယ်များ နွေရာသီသင်တန်းဆင်းပွဲ သီပေါ၌ကျင်းပ

သီပေါ မေ ၄

နွေရာသီကျောင်းအားလပ်ရက်များအတွင်း အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရန်နှင့် နိုင်ငံတော်တွင် သဘာဝဘေးအန္တရာယ်ကြုံတွေ့ရသည့်အခါများ၌ ကြက်ခြေနီအဖွဲ့နှင့် ကင်းထောက်လူငယ်များက ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဝိုင်းဝန်းအထောက်အကူပြု ပါဝင်ကူညီနိုင်စေရေးအတွက် ဦးတည်ဖွင့်လှစ်ခဲ့သည့် ကြက်ခြေနီနှင့် ကင်းထောက်လူငယ်များ သင်တန်းဆင်းပွဲအခမ်းအနားကို မေ ၂ ရက်က ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မြူညီလာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပညာရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး ဒုတိယမြို့နယ်ပညာရေးမှူး ဦးထွန်းထိုက်နှင့် သင်တန်းမှူး ပန်းမြိုင်အမကကျောင်းအုပ် ဦးသန်းလွင်တို့က လူမှုဝန်ထမ်းလုပ်ငန်းများ သက်သက်သာ ဆောင်ရွက်ကြမည့် ကြက်ခြေနီကင်းထောက်လူငယ်များ အနေဖြင့် သင်တန်းစည်းကမ်းများကို လိုက်နာပြီး သင်တန်းပြီးမြောက်အောင် တက်ရောက်ကြသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း စသည်ဖြင့် ပြောကြားသည်။

ဆက်လက်၍ သင်တန်းဆင်းလက်မှတ်များကို မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ သင်တန်းကြီးကြပ်ရေးကော်မတီ အတွင်းရေးမှူး၊ မြို့နယ်ဆေးရုံအုပ် ဆရာဝန်ကြီး ဒေါက်တာနန်းရှုပဟန်နှင့် တာဝန်ရှိသူများက သင်တန်းသားတစ်ဦးချင်းထံသို့ ပေးအပ်ကြသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား ၃၀၀ တက်ရောက်ကြပြီး သင်တန်းကာလ ၁၀ ရက်ကြာမြင့်ခဲ့ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

မီးငြိမ်းသတ်ယာဉ်လွှဲပြောင်းပေးအပ်ခြင်းနှင့် အရေးပေါ်ကယ်ဆယ်ရေးဝတ်စုံများပေးအပ်

တနင်္သာရီ မေ ၄

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ်တွင် မီးသတ်ယာဉ်လွှဲပြောင်း ပေးအပ်ခြင်းနှင့် အရေးပေါ် ရှာဖွေကယ်ဆယ်ရေး ဝတ်စုံများ၊ တူညီဝတ်စုံများ ပေးအပ်ခြင်းအခမ်းအနားကို ဧပြီနောက်ဆုံးပတ်က တနင်္သာရီမြို့ (၅)ယူနစ်စခန်းရှေ့၌ ကျင်းပသည်။ တနင်္သာရီတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဇော်လွင်က ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များကို ကာကွယ်စောင့်ရှောက်ရန်ရည်ရွယ်၍ ယခုကဲ့သို့ မီးသတ်ဦးစီးဌာနနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များအား အထောက်အကူပစ္စည်းများ လွှဲပြောင်းပေးအပ်ထောက်ပံ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက်ဝန်ကြီးက တနင်္သာရီမြို့နယ်မီးသတ်စခန်းတွင် DFAC အမျိုးအစား မီးသတ်ယာဉ်လေးစီးကို လွှဲပြောင်းပေးအပ်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူကလည်းကောင်း၊ အပေါ့စားစက် ၁၀ လုံး၊ အရေးပေါ်ကယ်ဆယ်ရေးဝတ်စုံ အစုံ ၇၀၊ အရန်မီးသတ်တူညီဝတ်စုံ ၂၇၃ စုံကို ထောက်ပံ့ပေးအပ်ရာ မြို့နယ်မီးသတ်ဦးစီးမှူး မျိုးမျိုးနိုင်၊ ချောင်းငယ်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်ငွေနှင့် ချောင်းငယ်အရန်မီးသတ်တပ်ဖွဲ့တပ်ခွဲမှူး အေးနိုင်တို့ကလည်းကောင်း လက်ခံယူကြကြောင်း သိရသည်။ **ဖိုးရွှေသွန်း(ထားဝယ်)**

ကိုယ်အားကိုယ်ကိုး လျှပ်စစ်မီးဖြင့် ဘက်ထရီအိုးအားသွင်းရာ အုတ်ညှပ်နှစ်ထပ်တိုက် (ကုန်စုံဆိုင်) မီးလောင်

ကြာအင်းဆိပ်ကြီး မေ ၄

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကြာအင်းဆိပ်ကြီးမြို့နှင့် သုံးမိုင်ခန့်အကွာ ကြခတ်ချောင်းကျေးရွာတွင် မီးလောင်မှု ဖြစ်ပွားကြောင်း ဖုန်းသတင်းအရ ကြာအင်းဆိပ်ကြီးမြို့မ ခေတ္တစခန်းမှူး ရဲအုပ်ဇော်လင်းနှင့်အဖွဲ့၊ မြို့နယ်မီးသတ်ဦးစီးဌာန လက်ထောက်မီးသတ်ဦးစီးမှူး ဦးဇော်ညီညီလွင်တို့ သွားရောက်စစ်ဆေးခဲ့သည်။

ဖြစ်စဉ်မှာ ဧပြီ ၃၀ ရက် ည ၇ နာရီခန့်က ဖိုးလူမင်း(၃၅နှစ်) ကြခတ်ချောင်းကျေးရွာ ကြာအင်းဆိပ်ကြီး မြို့နေသူသည် မိသားစုနှင့်အတူ နေအိမ်မှ လေးဖာလုံခန့်အကွာ ကရင်စု ကြခတ်ချောင်းကျေးရွာရှိ ယောက္ခမဖြစ်သူ ဦးမောင်လေ၏ နေအိမ်သို့ ထမင်းစားသွားခဲ့ရာ ည ၈ နာရီခွဲခန့်တွင် နေအိမ်အောက်ထပ်ရှိ ကျေးရွာကိုယ့်အားကိုယ်ကိုးလျှပ်စစ်မီးဖြင့် အင်ဗာတာနှင့် ဘက်ထရီအိုးအားသွင်းထားခဲ့ရာမှ ဝိုင်ယာကြိုးရှော့ခ်ဖြစ်ပြီး အုတ်ညှပ်နှစ်ထပ်တိုက် ကုန်စုံဆိုင်ကို မီးလောင်ကျွမ်းခဲ့သဖြင့် ကျေးရွာရှိ လူများက ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ရာ ည ၁၀ နာရီခွဲခန့်တွင် မီးလုံးဝငြိမ်းသွားခဲ့သည်။

မီးလောင်ကျွမ်းမှုကြောင့် လူနှင့်တိရစ္ဆာန်များထိခိုက်မှုမရှိကြောင်းသိရပြီး မီးလောင်မှုနှင့်ပတ်သက်၍ မီးပေါ့ဆသူ ဖိုးလူမင်းကို ကြာအင်းဆိပ်ကြီးမြို့နယ်ရဲစခန်းက စစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **စိုးထက်အောင်(ကော့ကရိတ်)**

သစ်တောသစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

မူလတန်းဆရာအတတ်ပညာ အထူးသင်တန်းဖွင့်

ညောင်လေးပင် မေ ၄

၂၀၁၄-၂၀၁၅ ပညာသင်နှစ် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်ဘွဲ့ရဆွဲခန့် မူလတန်းသင်ကြားရေးတာဝန်ယူနေသည့် ဆရာ ဆရာမများ၏ မြို့နယ်အခြေပြု မူလတန်းအတတ်ပညာ အထူးသင်တန်းဖွင့်ပွဲအခမ်းအနားကို ညောင်လေးပင်မြို့ စက်ရုံလမ်းရှိ အထက(ခွဲ)၌ ဧပြီ နောက်ဆုံးပတ်က ကျင်းပသည်။

ရှေးဦးစွာ သင်တန်းဖွင့်ပွဲတွင် ပဲခူးခရိုင်ပညာရေးမှူး ဦးရဲလွင်က အမှာစကားပြောကြားပြီး သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် ဆရာ ဆရာမ ကျင့်ဝတ်များကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ကံက ဆရာ ဆရာမများ၏ ဆောင်ရွက်ရမည့်လုပ်ငန်းဆောင်တာများကို လည်းကောင်း၊ မြို့နယ်ပညာရေးမှူး ဒေါ်ခင်သန်းနုက သင်တန်းစည်းကမ်းချက်များနှင့် သင်တန်းသားသင်တန်းသူများအား သင်ကြားရမည့်ဘာသာရပ်များနှင့် ပတ်သက်ပြီး အကျယ်တဝင့်ရှင်းလင်းပြောကြားသည်။

သင်တန်းကာလမှာ တစ်လကြာသင်ကြားမည်ဖြစ်ကာ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၄၇ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

နေလင်း(ညောင်လေးပင်)

ယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲကျင်းပ

မန္တလေး မေ ၄

မန္တလေးမြို့ချမ်းအေးသာစံမြို့နယ် ရန်မျိုးလုံရပ်ကွက်မှကြီးမှူး၍ ဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲအခမ်းအနားကို မေ ၁ ရက်က ဇေယျမင်္ဂလာရာမနန်းဦးတိုက် မင်းကျောင်းဗုဒ္ဓရောင်ခြည်ဓမ္မာရုံ၌ ကျင်းပသည်။

သင်တန်းတွင် ထူးချွန်ဆုရရှိသူများနှင့် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသည့် သင်တန်းသားသင်တန်းသူများကို ဆရာတော်နှင့် သင်တန်းနည်းပြ ဆရာတော်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်မိုးမောင်မောင်နှင့် တာဝန်ရှိသူတို့က ဂုဏ်ပြုဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

တင်မောင်(မန်းကိုယ်ပွား)

ဇနီးအဖြစ်မှစွန့်ပစ်ခြင်း

ကျွန်တော် ဦးအောင်နွယ် ၁၃/လရန(နိုင်)၁၅၅၄၇၂ ၏ဇနီး ဒေါ်ဇာနည်အောင် ၁၃/လရန(နိုင်)၁၃၂၈၆၃သည် လူမှုရေးဖောက်ပြန်မှုများ အကြိမ်ကြိမ်ပြုလုပ်ခဲ့ပါသဖြင့် ယနေ့မှစ၍ အမွေခံဇနီးမယားအဖြစ်မှ အပြီးအပိုင် စွန့်ပစ်လိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးအောင်နွယ်
၁၃/လရန(နိုင်)၁၅၅၄၇၂

တောင်ကြီးခရိုင်အတွင်းရှိ လမ်း၊ တံတားလုပ်ငန်းများဆောင်ရွက်

နေပြည်တော် မေ ၄

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် ဒုတိယညွှန်ကြားရေးမှူးချုပ် (တံတား) အင်ဂျင်နီယာချုပ်(လမ်း) နှင့် တာဝန်ရှိသူများနှင့်အတူ ဧပြီ ၃၀ ရက် နံနက်ပိုင်းက နေပြည်တော်မှ ရန်ကုန်-မန္တလေးလမ်းဟောင်းအတိုင်း ပျော်ဘွယ်-ဘုရားငါးဆူ-ကလော-တောင်ကြီးလမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးရာ ယုဇနဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ B.O.T စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသည့် ရမည်းသင်း-မိတ္ထီလာလမ်းပိုင်း မိုင်တိုင် ၂၉၀/၀ မှ၃၃၈/၀ထိ လမ်းမိုင် ၄၈ မိုင် လေးလမ်းသွားအဖြစ် တိုးချဲ့ဆောက်လုပ်နေမှုနှင့်ပတ်သက်၍ လုပ်ငန်းပြီးစီးမှုအခြေအနေများ၊ သတ်မှတ်ကာလအချိန်မီပြီးစီးရေး လိုအပ်ချက်များကို ခရိုင်အင်ဂျင်နီယာမှူးများက ပေါင်းစပ်ညှိနှိုင်းကူညီဆောင်ရွက်ရန်၊ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဖြစ်သည့် လမ်းပေါက်ဖာခြင်း၊ လမ်းဘေးဝဲ/ယာ ချုံခုတ်တောရှင်းခြင်း၊ လိုအပ်သည့်နေရာများတွင် လမ်းပခုံးဖြည့်ဖို့ခြင်း၊ လမ်းနယ်ကျောက်တိုင်နှင့် သတိပေးဆိုင်းဘုတ်များတပ်ဆင်ရေး မှာကြားသည်။ ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များသည် မိတ္ထီလာ-တောင်ကြီးလမ်း၊ ပျော်ဘွယ် - ဘုရားငါးဆူလမ်း၊ သာစည်- သပြေဝလမ်းကတ္တရာလမ်း တိုးချဲ့ခြင်း၊ ထပ်ပိုးလွှာ၊ ရေပိတ်လွှာခင်းခြင်းလုပ်ငန်းများနှင့် ပတ်သက်၍ လုပ်ငန်းဆောင်ရွက်တိုးတက်မှု အခြေအနေများ၊ မိုင်တိုင် ၂၈/၇ မှ ၂၉/၀ အကြား ပေ ၈၀ ကျော်တံတား ငါးစင်းတည်ဆောက်မှု အခြေအနေများ၊ သုံးနှစ်စီမံချက်ဖြင့် ဆောင်ရွက်မည့် နမ့်ပန်တက်-ကလော- တောင်ကြီးလမ်း မိုင်တိုင် ၅၃/၄နှင့် ၁၁၆/၀ အပိုင်း ၁၂ပေအကျယ်မှ ၂၄ ပေ အကျယ်တိုးချဲ့ အဆင့်မြင့်တည်ဆောက်မည့် လုပ်ငန်းစီမံချက်များ ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲ၊ ဆက်လက်ဆောင်ရွက်မည့် အခြေအနေ တင်ပြချက်များနှင့် ပတ်သက်၍ စံချိန်စံညွှန်းပြည့်မီရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ သတ်မှတ်ချိန်လုပ်ငန်းပြီးစီးရေးအတွက် လိုအပ်သည်များ မှာကြားသည်။ ထို့နောက် တောင်ကြီးမြို့ လမ်းဦးစီးဌာန ပြည်နယ်ညွှန်ကြားရေးမှူးရုံး အစည်းအဝေးခန်းမ၌ တောင်ကြီးခရိုင်အတွင်းရှိ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်မည့် လမ်းကိုးလမ်း၊ ပြည်နယ်မှ တာဝန်ယူဆောင်ရွက်မည့်လမ်း ၃၃ လမ်းနှင့် ပတ်သက်၍ ပြည်နယ်ညွှန်ကြားရေးမှူးက ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက စက်ယာဉ်ယန္တရားများ လိုအပ်ချက်ရှိက အမြန်ဆုံးတင်ပြရန်၊ အတက် / အဆင်းလမ်းကွေ့နေရာများတွင် ပြည်သူများအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေး Guard Rallများ၊ လမ်းညွှန်ဆိုင်းဘုတ် အမှတ်အသားများ စိုက်ထူထားရန် မှာကြားခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော လယ်မြေများအား လျော်ကြေးပေးအပ်

လယ်ဝေး မေ ၄

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ အကောင်အထည်ဖော် တည်ဆောက်နေသည့် ၅၀၀ ကေဗွီ မိတ္ထီလာ (သပြေဝ)-နေပြည်တော်-တောင်ငူ မဟာဓာတ်အားလိုင်းတိုင်နေရာနှင့် ချဉ်းကပ်လမ်းများ တည်ဆောက်မှုကြောင့် မလွတ်ကင်းသည့်လယ်မြေများအတွက် လျော်ကြေးငွေပေးအပ်ခြင်းကို မေ ၁ ရက် နံနက် ၉ နာရီက လယ်ဝေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ လယ်ယာမြေလျော်ကြေးများကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ စီမံကိန်းမန်နေဂျာ ဦးသန်းရွှေ ဦးဆောင်သည့် သီးနှံ/ မြေယာ လျော်ကြေးပေးရေးအဖွဲ့နှင့် မြို့နယ်လယ်/စီ ဥက္ကဋ္ဌ ဦးလှရှောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဖွံ့ဖြိုးရေးထောက်အကူပြုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျေးရွာလယ်/စီအဖွဲ့များပူးပေါင်းညှိနှိုင်း၍ လယ်ဝေးမြို့နယ်အတွင်းရှိ ကျေးရွာခုနစ်ရွာမှ တောင်သူ ၉၁ ဦးအား ငွေကျပ် ၃၆၂၉၄၃၆၀ ကို တောင်သူတစ်ဦးချင်းထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။ **မင်းမင်းလတ်(မန်းတက္ကသိုလ်)**

ပြင်ဆင်ဖတ်ရှုပါရန်

မေ ၁ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၂၀) တွင် ပါရှိသော“ပြည်ပပို့ကုန်အဖြစ် တင်ပို့ရောင်းချနိုင်မည့် ကြယ်ပဲစိုက်ပျိုးနိုင်”သတင်း ကော်လံ-၃ ပထမစာကြောင်းပါ **‘တောင်အာဖရိက’** အစား **‘တောင်အမေရိက’** ဟု ပြင်ဆင် ဖတ်ရှုပါရန်။

(မြန်မာ့အလင်း)

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် တန့်ယန်း၌ဖွင့်

တန့်ယန်း မေ ၄

ရှမ်းပြည်နယ်(မြောက်ပိုင်း)တန့်ယန်းမြို့နယ် နမ့်ဟူးလွယ်ကာကျေးရွာ၌ ပညာ့အလင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို မေ ၁ ရက် နံနက် ၉ နာရီက အဆိုပါကျေးရွာစာကြည့်တိုက်၌ ကျင်းပသည်။

ယင်းနောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်နိုင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့တို့က ကျေးရွာစာကြည့်တိုက်အတွက် စာအုပ် စာစောင်များကို ပေးအပ်လှူဒါန်းပြီး အလှူရှင် ဦကျော်လှိုင်က ကျေးရွာစာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေကျပ်တစ်သိန်းနှင့် စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းခဲ့ကြသည်။

အဆိုပါ နမ့်ဟူးလွယ်ကာကျေးရွာ ပညာ့အလင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်မှာ အလျား ၃၂ ပေ၊ အနံ ၂၈ ပေ၊ အမြင့် ၁၀ ပေရှိ သွပ်မိုး၊ အုတ်ကာ၊ သမံတလင်းခင်းအဆောက်အအုံ ဖြစ်ပြီး ကျေးရွာနေပြည်သူများ၏ လှူဒါန်းငွေကျပ် ၃၆ သိန်း အကုန်အကျခံ ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **မင်းလွင်ဦး(iprd)**

UK Degrees

School of Business

BA (Hons) Business
BA (Hons) Accounting and Finance
BA (Hons) Business Administration
MBA

School of Engineering

BEng (Hons) Civil Engineering
BEng (Hons) Architectural Engineering
BA (Hons) Interior Architecture
BSc (Hons) Construction Management

STI MYANMAR UNIVERSITY

www.stiedu.net

- အရည်အသွေးပြည့်သင်ကြားရေးနှင့်ဘက်စုံထူးချွန်သည့်ကျောင်းသားများအဖြစ် အဓိကပျိုးထောင်ပေးပါသည်။
- STI မှသင်တန်းအောင်မြင်ပြီးသူများ၏အလုပ်အကိုင်ရရှိမှုနှင့်လစာရရှိမှုမှာအမြင့်မားဆုံးဖြစ်ပါသည်။
- ကျောင်းသားနှင့် မိဘများ၏ အားရကျေနပ်မှုအကောင်းဆုံး ရရှိထားပါသည်။
- STI မှအဆင့်မြင့်ဒီပလိုမာရရှိပြီးသူများ၊ HND, ABE အဆင့်မြင့်ဒီပလိုမာအောင်မြင်ပြီးသူများ BA (Hons) ဘွဲ့နောက်ဆုံးနှစ် တက်ရောက်နိုင်ပါသည်။

Block-10, MICT Park
လှိုင်တက္ကသိုလ်၊ ရန်ကုန်
Ph: 377988, 507048, 507151, 507152
09 250064451
Email: enquiry@stiedu.net

ရွှေခံအိမ်အဆင့်မြင့်တည်းခိုခန်း

ပန်းဆိုးတန်းသင်္ဘောဆိပ်မှ ၅မိနစ်သင်္ဘောစီး
ဒလဘက်ရောက်လျှင် ၅မိနစ်ဆိုက်ကားစီး

ကျယ်ဝန်းသည်၊ သန့်ရှင်းသည်၊ အခန်းတိုင်းအဲကွန်းရှိသည်။ မီးပျက်လျှင်မီးစက်မောင်းသည်။

(၁၃၉၉) မိုလ်ချုပ်(၁)လမ်း၊ ဗညားဒလရပ်ကွက်၊ ဒလမြို့နယ်။

ဖုန်း ၀၁ ၂၆၉၁၅၅
၀၉ ၂၅၀၆၆၇၀၂၈
၀၉ ၄၉၂၆၂၇၃၉

၈၀၀၀ ကျပ်
၁၂၀၀၀ ကျပ်

“မအေးသီတာ”

ရောက်ရာအရပ်မှ အမြန်ပြန်လာပါ မိသားစုစိတ်ပူနေသည်။

ဒေါ်မီမီတင်
ဖုန်း-၀၉-၅၀၆၆၄၁၇

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဗဟန်းမြို့နယ်နေ ဦးသောင်းညွှန့် ၉/အမရ(နိုင်)၀၆၂၄၆၂-ဒေါ်သောင်းသောင်း ၉/အမရ(နိုင်)၀၆၂၄၆၃တို့၏သမီး မသူဇာ ၉/အမရ(နိုင်)၀၈၆၇၈၉ သည် မိဘတို့၏ ဆိုဆုံးမမှုများကို မနာခံဘဲ မိမိ၏သဘောဆန္ဒအလျောက် အိမ်မှဆင်းသွားပါသဖြင့် မသူဇာနှင့်ပတ်သက်သော ကိစ္စအဝဝအား(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ အများသိစေရန် ကြေညာအပ်ပါသည်။

ဦးသောင်းညွှန့်-ဒေါ်သောင်းသောင်း

အများသိစေရန်ကြော်ငြာ

တာမွေမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၄E)၊ မြေကွက်အမှတ်(V-၃၆)၊မြေကွက်တည်နေရာအမှတ်(၇၂)၊အောင်မင်္ဂလာလမ်း၊ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက်၊ဦးတင်မောင်၊ဒေါ်မြသောင်းအမည်ပေါက်နှစ်(၃၀)ဂရန်မြေကိုအမည်ပေါက်များထံမှပိုင်ဆိုင်ကြောင်းစာချုပ်-၉၂၀၄/၁၄(၂၂-၁၂-၂၀၁၄)အရဒေါ်ကြည်ကြည်ခိုင်(၁၂/တမန(နိုင်)၀၂၁၀၂၈)၊ဒေါ်ကေသီခိုင်(၁၂/တမန(နိုင်)၀၈၃၂၃၉)၊ဦးဇော်မင်းအောင်(၁၂/တမန(နိုင်)၁၈၃၄၀၁)တို့မှပိုင်ဆိုင်လာပြီးဂရန်မူရင်းပျောက်ဆုံးကြောင်းတင်ပြ၍ဂရန်မိတ္တူလျှောက်ထားလာခြင်းအားဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီဆောင်ရွက်ပြီးကန့်ကွက်သူမရှိသဖြင့်ဂရန်မိတ္တူထုတ်ပေးပြီးဖြစ်၍မူလဂရန်ထုတ်ပေးထားသည့်ဦးတင်မောင်နှင့်ဒေါ်မြသောင်းအမည်ပေါက်နှင့်နှစ်(၃၀)မြေငှားစာချုပ်(ဂရန်)မူရင်းစာအုပ်အားမြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှပယ်ဖျက်ပြီးဖြစ်ကြောင်းအသိပေးကြေငြာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

နိုင်ငံတကာ အသိအမှတ်ပြု ကွန်ပျူတာဘွဲ့ကို ပြည်တွင်း၌ပင် ရယူနိုင်မည့် အခွင့်အလမ်းများ

ပညာရေး ဆွေးနွေးပွဲ

- တက္ကသိုလ်ဝင်တန်းဖြေဆိုအောင်မြင်ထားပြီးသူများ ကြိုတင်ပြင်ဆင်ထားသင့်သည့် နိုင်ငံတကာ တက္ကသိုလ်ကြီးများ၏ သင်ကြားမှုပုံစံနှင့် တတ်ကျွမ်းမှုကိုစစ်ဆေးအကဲဖြတ်သည့်နည်းလမ်းများ၊
- B.Sc (Hons) Computing (UK) ဘွဲ့ကို ပြည်တွင်း၌ပင် 3+0 (သို့) 2+1 ပုံစံဖြင့်တက်ရောက် သင်ယူနိုင်မည့် အခွင့်အလမ်းများ၊
- မိမိအရည်အချင်းရှိသလောက် အမြင့်မားဆုံးအောင်မြင်မှုကို ရယူလိုသောလူငယ်များအတွက် စောင့်ကြိုနေသော IT အလုပ်အကိုင် အခွင့်အလမ်း အမျိုးမျိုးစသည်ကို ဆွေးနွေးပြောကြားပေးမည်ဖြစ်သည်။

နေ့ရက် ။ ။ ၉.၅.၂၀၁၅
အချိန် ။ ။ နံနက် ၁၀း၀၀ နာရီ မှ ၁၂း၀၀ နာရီထိ
နေရာ ။ ။ GUSTO International College
အမှတ် ၂၈၉ (A)၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

* လူဦးရေ ကန့်သတ်ထားပါသဖြင့် မိမိတို့၏နေရာ သေချာစေရန် ကြိုတင် စာရင်းပေးသွင်းပြီး အခမဲ့တက်ရောက်နိုင်ပါသည်။

Call Now : 09 86 288 06 / 09 730 313 02

သတ္တုတွင်းဝန်ကြီးဌာန
ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနအတွက် အောက်ဖော်ပြပါပစ္စည်းများကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဂိုဒေါင်အရောက်တန်ဖိုး (DDP နေပြည်တော်/ရန်ကုန်)မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(က)	ဘူမိဗေဒကွင်းဆင်းလုပ်ငန်းသုံးစက်ပစ္စည်း	၄ မျိုး
(ခ)	မြေတိုင်းကွင်းဆင်းလုပ်ငန်းသုံးစက်ပစ္စည်း	၁ မျိုး
(ဂ)	ဓာတုဗေဒဓာတ်ခွဲခန်းသုံးစက်ပစ္စည်း	၆ မျိုး
(ဃ)	သေလဗေဒဓာတ်ခွဲခန်းသုံးစက်ပစ္စည်း	၂ မျိုး
(င)	ဓာတုဗေဒဓာတ်ခွဲခန်းနှင့်သေလဗေဒဓာတ်ခွဲခန်းသုံး ဓာတ်ဆေးနှင့်လုပ်ငန်းသုံးပစ္စည်း	၆၆ မျိုး
(စ)	လွှန်တူးလုပ်ငန်းသုံးပစ္စည်း	၅၂ မျိုး

၂။ တင်ဒါတင်သွင်းခြင်းကို ၂၉-၄-၂၀၁၅ရက်မှ ၂၉-၅-၂၀၁၅ရက် ၁၆း၀၀နာရီအတွင်း မည်သူမဆို လွတ်လပ်စွာ တင်သွင်းနိုင်ပါသည်။ တင်ဒါပုံစံနှင့် အသေးစိတ် အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းထုတ်ယူနိုင်ပါသည်။

ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန
ဝယ်ယူရေးနှင့်ထောက်ပံ့ရေးဌာနစု
မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ ရာဇသင်္ဂဟလမ်း၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၄၀၇၉

ငွေရတုမင်္ဂလာရက်မြတ်ဆုမွန်လွှာ

ကျေးဇူးရှင်ချစ်ဖေဖေနှင့် ကျေးဇူးရှင် ချစ်မေမေတို့၏ ၅-၅-၂၀၁၅ ရက်တွင် ကျရောက်သော (၂၅)နှစ်ပြည့် ငွေရတုမင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာ မိသားစုနှင့်အတူ ကျန်းမာ၊ ချမ်းသာစွာ ကုသိုလ်တရားပွားများနိုင်စေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ချစ်သမီးကြီး ချင်းမ - 4th Year English DISTANCE
4th Civil , A.I.T ခေတ္တ BANGKOK
ချစ်သားကြီး ဆလုံ - 2nd Year M.C.E, Y.T.U Yangon
ချစ်သားငယ် ဆလံ - အထက(၁)၊ ဒဂုံ

SEVEN စံ မြေကွက်ရောင်းဝယ်ရေး

ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်းရှိ မြေကွက်များ ရောင်းလိုပါသလား?
SEVEN စံ နဲ့ဆက်သွယ်လိုက်ပါ။
အိမ်အရောက်ငွေပေးချေသည်
"ပွဲခလုံးဝမယူပါ"
Ph:09-33333 511, 09-33333 514
09-33333 644

(၃၄)နှစ်ပြည့် မင်္ဂလာဆုတောင်း

ကျွန်တော်/ကျွန်မတို့၏ ကျေးဇူးရှင် အပါကြီး ဦးလှမြင့် (လက်ထောက်ညွှန်ကြားရေးမှူး၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ပြည်မြို့)နှင့် ကျေးဇူးရှင် အမာကြီး ဒေါ်ချိုချိုဝင်းတို့သည် နှစ်ကိုယ်တစ်ဘဝအိမ်ထောင်ခရီးကို အေးအတူပူအမျှ မေတ္တာမယိုင်လဲ သစ္စာခိုင်မြဲစွာ ငယ်ကကျွမ်းနှင့်မခွဲစတမ်း လက်ကမ်းအတူ လျှောက်လှမ်းယူခဲ့သည်မှာ ၅-၅-၂၀၁၅ ရက်တွင် (၃၄)နှစ်ပြည့် မင်္ဂလာရက်မြတ်တိုင်ခဲ့ပြီဖြစ်ပါသည်။ မိဘဝတ္တရားနှင့်အညီ သားသမီးများအပေါ် မေတ္တာရိပ်ပေး၍ ယနေ့တိုင် ဆုံးမလမ်းညွှန်စောင့်ရှောက်လျက်ရှိပါသော အပါကြီးနှင့်အမာကြီးတို့အား နောင်ရွှေရတု၊ စိန်ရတု မင်္ဂလာထက်ကျော်လွန် အသက်ရှည်လက်တွဲကြ၍ အတူလျှောက်လှမ်းနိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ချစ်သမီးကြီး - မသီတာဝင်း (ပြည်တွင်းအခွန်၊ တောင်ငူ)
ချစ်သားကြီး - မောင်ဇော်ဝင်းမြင့် (ပြည်တွင်းအခွန်၊ ဖြူး)-မဖြူဖြူဇင်
ချစ်သားငယ် - မောင်လှိုင်ဘုန်းမြင့် (ပြည်တွင်းအခွန်၊ ရေတာရှည်)-မဖြူအိမွန်
ချစ်သမီးငယ် - မနှင်းနန္ဒာဝင်း First Year (Myanmar)
ချစ်မြေးများ - မရည်မွန်လင်း
- မသော်တာလင်း တောင်ငူမြို့

ပုလဲရတုမင်္ဂလာ

ဖေဖေ ဦးခင်မောင်သွင်(လက်ထောက်အင်ဂျင်နီယာချုပ်) ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း - မေမေ ဒေါ်အေးအေးချို (လက်ထောက်ကထိက) နည်းပညာတက္ကသိုလ်-သန်လျင်တို့၏ ၅-၅-၂၀၁၅ ရက်တွင်ကျရောက်သော နှစ်(၃၀)ပြည့် ပုလဲရတုမင်္ဂလာရက်မြတ်မှသည် ရွှေရတု - စိန်ရတုတိုင်အောင် သက်ရှည်ကျန်းမာ ချစ်ကြင်စွာဖြင့် သာသနာ့အကျိုးသယ်ပိုးနိုင်စေရန် ဆုမွန်ကောင်းတောင်းလျက်-

သား - သွင်သန့်ဇင်-ယဉ်မိုးသူ
တောင်ကြီးမြို့

အထူးကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ တက္ကသိုလ်ရိပ်သာလမ်း၊ အမှတ် ၆၁ နေ ဒေါ်ကြည်ကြည်ဒိုင် ၁၂/ဒဂန(နိုင်)၀၂၆၂၁၇ (AC-၀၄၂၈၄၆)က ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ ဗိုလ်ရာညွန့်လမ်း၊ အမှတ် ၃၃ နေ ဒေါ်မြသီတာ ၁၂/ဒဂန(နိုင်)၀၂၂၈၆၇ အား ရန်ကုန်တိုင်းဒေသကြီး၊ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် လွှဲအပ်ပေးသော အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၀၆၁၅/၂၀၀၆ အား ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်ကြည်ကြည်ဒိုင်
၁၂/ဒဂန(နိုင်)၀၂၆၂၁၇
အမှတ် ၆၁၊ တက္ကသိုလ်ရိပ်သာလမ်း၊
ရွှေတောင်ကြား(၁)ရပ်ကွက်၊
ဗဟန်းမြို့နယ်

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန
သစ်တောဦးစီးဌာန
မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပေါက်မြို့နယ်

သစ်တောဦးစီးဌာန၊ ပခုက္ကူခရိုင်၊ ပေါက်မြို့နယ်ရှိ အောက်ဖော်ပြပါပုံစံ(၈)သစ်လုံး/ခွဲသား/တိုင်များအား ပေါက်မြို့နယ်၊ သစ်တောဦးစီးဌာန၊ မြို့နယ်ဦးစီးဌာနမှူးရုံးတွင် လက်ရှိမျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချပါမည်။
တိုင်းကျော်သယ်ယူခွင့်မပြုပါ။

စဉ်	မြို့နယ်	ပစ္စည်းအမျိုးအမည်	တန်ပမာဏ	လေလံတင်ရောင်းချမည့်ရက်
၁	ပေါက်	ကျွန်း/သစ်မာ/အခြား (သစ်/ခွဲသား) ကျွန်း/သစ်မာ/အခြား (တိုင်)	၁၇၅·၁၁၉၃တန် ၂၅၅လုံး	၁၆-၅-၂၀၁၅ ရက် ၉း၃၀ နာရီ

လေလံဆွဲဝယ်ယူလိုသူများသည် ၁၅-၅-၂၀၁၅ရက် နောက်ဆုံးထား၍ ပေါက်မြို့နယ်၊ သစ်တောဦးစီးဌာန၊ မြို့နယ်ဦးစီးရုံးတွင် လာရောက်စာရင်းသွင်းလျှောက်ထားပါရန်နှင့် လေလံစည်းကမ်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါလျှင် ဖုန်း-၀၆၂-၄၅၂၈၇သို့ စုံစမ်းမေးမြန်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့ သစ်တောဦးစီးဌာန၊ ပေါက်မြို့နယ်၊ ပခုက္ကူခရိုင်

အမည်မှန်

ဦးစောသိုးမား ၁၄/မအပ(နိုင်)၁၂၁၆၂၇ ၏သမီး အမည်မှန်မှာ မနော်ဂရေစ့်ဆန်းနီချစ် ၁၂/မဂဒ(နိုင်)၁၇၆၈၅၆ ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

မနော်ဂရေစ့်ဆန်းနီချစ်

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၊ လူနေရပ်ကွက်အမှတ် ၄၊ မြေကွက်အမှတ် ၃၇၆(က)၊ ဦးအီဘရာဟင်အမည်ပေါက်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၃၇၆(က)၊ မြို့မလမ်း၊ ၄/တောင်ရပ်ကွက် သာကေတမြို့နယ်ဟုခေါ်တွင်သည့် တစ်ထပ်အုတ်ညှပ်တိုက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ရှိပိုင်ဆိုင်နေထိုင်သူ ဦးကျော်မင်း၊ ဒေါ်နှင်းဟေမာဦးတို့ထံမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက်၊ နေအိမ်တို့နှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထား၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စအား အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးကိုကိုနိုင်
၁၂/တမန(နိုင်)၀၇၃၀၈၅
အမှတ် ၄၈၄၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၀၁၈၃၇၇

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်ပြည့်ဖြိုး၏ ပွဲနင်းအမှတ် 0611/12 SCAR ON RIGHT TEMPLE ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ်အကြောင်းကြားပေးပါရန်။ **ဆက်သွယ်ရန် ဖုန်း-၀၉-၄၁၀၀၄၆၃၅**

နှစ်(၅၀)ပြည့် ရွှေရတုမင်္ဂလာဆုတောင်းလွှာ

အနန္တဂိုဏ်းဝင်ကျေးဇူးရှင်ဖြစ်သော ဖေဖေဦးခင်မောင်မြင့်(ကုန်သွယ်/လယ်ယာ-ငြိမ်း၊ မြန်အောင်) နှင့် မေမေဒေါ်သန်းနွဲ့ (ဆည်းသံသာတီးဟောက်စ်) ကျိတ္တန်းလမ်း၊ မြန်အောင်မြို့ တို့၏ ၅-၅-၁၉၆၅ ရက်မှ ၅-၅-၂၀၁၅ ရက် (ယနေ့)တွင် ကျရောက်သော နှစ် (၅၀)ပြည့် ရွှေရတုမင်္ဂလာခရီးမှသည် နောင်စိန်ရတုနှင့် နှစ်တစ်ရာတိုင်အောင် ဖေဖေ မေမေတို့ ချစ်မြတ်နိုးသော သားသမီးမြေးတို့နှင့် အသက်ရှည်ကျန်းမာ၊ ချမ်းသာရွှင်လန်းစွာဖြင့် ဖြတ်သန်းနိုင်ပါစေကြောင်း မေတ္တာဆုမွန်ကောင်း တောင်းပေးလိုက်ပါသည်။

ဖေဖေနဲ့ မေမေချစ်သော သားသမီးမြေးများ

ကိုမြင့်ဆွေ-(သမီး) (မမူမူသန်း) နဂါးနီဆေးဆိုင်၊ မြန်အောင်မြို့
(မြေး) မခင်ဇာနည်ထွန်း (မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ မြန်အောင်မြို့)
ကိုမြငွေး (Maga Co.,Ltd.)-(သမီး) မသီတာ
(မြေး) ဒေါက်တာခင်သော်တာငွေး (သုခကမ္ဘာဆေးရုံ)
မောင်ကောင်းသီဟငွေး (MRTV-4)
(သား) ဒေါက်တာကြည်တိုး-မနွယ်နွယ်စိုး
(မြေး) မောင်ခနတိုး (G-11)၊ မောင်ဣန္ဒြေတိုး(G-6) အထက(၂)
အောင်ဆန်းသူရိယလှသောင်းကျောင်း၊ မင်္ဂလာဒုံ
(သား) ကိုသန်းနိုင် (Marlarmying Co.,Ltd) -မအေးသန္တာရှိန်
(မြေး) မောင်ပြည့်ဘုန်းနိုင် (G-8) အထက(၂) ကမာရွတ်
မောင်စစ်ဖွဲ့မာန် (G-3) အမက(၈)၊ ကမာရွတ်
(သား) ကိုဇော်မိုး (Green Pest Management Co.,Ltd)-
မချိုမာသူ (Green Pest Managemant Co.,Ltd)

ကန့်ကွက်နိုင်ပါကြောင်း

မှော်ဘီမြို့နယ်၊ မြို့မ(၄)ရပ်ကွက်၊ အိမ်ရာအဆင့်(ခပ)၊ အိမ်ရာအကွက်အမှတ် ၅၇နေ ဒေါ်ဝင်းဝင်းနု(ဘ)ဦးစန်းလွင် ISN-၅၃၂၈၀၈ [၁၂/မဂဒ(နိုင်)၀၃၈၂၉၆]ထံမှ ဝယ်ယူပြီးဖြစ်ပါ၍ ပိုင်ဆိုင်မှုအမည်ပြောင်းလဲရန်အတွက် ရုံးကိစ္စများဆောင်ရွက်လိုပါသဖြင့် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှခုနစ်ရက်အတွင်းပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဦးမြင့်ရွှေ
၁၂/မဂဒ(နိုင်)၀၃၅၈၅၆
အမှတ် ၄၈၊ မင်္ဂလာလမ်း၊ ရဲစုတောင်ရပ်ကွက်
ဖုန်း-၀၉-၄၃၁၁၃၇၉၇



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရာထူးဝန်အဖွဲ့
Union Civil Service Board
လျှောက်လွှာခေါ်ယူခြင်း

ကြော်ငြာစာအမှတ်၊ ၅ / ၂၀၁၅
၁၃၇၇ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက်
(၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၈ ရက်)

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးများအတွက် လျှောက်လွှာတင်သွင်းနိုင်ပါသည်-

စဉ်	ရာထူး		လစ်လပ်	ပညာအရည်အချင်း
(က)	ဦးစီးအရာရှိ	(အမျိုးသား)	၄ နေရာ	မဟာဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ/အင်္ဂလိပ်ဘာသာ)
		(အမျိုးသမီး)	၄ နေရာ	
(ခ)	ဦးစီးအရာရှိ	(အမျိုးသား)	၂ နေရာ	မဟာကွန်ပျူတာသိပ္ပံဘွဲ့/မဟာကွန်ပျူတာနည်းပညာဘွဲ့
		(အမျိုးသမီး)	၂ နေရာ	
(ဂ)	ဦးစီးအရာရှိ	(အမျိုးသား)	၃ နေရာ	မဟာဥပဒေဘွဲ့
		(အမျိုးသမီး)	၂ နေရာ	
(ဃ)	ဦးစီးအရာရှိ	(အမျိုးသား)	၃ နေရာ	မဟာဝါဏိဇ္ဇဘွဲ့
		(အမျိုးသား)	၂ နေရာ	မဟာစီးပွားရေးပညာဘွဲ့(စာရင်းအင်း)
		(အမျိုးသမီး)	၂ နေရာ	
		(အမျိုးသား)	၂ နေရာ	မဟာစီးပွားရေးပညာဘွဲ့(ဘောဂဗေဒ)
		(အမျိုးသမီး)	၂ နေရာ	
		(အမျိုးသား)	၂ နေရာ	ဝါဏိဇ္ဇဘွဲ့ရရှိပြီးလက်မှတ်ရပြည်သူ့စာရင်းကိုင်အောင်လက်မှတ်ရရှိသူ
		(အမျိုးသမီး)	၂ နေရာ	

၂။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊
(ခ) ၂၈ - ၅ -၂၀၁၅ ရက်နေ့တွင် အသက် ၃၅ နှစ် (ဝန်ထမ်းဖြစ်ပါက အသက် ၄၀ နှစ်)ထက် မကျော်လွန်သူဖြစ်ရမည်၊
(ဂ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

၃။ လျှောက်လွှာကို ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ ရုံးအမှတ်(၁၇)၊နေပြည်တော်(သို့မဟုတ်)သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးများ၌ ဝယ်ယူလျှောက်ထားနိုင်ပြီး ၂၈-၅-၂၀၁၅ရက်နေ့ အရောက် လူကိုယ်တိုင်(သို့မဟုတ်)စာတိုက်မှတစ်ဆင့် နေပြည်တော်(သို့မဟုတ်)သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ရုံးတို့ထံ ပေးပို့လျှောက်ထားရမည်၊ **လျှောက်ထားရာတွင် မိမိတို့အမှန်တကယ် ရေးဖြေစာမေးပွဲဖြေဆိုမည့် နေပြည်တော်(သို့မဟုတ်)သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်စာစစ်ဌာနကို တိတိကျကျဖော်ပြလျှောက်ထားရမည်ဖြစ်ပြီး အဆိုပါစာစစ်ဌာန၌သာ ရေးဖြေစာမေးပွဲကို ဖြေဆိုခွင့်ပြုမည်ဖြစ်ပါသည်။ လျှောက်လွှာပိတ်ရက်ထက် ကျော်လွန်ပေးပို့လာသော လျှောက်လွှာများကို လက်ခံမည်မဟုတ်ပါ။**

၄။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ ၅၀ဝိ/- ပေးသွင်းရမည့်နည်းလမ်း၊ ရေးဖြေ၊ နှုတ်ဖြေစစ်ဆေးမှုအတွက် လေ့လာရန် လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ဤအဖွဲ့၏ ၃-၃-၂၀၁၄ ရက်စွဲပါစာအမှတ်၊ ၂၂၁ /ရွေးချယ်ရေး (အဓိက)၂၀၁၄ ဖြင့် ထုတ်ပြန်ထားသော **ပြည်ထောင်စုရာထူးဝန်အဖွဲ့က ကြော်ငြာခေါ်ယူသောရာထူးများအတွက် လျှောက်လွှာတင်သွင်းသူများ လိုက်နာရန် လမ်းညွှန်ချက်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်ဖြစ်သည်။

၅။ **ဝန်ထမ်းများသည်** မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့်ဌာနအကြီးအကဲမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ ရုံးအမှတ်(၁၇)၊ နေပြည်တော်သို့ ပေးပို့ရမည်။ ကြိုတင်လျှောက်လွှာတစ်စောင်ကို ဓာတ်ပုံအပိုတစ်ပုံနှင့်အတူ ပြည်ထောင်စုရာထူးဝန်အဖွဲ့သို့ဖြစ်စေ၊ မိမိစာမေးပွဲဖြေဆိုမည့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးသို့ဖြစ်စေ ၂၈-၅- ၂၀၁၅ရက်နေ့အရောက်ပေးပို့ရမည်။

၆။ ရေးဖြေစာမေးပွဲကို **နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်စာစစ်ဌာနများတွင်** ကျင်းပမည်။ ၂၆-၉-၂၀၁၅ရက်(စနေနေ့)တွင် မြန်မာစာနှင့် အထွေထွေဗဟုသုတဘာသာများကိုလည်းကောင်း၊ ၂၇-၉-၂၀၁၅ရက်(တနင်္ဂနွေနေ့)တွင် အင်္ဂလိပ်စာဘာသာကိုလည်းကောင်းဖြေဆိုရမည်။

၇။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၂၄-၉-၂၀၁၅ ရက်နေ့မှစ၍ နေပြည်တော်နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးများတွင်ထုတ်ပေးမည်။

၈။ အခြားစုံစမ်းမေးမြန်းလိုချက်ရှိပါက ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ ရုံးအမှတ်(၁၇)၊ နေပြည်တော် (တယ်လီဖုန်းအမှတ်၊ ၀၆၇ - ၄၀၉၀၅၂ နှင့် ၀၆၇ - ၄၀၉၄၃၀) (သို့မဟုတ်) သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးများသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

၉။ ဤကြော်ငြာနှင့် လျှောက်လွှာတင်သွင်းသူများ လိုက်နာရန် လမ်းညွှန်ချက်စာစောင်ကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ Website များဖြစ်သော ucsb.imis.com.mm နှင့် www.ucsb.gov.mm တွင်လည်း ဖော်ပြထားပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရာထူးဝန်အဖွဲ့
Union Civil Service Board
လျှောက်လွှာခေါ်ယူခြင်း

ကြော်ငြာစာအမှတ်၊ ၆ / ၂၀၁၅
၁၃၇၇ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက်
(၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၈ ရက်)

၁။ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးအတွက် လျှောက်လွှာတင်သွင်းနိုင်ပါသည်-

ရာထူး		လစ်လပ်	ပညာအရည်အချင်း
ဦးစီးအရာရှိ	(အမျိုးသား)	၂ နေရာ	မဟာဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ/အင်္ဂလိပ်ဘာသာ/လုပ်ငန်းခွင်သုံးအင်္ဂလိပ်စာ)
	(အမျိုးသမီး)	၂ နေရာ	
		၃ နေရာ	မဟာဥပဒေဘွဲ့
		၂ နေရာ	မဟာဝါဏိဇ္ဇဘွဲ့/ဝါဏိဇ္ဇဘွဲ့ရရှိပြီး လက်မှတ်ရပြည်သူ့စာရင်းကိုင်အောင်လက်မှတ်ရရှိသူ
		၄ နေရာ	မဟာစီးပွားရေးပညာဘွဲ့(ဘောဂဗေဒ/စာရင်းအင်း)
	(အမျိုးသား)	၂ နေရာ	တက္ကသိုလ်တစ်ခုခုမှဘွဲ့
	(အမျိုးသမီး)	၁ နေရာ	

၂။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊
(ခ) ၂၈-၅-၂၀၁၅ ရက်နေ့တွင် အသက်၃၅နှစ်(ဝန်ထမ်းဖြစ်ပါက အသက် ၄၀ နှစ်)ထက် မကျော်လွန်သူဖြစ်ရမည်၊
(ဂ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

၃။ လျှောက်လွှာကို ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ရုံးအမှတ်(၁၇)၊နေပြည်တော်(သို့မဟုတ်)သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးများ၌ ဝယ်ယူလျှောက်ထားနိုင်ပြီး ၂၈-၅-၂၀၁၅ ရက်နေ့အရောက် လူကိုယ်တိုင်(သို့မဟုတ်)စာတိုက်မှတစ်ဆင့် နေပြည်တော်(သို့မဟုတ်) သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးတို့ထံ ပေးပို့လျှောက်ထားရမည်။ **လျှောက်ထားရာတွင် မိမိတို့အမှန်တကယ် ရေးဖြေစာမေးပွဲဖြေဆိုမည့်နေပြည်တော်(သို့မဟုတ်) သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်စာစစ်ဌာနကိုတိတိကျကျဖော်ပြလျှောက်ထားရမည်ဖြစ်ပြီး အဆိုပါစာစစ်ဌာန၌သာ ရေးဖြေစာမေးပွဲကို ဖြေဆိုခွင့်ပြုမည်ဖြစ်ပါသည်။ လျှောက်လွှာပိတ်ရက်ထက်ကျော်လွန်ပေးပို့လာသောလျှောက်လွှာများကို လက်ခံမည်မဟုတ်ပါ။**

၄။ ရာထူးတစ်မျိုးထက်ပို၍ လျှောက်လွှာတင်သွင်းလိုပါက ရာထူးတစ်မျိုးစီအတွက် ဝင်ကြေးငွေ ၅၀ဝိ/- ကို သီးခြားပေးသွင်းပြီး ရာထူးအလိုက် လျှောက်လွှာတစ်စောင်စီ သီးခြားတင်သွင်းရမည်။

